မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**

၁၃၈၈ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၃၉)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ အီတလီနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စစ်အလက်ဇန္ဒရာ စကီရာပို သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စစ်အလက်ဇန္ဒရာ စကီရာပို ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။**

သတင်းစဉ်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

စာမျက်နှာ » ၇

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

စာမျက်နှာ » ၈

## ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ



**နေပြည်တော် စက်တင်ဘာ ၅**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ် အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊

*စာမျက်နှာ ၃ ကော်လံ ၄* ✻

C B BANK
Contact Center : 01 231 777 0
www.cbbank.com.mm
contact@cbbank.com.mm
cbbankmyanmar

TRANSACTION BANKING SERVICES
- Account Receivable Solutions
- Account Payable Solutions
- Liquidity Management Solution
- Account Information Solution
- System Integration Solution
- Reconciliation Solution

**မြန်မာ့အလင်း**

# ဒီမိုကရေစီစနစ်အတွက် မရှိမဖြစ်သည့် လိုအပ်ချက်

လူ့အဖွဲ့အစည်းတစ်ခုလုံး တည်ငြိမ်အေးချမ်းရေးနှင့် နေ့စဉ်လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တရားဥပဒေစိုးမိုးရေးက အရင်းခံဖြစ်သည်။ တရားဥပဒေစိုးမိုးရေးတွင် နိုင်ငံသူ နိုင်ငံသားများ ဥပဒေဗဟုသုတ ပြည့်စုံမှု၊ ဥပဒေအသိရှိမှုတို့ကလည်း အရေးပါသည်။ ဥပဒေဟူသည် စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် တစ်မျိုးဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ရပ် တည်ငြိမ်အေးချမ်းရေးအတွက် စည်းနှောင်ပေးသောအရာလည်း ဖြစ်သည်။

တရားဥပဒေစိုးမိုးရေး (Rule of Law) နှင့် စပ်လျဉ်း၍ ရှုထောင့်အမျိုးမျိုး၊ အယူအဆအမျိုးမျိုးတို့ ရှိကြသည်။ အနှစ်သာရ အားဖြင့်မူ-

(၁) ပြည်သူပြည်သားများ၏ ဘဝငြိမ်းချမ်းသာယာရမည်။

(၂) စီးပွားကုန်သွယ်မှုများ စည်ပင်ဝပြောရမည်။

(၃) အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးကောင်းမွန်ချောမွေ့စေရမည်။

(၄) လူမှုရေးဆိုင်ရာ ပြဿနာများကို တရားဥပဒေဖြင့် တရားမျှတစွာ ဆုံးဖြတ်ဖြေရှင်းပေးနိုင်ရမည်။

(၅) လူလူချင်းပဋိပက္ခဖြစ်ပွားမှု၊ အကြမ်းဖက်မှုများကို ရန်တုံ့ပြန်ခြင်းမပြုဘဲ တရားဥပဒေအရ ဖြေရှင်းပေးနိုင်ရမည်။

(၆) သွေးထွက်သံယိုမှုများ၊ မင်းမဲ့စရိုက်အခြေအနေများကို တရားဥပဒေအရ တားမြစ်နိုင်ရမည်။

(၇) စီးပွားကုန်သွယ်မှု ချောမွေ့စေရန် လိုအပ်သော တရားဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်ပေးရမည်။

ပဋိညာဉ်များကို လေးစားလိုက်နာကြရမည် ဟူ၍ဖြစ်သည်။ ဆိုခဲ့ပါ အချက်များကို လေ့လာကြည့်ခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးတွင် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့်တကွ ပြည်သူများ၏ အခန်းကဏ္ဍပါ အားလုံးပါဝင်နေကြသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ တရားဥပဒေစိုးမိုးရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “ကျွန်မတို့နိုင်ငံမှာ တရားဥပဒေစိုးမိုးရေးရှိစေချင်တယ်ဆိုတာဟာ နိုင်ငံသူ နိုင်ငံသားများအားလုံးဟာ တရားဥပဒေရဲ့ကာကွယ်မှုအောက်မှာ လုံလုံခြုံခြုံနေနိုင်ခြင်းကို ကျွန်မတို့ဦးတည်တာကို ပြောတာပါ။ တရားဥပဒေဆိုတာဟာ တရားမျှတရမယ်၊ ကောင်းမွန်တဲ့သက်ရောက်မှုရှိနိုင်တဲ့ ဥပဒေတွေရှိရမှာဖြစ်ပါတယ်။ ကျွန်မတို့တရားစီရင်ရေးမဏ္ဍိုင်ကြီးဟာ တည့်မတ်ဖို့၊ ထိရောက်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ တရားစီရင်ရေးနှင့်ပတ်သက်လို့ ဆိုလိုရှိရင် တရားမျှတမှုရှိရမယ်၊ နိုင်ငံတကာလက်ခံထားတဲ့ စံနှုန်းတွေနဲ့ ကိုက်ညီရမယ်။ တရားမျှတမှုဆိုတာဟာ မျှတတဲ့တရားစီရင်ခြင်းဆိုတဲ့ အဆိုရှိပါတယ်။ လုပ်ရုံနဲ့ မပြီးဘူး၊ လုပ်ပါတယ်ဆိုတာ ထင်ရှားရမယ်။ တရားမျှတရုံနဲ့မလုံလောက်ဘူး၊ တရားမျှတခြင်းရှိပါတယ်ဆိုတာ ထင်သာမြင်သာ ဖြစ်ရပါလိမ့်မယ်” ဟူ၍ မိန့်ကြားခဲ့ဖူးသည်။

ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသည့် မိမိတို့နိုင်ငံအဖို့ တရားဥပဒေစိုးမိုးရေးမှာ မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ တစ်နည်းအားဖြင့် တရားဥပဒေစိုးမိုးရေးသည် ဒီမိုကရေစီစနစ်၏ အသက်သွေးကြောလည်းဖြစ်သည်။ မိမိတို့ ဖော်ဆောင်ကြိုးပမ်းနေကြရသည့် ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် နိုင်ငံရေးရာ ကိစ္စအဝဝတို့အတွက်လည်း တရားဥပဒေစိုးမိုးရေးက အရေးပါသည်။

အထက်တွင် ဖော်ပြခဲ့သော တရားဥပဒေစိုးမိုးရေးဆိုင်ရာ အနှစ်သာရ (၇) ရပ်ကို နိုင်ငံသူ နိုင်ငံသားတိုင်း ခံစားရရှိနိုင်သည့် အခြေအနေဆီသို့ ရောက်ရှိနိုင်ရန်မှာ အောက်ခြေအဆင့်တွင်ရှိနေသော တရားရုံး၊ ဥပဒေရုံး၊ တရားသူကြီး၊ ဥပဒေအရာရှိ၊ ရဲစခန်း၊ ရဲအရာရှိများမှအစပြုကာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတည်းဟူသော နိုင်ငံတော်၏ မဏ္ဍိုင်ကြီး (၃) ရပ်လုံးက ဝိုင်းဝန်းဖော်ဆောင်သွားကြရမည်ဖြစ်သကဲ့သို့ တည်ဆဲတရားဥပဒေဟူသမျှကို လေးစားလိုက်နာကြရန်မှာလည်း နိုင်ငံသူ နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည်ဟု တင်ပြအပ်ပါကြောင်း။ ။

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို ဟောပြော

**ရမည်းသင်း စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူး၍ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲကို ယမန်နေ့က ရမည်းသင်းမြို့ အမှတ် (၁) အ.ထ.က အနော်ရထာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် မြို့နယ်ပညာရေးမှူး ဒေါ်ယဉ်ယဉ်နုက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေလင်းအောင်၊ ခရိုင် ဒုရဲတပ်ဖွဲ့မှူး ရဲမှူး စိန်ဖြိုးမောင်တို့က လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ သိသင့်သည်များကို ရှင်းလင်းပြောကြားကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **အတ်ကလေး (ရမည်းသင်း)**




## အင်းစိန်မြို့နယ်တွင် ကလေးစာပေပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ပြင်ဆင်

**ရန်ကုန် စက်တင်ဘာ ၅**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်ကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ စက်တင်ဘာ ၆ ရက်မှ ၇ ရက် (ကြာသပတေး၊ သောကြာ) နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ နှစ်ရက်တိုင်တိုင် ကဏ္ဍပေါင်းစုံဖြင့် ကျင်းပသွားမည်ဖြစ်ရာ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများက ကျောင်းရှေ့မုခ်ဦးဆောက်လုပ်ခြင်းနှင့် ကြော်ငြာဗီနိုင်းပိုစတာများ တပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော် ကျင်းပမည့် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းရှေ့မုခ်ဦးဆောက်လုပ်ခြင်းကို အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




ထို့အပြင် ကလေးစာပေပွဲတော် ကျင်းပမည့် ကြော်ငြာဗီနိုင်းဆိုင်းဘုတ်များကို အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများက အင်းစိန်မြို့နယ်ရှိ လူစည်ကားရာနေရာဖြစ်သည့် အင်းစိန်ခုံးကျော်တံတားဘေးတစ်ဖက်စီတွင် လမ်းဖြတ်ဗီနိုင်းပိုစတာများကိုလည်း ချိတ်ဆွဲထားရှိကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော်ကို ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်နှင့် ပညာဗဟုသုတရော လူရည်လူသွေးပါပြည့်ဝ၍ အနာဂတ်တွင်တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက် (ပြန်/ဆက်)**

**ထင်သာမြင်သာ ပြုပြင်စရာ**

## ရေးမြို့နယ်ရှိ ကျောင်းရွာ- လိပ်ပုတ် ကျေးရွာချင်းဆက်လမ်း ပျက်စီးနေ၍ သွားလာရေးအခက်အခဲဖြစ်နေ



မွန်ပြည်နယ် ရေးမြို့နယ် ကျောင်းရွာ - လိပ်ပုတ် ကျေးရွာချင်းဆက်လမ်းမှာ ပျက်စီးနေ၍ မိုးရာသီကာလတွင် ဒေသခံများ သွားလာရေး ခက်ခဲလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းမှာ ငါးကလေးချောင်း၊ လိပ်ပုတ်မင်းလုအေး၊ နတ်ကြီး၊ စောထ၊ တပင်တိုင်နှင့် အနီးအနားရှိ ကျေးရွာများမှ အဓိက ဒေသထွက်ကုန်များ၊ ဒေသခံများ၏ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍများအတွက် သွားလာရာမှာ အသုံးပြုနေရသည့်အတွက် အရေးပါသော လမ်းလည်းဖြစ်သည်။

“သက်ဆိုင်ရာတာဝန်ရှိသူတွေ ကွင်းဆင်းစစ်ဆေးနေပေမယ့် လမ်းကို ခင်းကျင်းဖောက်လုပ်ဖို့ အကောင်အထည်ဖော်တာလည်း မတွေ့ရသေးဘူး။ လက်ရှိမှာ လမ်းကို ဆိုင်ကယ်တစ်စီးစာ သွားလို့ရတဲ့ ကွန်ကရစ်လမ်းကို အဖိတ်နေ့တိုင်း ကိုယ့်အားကိုယ့်ကိုးခင်းနေပေမယ့်လည်း မိုးကကောင်းတော့ ခင်းလို့လည်း အဆင်မပြေဘူး” ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ လမ်းမှာ ရွာပေါင်းခြောက်ရွာနှင့် ဆက်စပ်နေသည့် ကျေးရွာများအပြင် အိမ်ခြေ ၁၀၀၀ ကျော်မှ ဒေသခံများ မှီခိုအားထားနေရသည့် လမ်းဖြစ်ပြီး လမ်းအရှည်မှာ ငါးမိုင်ခန့် ရှိကြောင်း၊ ကျောင်းရွာကျေးရွာ - လိပ်ပုတ်ကျေးရွာချင်းဆက်လမ်းမှာ သမိုင်းဝင်ဆေးတောင်ဘုရားကိုလည်း သွားလာရသည့် လမ်းဖြစ်သည့်အတွက် ဒေသခံများက သက်ဆိုင်ရာမှ အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

## ခမောက်ကြီးမြို့နယ်၌ လူကုန်မှုကူးတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ခမောက်ကြီး စက်တင်ဘာ ၅**

အမျိုးသမီးနှင့်ကလေးငယ်များ လူကုန်ကူးခံရခြင်းမှကာကွယ်ရန်နှင့် လူကုန်ကူးခံရမှုအကြောင်း အသိပညာပေးဟောပြောပွဲကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန့်လေးလေးခင်သိန်းက ဦးဆောင်မှုပြုလုပ်ကာ အဆိုပါ ရုံးစာကြည့်တိုက်ခန်းမ၌ ယမန်နေ့က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းအောင်က အမှာစကားပြောကြားပြီး ခရိုင် လူကုန်ကူးမှုနှိမ်နင်းရေးအဖွဲ့ ရဲအုပ်ဦးထွန်းသောင်းက ရွှေ့ပြောင်းသွားလာခြင်း၊ လူမှောင်ခိုကူးခြင်း၊ အတင်းအဓမ္မခိုင်းစေရောင်းစားခြင်း အကြောင်းကို ဟောပြောကာ ကလေးသူငယ်များအတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် လူကုန်ကူးမှုနှိမ်နင်းရေး စာအုပ်များ ပေးအပ်ခြင်းကို ဆောင်ရွက်ပေးခဲ့သည်။

**မောင်မောင် (ပြန်/ဆက်)**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်  မြန်မာနိုင်ငံဆိုင်ရာ ချီလီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ခရစ်စတီယန် ရီဟန် ဘာဂတ်တို အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ချီလီနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ချီလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ခရစ်စတီယန် ရီဟန် ဘာဂတ်တို သည် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



## ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန် အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ကြား ငွေရေးကြေးရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် Korean Bank Association in Myanmar မှ Chairman၊ Mr. Lee Chang Ha ဦးဆောင်သောအဖွဲ့အား စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ကံ့ကော်ခန်းမ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ကြား ငွေရေးကြေးရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံ၌ နိုင်ငံခြားဘဏ်ခွဲများ ဖွင့်လှစ်နိုင်ရေး၊ Retail Payment ဆိုင်ရာ ငွေပေးချေမှုကတ်များ ပိုမိုသုံးစွဲနိုင်ရေး၊ မြန်မာနိုင်ငံ၏ MSME ကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကရင်ပြည်နယ် ရေဘေးသင့် ပြည်သူများအတွက် အလှူငွေပေးအပ်

**ဘားအံ စက်တင်ဘာ ၅**

ကရင်ပြည်နယ် ဘားအံမြို့တွင် ရေဘေးသင့် ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် EXCELLENT FORTUNE FOUNDATION မှ အလှူငွေကျပ် သိန်း ၃၀၀ ပေးအပ်လှူဒါန်းပွဲကို ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အလှူငွေများ လက်ခံရယူသည်။

ဇူလိုင်လမှ စက်တင်ဘာလအထိ သံလွင်မြစ်ရေကြီး၍ ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် များစွာပျက်စီးခဲ့ရပြီး စာသင်ကျောင်းတချို့လည်း ယခုတိုင်ပိတ်ထားရဆဲဖြစ်ကာ သံလွင်မြစ်ရေတက်မှုကြောင့် ဘားအံမြို့သည် စိုးရိမ်ရေမှတ်သုံးပေအထိ ကျော်လွန်နေကြောင်း သိရသည်။

**ရွှေအင်းသားခင်မောင်ဝင်း**




*✱ ရှေ့ဖုံးမှ*

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့် ရှိနိုင်သည်။

**မြန်မာ့အလင်း**

## ရေကြည်မြို့နယ်တွင် တီဘီရောဂါသံသယရှိသူများအား ကွင်းဆင်းရှာဖွေကုသပေးမည်

**ရေကြည် စက်တင်ဘာ ၅**

ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဌာန နယ်လှည့်ကုသရေးအဖွဲ့မှ စက်တင်ဘာ ၈ ရက်တွင် ရေကြည်ခန်းမ၌ လည်းကောင်း၊ စက်တင်ဘာ ၉ ရက်တွင် ငါးသိုင်းချောင်းနှင့် စက်တင်ဘာ ၁၀ ရက်တွင် အသုတ်မြို့တို့တွင် လည်းကောင်း တီဘီရောဂါသံသယရှိသူများအား မြို့နယ် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး အခမဲ့ကွင်းဆင်းရှာဖွေ ကုသမှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းဇော်ဦး(ရေကြည်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ချီလီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ချီလီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ခရစ်စတီယန် ရီဟန်ဘာဂတ်တို့ အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာ-ချီလီ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေပြုရေးကဏ္ဍတွင် နှစ်နိုင်ငံ အပြန်အလှန်လေ့လာပြီး ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့် သတ္တုတူးဖော်ရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ချီလီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ခရစ်စတီယန် ရီဟန်ဘာဂတ်တို့ အား လက်ခံတွေ့ဆုံစဉ်။**
သတင်းစဉ်

# တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဖိုရမ် ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဖိုရမ်ကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ M Gallery ဟိုတယ်၌ ကျင်းပရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် တက်ရောက်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ဖိုရမ်သို့ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာရှိကြီးများ၊ Euro Cham Myanmar မှ တာဝန်ရှိသူများ၊ ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက် ဆွေးနွေးကြသည်။

ဖိုရမ်တွင် Euro Cham Myanmar မှ Executive Director Mr. Filip Lauwerysen က ကမ္ဘာတစ်ဝန်းတွင် တရားမဝင် ကုန်သွယ်မှုများကြောင့် လူမှုအသိုက်အဝန်း ထိခိုက်နစ်နာရမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားဖြစ်နေမှု၊ အစိုးရ၏ မူဝါဒများ ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များနှင့် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးကိစ္စရပ်များကို မိတ်ဆက်ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်နေသော တရားမဝင် ကုန်သွယ်မှုများကြောင့် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ ဆုံးရှုံးနစ်နာစေသည့် ပြစ်မှုများဖြစ်ပေါ်စေပြီး စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းကို ထိခိုက်နစ်နာစေပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို အလွယ်တကူ အလွတ်သဘော အကဲဖြတ်ဆန်းစစ်၍ မရနိုင်ပါကြောင်း၊ အုပ်စုဖွဲ့ပြစ်မှုကျူးလွန်သူများသည် တရားမဝင် ကုန်သွယ်မှုများအတွက် နှောင့်နှေးမှုမရှိဘဲ ငွေပေးနေကြသောကြောင့် အဂတိလိုက်စားမှုများ တိုးမြင့်လာပြီး တရားဥပဒေ သက်ရောက်မှုများကို အဟန့်အတားဖြစ်စေပါကြောင်း။

ထို့ပြင် အများပြည်သူဆိုင်ရာ ကျန်းမာရေးနှင့် လုံခြုံမှုများကို ဆိုးရွားစွာ ထိခိုက်နစ်နာစေပြီး လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေပါကြောင်း၊ အခွန်ရှောင်တိမ်းမှုများနှင့် လိမ်လည်မှုများကဲ့သို့သော အခြားပြစ်မှုဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာ ဥပဒေချိုးဖောက်ခြင်းများလည်း ဖြစ်ပေါ်စေနိုင်ပါကြောင်း။

အဂတိလိုက်စားမှုများကို ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန်အတွက် အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ဥပဒေတွင် မည်သူမဆို တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် လာဘ်ပေးရန် ကြိုးပမ်းခြင်းနှင့် မည်သူမဆိုသက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများ၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ပြီး နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်းသည်လည်း အဂတိလိုက်စားမှုဖြစ်ကြောင်း ဖွင့်ဆိုထားသောကြောင့် လာဘ်ငွေပေးရန် ကြိုးပမ်းသော ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များကို ဤဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ပါကြောင်း။

ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု ကာကွယ်တားဆီးရေး၊ တိုက်ဖျက်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၁၈-၂၀၂၁) ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အမျိုးသားအဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာ ထွက်ပေါ်လာရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော တရားမဝင်ကုန်သွယ်မှုများနှင့် ပတ်သက်၍ လွတ်လပ်စွာ ဆွေးနွေးပေးကြပါရန်နှင့် ဖြေရှင်းဆောင်ရွက်ရမည့် ကုထုံးများကို ဖော်ထုတ်ပေးကြရန် ပြောကြားလိုပါကြောင်း၊ တက်ရောက်လာကြသူများ အနေဖြင့် အဂတိလိုက်စားမှု၏ ရှုပ်ထွေးနက်နဲမှု အတိုင်းအတာကို သိရှိနားလည်ပြီး မြန်မာနိုင်ငံသားများနှင့် နိုင်ငံတကာ အသိုက်အဝန်း အကျိုးအတွက် အဂတိလိုက်စားမှု တန်ပြန်တိုက်ဖျက်ရေး နည်းလမ်းများကို ဆွေးနွေးဖော်ထုတ်ပေးနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။

ယခုဖိုရမ်တွင် ဆွေးနွေးရရှိလာမည့် သဘောထားအမြင်များ၊ အကြံဉာဏ်များသည် မိမိတို့ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့်လည်း နိုင်ငံတစ်ဝန်းလုံးတွင် နက်ရှိုင်းစွာ ပျံ့နှံ့ဖြစ်ပေါ်နေသော အဂတိလိုက်စားမှုများကို တိုက်ဖျက်ရန်အတွက် အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ အပါအဝင် ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ဖိုရမ်သို့ တက်ရောက်လာကြသူများ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဖိုရမ်ကို ဆက်လက်ကျင်းပရာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှု လေ့လာဆန်းစစ်ချက်များ၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် အစိုးရ၏မူဝါဒများ၊ တရားမဝင်ကုန်သွယ်မှုပုံစံများ၊ အမြစ်တွယ်နေသည့် အကျင့်ပျက်မှုများ၊ တရားမဝင်ကုန်စည်များ နယ်စပ်ဒေသများမှ ဝင်ရောက်လာမှုနှင့် ပြစ်ဒဏ်နည်းပါးမှု ကိစ္စရပ်များ အပါအဝင် စီးပွားရေးနယ်ပယ်တွင် ဥပဒေစိုးမိုးရေး၊ အစိုးရဌာနအချင်းချင်း ပူးပေါင်းမှုတိုးမြှင့်ရေး၊ တရားမဝင်ကုန်သွယ်မှုဆိုင်ရာ ကိန်းဂဏန်းများ ပုံမှန်ထုတ်ပြန်ရေး၊ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ ရာဇဝတ်မှုနှင့် လူကုန်ကူးမှုကာကွယ်ရေး၊ တရားမဝင် ကုန်သွယ်မှု၏ အန္တရာယ်များကို ပြည်သူများ သိရှိနားလည်ရေးတို့ကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၅**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟိုင်းကြီးကျွန်းမြို့တွင် ၅ ဒသမ ၇၉ လက်မ၊ သထုံမြို့တွင် ၅ ဒသမ ၇၅ လက်မ၊ ရေးမြို့တွင် ၄ ဒသမ ၂၅ လက်မ၊ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၄၃ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၃ ဒသမ ၃၉ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ဖျာပုံမြို့နှင့် ပေါင်မြို့တို့တွင် ၃ ဒသမ ၂၀ လက်မစီ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၁၁ လက်မနှင့် လပွတ္တာမြို့တွင် ၂ ဒသမ ၈၃ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး

**လွိုင်လင် စက်တင်ဘာ ၅**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့မှ ကြီးမှူး၍ စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အကြိုအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၅ ရက်က ပင်လုံမြို့ ပင်လုံတက္ကသိုလ်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ လွိုင်လင်ခရိုင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က အမှာစကား ပြောကြား၍ ပင်လုံတက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာ ဒေါ်မင်းမင်းစိုးက လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လွိုင်လင်ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဒုတိယဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမောင်က လူကုန်ကူးမှုပပျောက်ရေး ပြည်သူအားလုံး ပါဝင်ပေး ဟူသော ဆောင်ပုဒ်ဖြင့် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် လားရှိုး၌ စုပေါင်းသွေးလှူဒါန်း

**လားရှိုး စက်တင်ဘာ ၅**

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ အမှတ်(၄/၂) ဒုတပ်ဖွဲ့ခွဲ၊ လားရှိုးမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၅ ရက် နံနက်က လားရှိုးမြို့ ပြည်သူ့ ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းမှု ပြုလုပ်ခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ သွေးလှူဒါန်းပွဲသို့ လားရှိုးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတင်မောင်ညွန့်၊ သတင်းရဲတပ်ဖွဲ့၊ အမှတ်(၄/၂) ဒုတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်ခိုင်စိုးတို့က သွားရောက်အားပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ချီလီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၅

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ချီလီနိုင်ငံသံအမတ်ကြီး မစ္စတာ ခရစ်စတီယန် ရီဟန်ဘာဂတ်တိုအား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ချီလီ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်၏ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ချီလီနိုင်ငံသံအမတ်ကြီး မစ္စတာ ခရစ်စတီယန် ရီဟန်ဘာဂတ်တိုအား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

# ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း ဆက်လက်အကောင်အထည်ဖော်ရန်အတွက် NTP ပေးအပ်သည့် အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၅

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့၏ မြောက်ဘက် ၁၂ မိုင်ခန့်အကွာ ရွှေလီမြစ်ပေါ်ရှိ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း ဆက်လက်အကောင်အထည်ဖော် တည်ဆောက်နိုင်ရန်အတွက် Notice to Proceed (NTP) ပေးအပ်သည့် အခမ်းအနားကို ယနေ့ ညနေ ၆ နာရီက Horizon Lake View Hotel နေပြည်တော်၌ ကျင်းပသည်။**




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးဝင်းခိုင်က ယနေ့အခမ်းအနားသို့ တက်ရောက်လာသည့်ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံနှင့် အဘက်ဘက်မှ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တက်လာအောင် ဝိုင်းဝန်းကူညီပေးသည့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးနှင့် ဂျပန်သံရုံးတို့အားလည်း ကျေးဇူးတင်ရှိပါကြောင်း။

ယခုစီမံကိန်းသည် မြန်မာနိုင်ငံ၏ အနာဂတ်စွမ်းအင်သုံးစွဲမှု အချိုးအစားအတွက် လွှမ်းခြုံသော မဟာဗျူဟာမြောက် အရေးပါမှုတစ်ခု ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံများ၏ လူနေမှုဘဝမြင့်တင်မှုကို ရေရှည်ကာလတစ်လျှောက် အကျိုးပြုသွားမည်မှာ သေချာပါကြောင်း၊ ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်းမှ တစ်နှစ်လျှင် ဓာတ်အားယူနစ် ၂၆၂၀ သန်း ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ယင်းဓာတ်အားသည် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည်ဖြစ်ရာ တစ်ချိန်တည်းတွင် ဓာတ်အားပို့လွှတ်ရေးလိုင်းများကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက တည်ဆောက်ပြီး သုံးစွဲသူများထံ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Olivier Richard၊ ဂျပန်နိုင်ငံ စီးပွားရေး ကောင်စစ်ဝန် Mr. Kazuyuki Takimi နှင့် ပြင်သစ်နိုင်ငံ EDF ၏ Senior Executive Vice President Mrs. Marianne Laigneauတို့မှ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း ဆက်လက်အကောင်အထည်ဖော် တည်ဆောက်နိုင်ရန်အတွက် NTP ရေးထိုးခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများအား ဝန်ကြီးဌာနမှ အကောင်အထည်ဖော်မည့် ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက် Video Clip အား ပြသခဲ့ပြီး လုပ်ငန်း ရှေ့ဆက်လက်ဆောင်ရွက်ရန်အတွက် NTP စာချုပ်လက်မှတ်ရေးထိုးကြရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦးနှင့် ပြင်သစ်နိုင်ငံ Electricite De France S.A (EDF)၊ ဂျပန်နိုင်ငံ Marubeni Corporation နှင့် မြန်မာနိုင်ငံ ဧရာဟသာ်ာကုမ္ပဏီတို့မှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြပြီး **(အပေါ်ဝဲပုံ)** စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးသည်။

အဆိုပါရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်တွင် တည်ရှိပြီး ရွှေလီမြစ်ပေါ်ရှိ အဆင့်ဆင့်သော တမံများမှ တစ်ခုဖြစ်ကြောင်း၊ ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်း ၆၇၁ မဂ္ဂါဝပ်သည် လက်ရှိလည်ပတ်နေသော ရွှေလီ(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၆၀၀ မဂ္ဂါဝပ်နှင့် အနာဂတ်စီမံကိန်းတစ်ခုဖြစ်သည့် ရွှေလီ(၂) ရေအားလျှပ်စစ်စီမံကိန်း ၅၂၀ မဂ္ဂါဝပ်တို့မှ ထုတ်လွှတ်လိုက်သည့် ရေကိုအကျိုးရှိစွာ သုံးစွဲပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မည်ဖြစ်ရာ ရွှေလီမြစ်ပေါ်ရှိအဆင့်ဆင့်သော ရေအားလျှပ်စစ်စီမံကိန်းများ၏တပ်ဆင်စက်အင်အားမှာ ၁၇၉၁ မဂ္ဂါဝပ်ရှိလာမည်ဖြစ်ပြီး ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် လျှပ်စစ်ဓာတ်အားသုံးစွဲလိုမှု ၈၀၀၀ မဂ္ဂါဝပ်မှ ၁၀၀၀၀ မဂ္ဂါဝပ်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကြောင်း၊ အိမ်ထောင်စု ၆၀၀၀၀ ခန့်ကိုလည်း လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်မည့်အပြင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်၍ National Electrification Plan ကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✻ *ကျောဖုံးမှ*

ယင်းနောက် Mr. Roelof Meyer က နှစ်ဖက်အသိုင်းအဝိုင်းများအကြား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းများအတွက် တွေ့ဆုံဆွေးနွေးရေး စကားဝိုင်းများပြုလုပ်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် Mr. Roelof Meyer နှင့်အဖွဲ့သည် မောင်တောမြို့နယ်ရှိ မြို့မိ မြို့ဖများနှင့် ရပ်မိရပ်ဖများ၊ အစ္စလာမ်ဘာသာဝင်များနှင့် ဒေသခံရခိုင်တိုင်းရင်းသားများကို သီးခြားစီတွေ့ဆုံပြီး နှစ်ဖက်အသိုင်းအဝိုင်းများအကြား စကားဝိုင်းများ ပြုလုပ်နိုင်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ထင်မြင်ယူဆချက်များ၊ သုံးသပ်ချက်များနှင့် အကြံပြုချက်များကို ရယူကြသည်။

**သတင်း၊ ဓာတ်ပုံ - ရာမည၊ မျိုးသူဟိန်း**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

# ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတရုတ်ဖောင်ဒေးရှင်း မြန်မာနိုင်ငံရုံး၏ (၃)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

**ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတရုတ်ဖောင်ဒေးရှင်း မြန်မာနိုင်ငံရုံး၏ (၃) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။** (ယာပုံ)

ရှေးဦးစွာ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေဝင်းဦးက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ နိုင်ငံရေးအကြံပေးပုဂ္ဂိုလ် Mr.Yang Shouzheng နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး တရုတ်ဖောင်ဒေးရှင်းမှ အထွေထွေအတွင်းရေးမှူး Mr.Chen Hongtao တို့က အမှာစကားပြောကြားသည်။

ယင်းနောက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး တရုတ်ဖောင်ဒေးရှင်း CFPA ၏ အပြည်ပြည်ဆိုင်ရာရုံးများ ဒါရိုက်တာ Mr.Wu Peng က CFPA မြန်မာအဖွဲ့၏ လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးတင်ပြသည်။

ထို့နောက် ပညာသင်ထောက်ပံ့ကြေးရရှိသော ကျောင်းသား ကျောင်းသူများက တေးဂီတဖြင့်ဖျော်ဖြေတင်ဆက်ကြပြီး ပညာသင်ထောက်ပံ့ကြေးရရှိကြသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေဝင်းဦး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး တရုတ်ဖောင်ဒေးရှင်းမှ အထွေထွေအတွင်းရေးမှူး Mr.Chen Hongtao၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးမှ နိုင်ငံရေးအကြံပေးပုဂ္ဂိုလ် Mr. Yang Shouzheng နှင့် တာဝန်ရှိသူများက ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်ကြရာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)တို့မှ ကိုယ်စားလှယ်များက လက်ခံကြသည်။




ဆင်းရဲနွမ်းပါးမှုလျှော့ချရေး တရုတ်ဖောင်ဒေးရှင်းအဖွဲ့မှ မြန်မာနိုင်ငံ၌ (၃) နှစ်တိုင်တိုင် ထောက်ပံ့ရေးစရိတ်နှင့် ထောက်ပံ့ပစ္စည်းတန်ဖိုး စုစုပေါင်း ယွမ် ၁၆၉၅၀၀၀၀ ဖြင့် စီမံကိန်း ၁၀ ခုအား လုပ်ဆောင်လျက်ရှိပြီး တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၁၃၀၀ အား ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရေလွှမ်းမိုးခြင်းနှင့် ကျန်းမာရေးပြဿနာများ

**တက္ကသိုလ်ဇော်ထူးဦး**

တစ်မိုးတွင်းလုံး အဆက်မပြတ်ရွာသွန်းခဲ့သည့်မိုးကြောင့် နေရာဒေသ အသီးသီးတွင် ရေလွှမ်းမိုးသည့် သတင်းများကို ကြားနေရ၏။ 'ဝါဆိုဝါခေါင် ရေဖောင်ဖောင်' ဆိုစကားသည်ကား တကယ်တကယ်စင်အောင် မှန်သည်ဟုဆိုရမည်လား။ လ၊ နှစ်ချီပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်နေဆဲပင်ဖြစ်၏။ မုတ်သုံအားကောင်းနေသည့်အတွက် နောက်ထပ်လည်း ရွာဦးမည်ဆိုသည့် မိုးလေဝသသတင်းကလည်း ကြားနေရပြန်သည်။

**သဘာဝဘေးကို ရင်ဆိုင်**

မိုးများသည့်အတွက် တောင်ကျရေများ၊ ချောင်းရေ မြစ်ရေများ၊ ရေတွင်းရေကန်များ၊ ဆည်မြောင်းတာတမံများမှာ ထိန်းမရ သိမ်းမရနှင့် ရေကြီးရေလျှံဖြစ်ကြရ၏။ ပုံမှန်ရေကြီးနေကျ မြစ်ချောင်းနံဘေး အခြေကျနေထိုင်ကြသူများကလည်း ယခင်နှစ်များနှင့်မတူ ထူးခြားပြီး ခဏတစ်ဖြုတ်နှင့် ပြန်မကျနိုင်သည့်ရေကြောင့် အလုပ်ပျက် အကိုင်ပျက်ဖြစ်ကြရ၏။ ဖြစ်လေ့ဖြစ်ထမရှိသည့် နေရာဒေသများကလည်း ဖြစ်လာသည့် အချိန်တွင် ပြေးရလွှားရ၊ ပြောင်းရ ရွှေ့ရနှင့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကြရ၏။

ရေလွှမ်းမိုးခြင်းတွင် ရုတ်တရက်ရေလွှမ်းမိုးခြင်းက အထိအခိုက် အပျက်အစီးများ၏။ ရွှေ့ရပြောင်းရ ခက်ခဲ၏။ အသက်အန္တရာယ်စိုးရိမ်ရ၏။ ကြိုတင်ပြင်ဆင်ချိန် မရသည့်အတွက် ဆုံးရှုံးမှုများ၏။ ပုံမှန်ရေလွှမ်းမိုးမှုတွင် ကြိုတင်ပြင်ဆင်ချိန်ရသည့်အတွက် ထိခိုက်သော်လည်း ဆုံးရှုံးမှုနည်း၏။ သို့သော် ရုတ်တရက်ဖြစ်စေ၊ ပုံမှန်ဖြစ်စေ တက်ပြီးသောရေများ အလျင်အမြန် ပြန်မကျသည့်အခါ နောက်ဆက်တွဲ ပြဿနာများကိုကား ဒေသခံလူထုများ ခံစားကြရမည်ဖြစ်၏။ ယင်းတို့အနက် ရေလွှမ်းမိုးခြင်း၊ ရေကြီးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများသည်ကား စိုးရိမ်ဖွယ်ရာပင် ဖြစ်သည်။

ရေလွှမ်းမိုးမှုကြောင့် ကူးစက်ရောဂါများ၊ မကူးစက်တတ်သောရောဂါများနှင့် စိတ်ပိုင်းဆိုင်ရာပြဿနာများ အပါအဝင် အခြားကျန်းမာရေးပြဿနာများသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်ပွားနိုင်၏။ ရေလွှမ်းမိုးမှုကြောင့် ကျန်းမာရေးအဆောက်အအုံများသာမက ကျန်းမာရေးဝန်ထမ်းများကိုယ်တိုင် ရေဘေးဒုက္ခခံစားနေရသည့်အတွက် လူထုကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုများ ယာယီပြတ်တောက်သွားနိုင်၏။ ရေဘေးသင့်မိသားစုများသည်လည်း မိမိတို့၏ နေအိမ်ကိုစွန့်ခွာကာ ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြရသည်။ ယာယီကယ်ဆယ်ရေးစခန်းများ၌ လူဦးရေ များပြားကျပ်သိပ်စွာနေထိုင်ရခြင်း၊ အိမ်သာ၊ အမိုးအကာ၊ သောက်သုံးရေ၊ အဝတ်အစားမလုံလောက်ခြင်း၊ အခင်း၊ စောင်၊ ခြင်ထောင်စသည်ဖြင့် မလုံလောက်ခြင်းကြောင့်လည်း ကူးစက်ရောဂါများအပါအဝင် အခြားကျန်းမာရေးပြဿနာများ ပိုမိုဖြစ်စေနိုင်သည်။

**အသက်ဆုံးရှုံးမှု ဖြစ်ပေါ်နိုင်**

ရေလွှမ်းမိုးခြင်းကြောင့် အသက်ဆုံးရှုံးမှုဖြစ်ပေါ်နိုင်ပြီး သေဆုံးရမှုအများစုမှာ ရေနစ်ခြင်းကြောင့်ဖြစ်၏။ လျှပ်တစ်ပြက်ရေကြီးမှုများတွင် ရေစီးပြင်းထန်သည့်အတွက် လူများအစုလိုက်အပြုံလိုက်သေဆုံးနိုင်၏။ နေအိမ်ပေါ်မှအောက်သို့ ပြုတ်ကျခြင်း၊ ရေရှိသောနေရာတွင် ဖြတ်သန်းသွားလာခြင်းကြောင့် မြောင်းအပေါက်ချိုင့်ကွက်များကို နင်းမိခြင်းကြောင့် အသက်ဆုံးရှုံးနိုင်၏။ ရေတွင် သေဆုံးမျောပါလာသော လူသေအလောင်းများကို စနစ်တကျကိုင်တွယ်ခြင်း မပြုမိပါကလည်း ရောဂါကူးစက်ခံကြရခြင်းဖြစ်သည်။

ရေလွှမ်းမိုးသောရေထဲတွင် ဖန်ကွဲ မှန်ကွဲများ၊ ချွန်ထက်သောအရာဝတ္ထုများရှိနေနိုင်သဖြင့် လူများကို ထိခိုက်ဒဏ်ရာရစေကာ ညစ်ညမ်းသောရေနှင့်တွေ့ပြီး ထိခိုက်ဒဏ်ရာများတွင် ရောဂါပိုးများဝင်ရောက်နိုင်၏။ သို့ဖြစ်၍ ရေလွှမ်းသည့်နေရာများသို့ ရေထဲသို့ဆင်းခြင်း၊ သွားလာခြင်းများတွင် ရေလုံဖိနပ်ကို စီးသင့်၏။ ထိုအခြေအနေမျိုးတွင် မိမိမသွားမလာဖူးသော လမ်းနေရာများသို့ မသွားသင့်ပါ။ သွားရောက်ရန်လိုအပ်ပါက သတိထားကာ သွားလာသင့်သည်။

ရေလွှမ်းမိုးမှုကြောင့် မိလ္လာတွင်းများရေလျှံခြင်း၊ တိရစ္ဆာန်လည်ချောင်းမှတစ်ဆင့် ကူးစက်ရောဂါများဖြစ်ပွားနိုင်၏။ ရေလွှမ်းမိုးသော ရေထဲသို့ ကြွက်များ ကျင်ငယ်စွန့်ခြင်းမှတစ်ဆင့် ကျင်ငယ်တွင်ပါသော လက်ပ်တိုစပီးယားခေါ် ဗက်တီးရီးယားပိုးရေထဲတွင်ပါဝင်ပျံ့နှံ့စေကာ လူအားထိတွေ့ခြင်းဖြင့် လက်ပ်တိုစပီးယားစစ်ခေါ် ကူးစက်ရောဂါဖြစ်ပွားနိုင်သည်။ ထို့ကြောင့် ရေကြီးရေလျှံဖြစ်ပါက အဆိုပါရေများသည် ရုတ်ခြည်းစီးဆင်းမသွားသည့်အခါနှင့် ရေမြောင်း၊ ရေအိုင်၊ ရေတွင်းနှင့် ရေကန်များမှ ရေများသည် ညစ်ညမ်းနေသည့်အတွက် ရေသန့်ဆေးများ ခတ်ပြီးမှသာ သုံးသင့်သည်။

**စိတ်ပိုင်းဆိုင်ရာ ထိခိုက်**

ရေလွှမ်းမိုးခြင်းကြောင့် နေအိမ်အဆောက်အအုံနှင့် ပိုင်ဆိုင်မှုများ ဆုံးရှုံးရခြင်း၊ မိသားစုဝင်များ သေဆုံးသွားခြင်း၊ ဝေးကွာသွားခြင်း၊ ရောဂါနှင့် အခြားကျန်းမာရေးပြဿနာများ

> **"ရေလွှမ်းမိုးခြင်းကြောင့် လျှပ်စစ်ဓာတ်ကြိုးများပြတ်ကျကာ ရေထဲသို့ပြုတ်ကျခြင်းကြောင့် ဓာတ်လိုက်၍ အသက်သေဆုံးနိုင်၏။ ဓာတုဗေဒပစ္စည်းများရှိသည့် စက်ရုံ သို့မဟုတ် သိုလှောင်ရုံများမှ အန္တရာယ်ရှိသော ပစ္စည်းများသည် လွှမ်းမိုးသောရေမှတစ်ဆင့် ပျံ့နှံ့သွားကာ အဆိုပါရေများကို ထိတွေ့သောက်သုံးမိသူများတွင် ဓာတုဗေဒအန္တရာယ်များ ခံစားရနိုင်"**

ဖြစ်ပွားခံစားရခြင်း၊ အစားအစာ၊ အဝတ်အထည်နှင့် အခြေခံလိုအပ်ချက်များ မပြည့်စုံတော့ခြင်းကြောင့် ရေဘေးသင့်သူများမှာ စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားကြရ၏။ ထိုသို့ ခံစားရမှုများကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုသာမက ရုပ်ပိုင်းဆိုင်ရာကိုပါ တဖြည်းဖြည်းဖြစ်ပွားနိုင်၏။ ဆုံးရှုံးမှုအတွက် စိတ်သောကရောက်ခြင်း၊ မိသားစုဘဝပြန်လည်ထူထောင်ရေးနှင့် ရပ်တည်ရေး အတွက် တစိမ့်စိမ့်တွေးတောပူပင်ခြင်း စသည်ဖြင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများသည် ဘေးဒုက္ခကျရောက်ချိန်ကြာမြင့်လာသည်နှင့်အမျှ ခံစားမှုများပိုလာကာ စိတ်ကျန်းမာရေးကို ထိခိုက်လာရသည်။

ရောဂါဝေဒနာခံစားနေရသည့်အတွက် စွဲမြဲစွာသောက်သုံးနေကျ ဆေးဝါးများ ပြတ်တောက်သွားခြင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း၊ ကျန်းမာရေးအဆောက်အအုံများပျက်စီးခြင်းကြောင့် ဆေးကုသမှု ယာယီမရရှိတော့ခြင်း၊ ဆေးဝါးထားသိုမှုစနစ်ပျက်စီးခြင်း စသည်တို့ကြောင့် ပုံမှန်ဆေးဝါးကုသမှု အပေါ် မှီခိုနေရသည့် မကူးစက်တတ်သောရောဂါ ခံစားနေရသူများသည်လည်း ရောဂါများပိုမိုဆိုးရွားလာနိုင်၏။ နေ့စဉ်လုပ်နေကျ ကာယအားကစားပြုလုပ်မှု မရှိခြင်း၊ အာဟာရပြည့်ဝသော အစားအစာများ မစားသုံးနိုင်ခြင်း၊ ပုံမှန်မဟုတ်သော အပြုအမူ ပြောင်းလဲမှုများကြောင့် မကူးစက်တတ်သောရောဂါများ ပိုမိုဖြစ်ပွားလာရသည်။

**ကျန်းမာရေး ပြဿနာများ**

ရေလွှမ်းမိုးခြင်းကြောင့် ကလေးများတွင် ဝမ်းပျက်ဝမ်းမစင်များ ရေနှင့်အတူ ပျံ့နှံ့ခြင်းတို့ကြောင့် သောက်သုံးရေ အရင်းအမြစ်များ ညစ်ညမ်းသွား၏။ ထို့ကြောင့် ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့် သန်ကောင်ရောဂါများ ဖြစ်ပွားနိုင်၏။ ယင်းမှတစ်ဆင့် ကူးစက်ပျံ့နှံ့ကာ ကပ်ရောဂါအသွင်ဖြစ်သွားနိုင်၏။ ရေလွှမ်းမိုးသောရေကို မသောက်သုံးသော်လည်း အဆိုပါရေများ အစားအစာများနှင့်ထိတွေ့ခြင်းဖြင့် ယင်းမှတစ်ဆင့် ကူးစက်ရောဂါဖြစ်ပွားနိုင်သည်။ သို့ဖြစ်၍ ရေကိုကျိုချက်ကာ သောက်သုံးခြင်း၊ မသန့်ရှင်းသော ရေဖြင့်ထိထားသော အစားအစာများစားသောက်ခြင်းမျိုးကို ရှောင်ရှားရမည် ဖြစ်သည်။

**ငှက်ဖျားရောဂါ ကပ်အသွင်ဖြစ်ပွားနိုင်**

ရေလွှမ်းမိုးမှုဖြစ်ပွားကာ ရေကျသွားပြီးနောက် ဆက်လက်တင်ကျန်နေသော ရေမျက်နှာပြင်ပေါ်၌ ခြင်များ ပိုမိုပေါက်ပွားလာနိုင်၏။ ပေါက်ပွားလာသော ခြင်များကိုက်ခြင်းကြောင့် ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေး ရောဂါများဖြစ်ပွားနိုင်၏။ ရေလွှမ်းမိုးခြင်းသည် အစောပိုင်းတွင် ခြင်ပေါက်ပွားမှုကို ဖယ်ရှားလိုက်သကဲ့သို့ ဖြစ်သော်လည်း နောက်ပိုင်းတွင် ဆက်လက်တင်ကျန်နေသော ရေများထဲမှ ခြင်များ ပေါက်ပွားလာနိုင်သည့်အတွက် ရေလွှမ်းမိုးမှုဖြစ်ပွားပြီး တစ်လခွဲ နှစ်လခန့်အကြာတွင် ငှက်ဖျားရောဂါကပ်အသွင် ဖြစ်ပွားနိုင်သည်။

ရေလွှမ်းမိုးသည့်အတွက် ညစ်ညမ်းသောရေများနှင့် တိုက်ရိုက်ထိတွေ့နေရသည့်အတွက် အရေပြားတွင် ဝဲနာကဲ့သို့ ကူးစက်ရောဂါများ ဖြစ်ပွားနိုင်၏။ ခန္ဓာကိုယ်ရှိအနာများတွင် ပိုးဝင်ခြင်း၊ မျက်ခမ်းစပ်ရောင်ရမ်းခြင်းနှင့် နား၊ နှာခေါင်း၊ လည်ချောင်းမှတစ်ဆင့် ကူးစက်ရောဂါများဖြစ်ပွားနိုင်၏။ လျှောရောဂါနှင့် အခြားသောရောဂါများ ပိုမိုဖြစ်ပွားစေနိုင်၏။ လူအမြောက်အမြား နေရာရွှေ့ပြောင်းပြီး အစုလိုက်နေထိုင်ရခြင်းကြောင့် ကလေးငယ်များအကြား ဝက်သက်ရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါများ၊ အာဟာရချို့တဲ့ရောဂါများနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းများ ဖြစ်ပွားနိုင်၏။ မိဘအုပ်ထိန်းသူများ သေဆုံးသွားခြင်း၊ မိသားစုနှင့်ဝေးကွာသွားခြင်းသည်လည်း ကလေးငယ်များကို စိတ်ပိုင်းဆိုင်ရာထိခိုက်မှုအပြင် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ ဖြစ်စေ၏။ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့်လည်း ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့် လုံခြုံစိတ်ချရသော မီးဖွားမှုမရနိုင်ဘဲရှိ၏။ ထို့အပြင် လုံခြုံစိတ်ချမှု မရရှိနိုင်သော ပတ်ဝန်းကျင်အခြေအနေများတွင် နေထိုင်ရသည့်အတွက် လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်ခံရမှု၊ မလိုချင်သော ကိုယ်ဝန်ဆောင်ရမှု၊ ကိုယ်ဝန်ဖျက်ချမှု၊ အိပ်ချ်အိုင်ဗွီအပါအဝင် လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ဖြစ်ပွားရခြင်းစသည့် မိခင်နှင့် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးပြဿနာများနှင့်လည်း ကြုံတွေ့နိုင်သည်။

ရေလွှမ်းမိုးခြင်းကြောင့် မြွေ၊ အဆိပ်ရှိ အင်းဆက်ကောင်များ၊ အန္တရာယ်ရှိသော တိရစ္ဆာန်များသည် နေရာရွှေ့ပြောင်းသွားလာကြ၏။ အဆိုပါ တိရစ္ဆာန်များသည် လူများနေထိုင်ရာ နေအိမ်၊ ယာယီကယ်ဆယ်ရေးစခန်းများအတွင်းသို့ ရောက်ရှိလာကြရာမှတစ်ဆင့် အကိုက်ခံရနိုင်၏။ ရေလွှမ်းမိုးခြင်းကြောင့် လျှပ်စစ်ဓာတ်ကြိုးများပြတ်ကျကာ ရေထဲသို့ပြုတ်ကျခြင်းကြောင့် ဓာတ်လိုက်၍ အသက်သေဆုံးနိုင်၏။ ဓာတုဗေဒပစ္စည်းများရှိသည့် စက်ရုံ သို့မဟုတ် သိုလှောင်ရုံများမှ အန္တရာယ်ရှိသောပစ္စည်းများသည် လွှမ်းမိုးသောရေမှတစ်ဆင့် ပျံ့နှံ့သွားကာ အဆိုပါရေများကို ထိတွေ့သောက်သုံးမိသူများတွင် ဓာတုဗေဒအန္တရာယ်များ ခံစားရနိုင်သည်။

ရေလွှမ်းမိုးနေသည့်အချိန်တွင် ရေစိုခံနေရသည့်အတွက်လည်းကောင်း၊ နွေးထွေးခြောက်သွေ့သည့် အဝတ်အစားများ မရှိသည့်အတွက်လည်းကောင်း၊ အမိုးအကာမလုံလောက်သည့်၊ နွေးထွေးမှုမရှိသည့် နေရာများတွင် နေထိုင်ရခြင်းကြောင့်လည်းကောင်း ဟိုက်ပိုသားမီးယားခေါ် ကိုယ်အပူချိန်လျော့ကျခြင်း ခံစားရ၏။ ယင်းရေလွှမ်းမိုးသောရေများတွင် နေထိုင်ရခြင်းကြောင့် ခြေထောက်များ အချိန်ကြာမြင့်စွာ ရေစိုခံနေရပါက ခြေထောက်အသားများနူးကာ အနံ့ဆိုးများထွက်ပြီး နာကျင်မှုဝေဒနာကို ခံစားရမည်ဖြစ်သည်။

ဖော်ပြပါအခြေအနေများသည် ရေလွှမ်းမိုးမှုဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက် တွေ့ကြုံခံစားရနိုင်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများဖြစ်၏။ သို့အတွက် ကယ်ဆယ်ရေးနှင့် ကူညီကယ်ဆယ်ရေးတွင် ပါဝင်လုပ်ဆောင်နေကြသည့် ကျန်းမာရေးနှင့် လူမှုရေးအသင်းအဖွဲ့များအနေဖြင့် ရေလွှမ်းမိုးမှုဖြစ်ပွားလာပါက လိုအပ်သောအရေးပေါ်သုံး ဆေးဝါးများ၊ သန့်ရှင်းသောသောက်သုံးရေ အရေးပေါ်ရရှိနိုင်ရန်အတွက် လိုအပ်သော ရေသန့်ဆေးများ၊ ပြုစုကုသရေးနှင့် ရွှေ့ပြောင်းနေရာချထားရေးအတွက် ဘေးအန္တရာယ်တုံ့ပြန်ကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းအစီအမံများအတိုင်း ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်သည်။ ။

## ကွေ့ထောင့်ကျေးရွာတွင် မြစ်ကမ်းများပြို၍ နေအိမ် ၃၈ လုံး ရွှေ့ပြောင်းထားရ

**ရေစကြို စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကွေ့ထောင့်ကျေးရွာတွင် မြစ်ကမ်းများပြို၍ နေအိမ် ၃၈ လုံး ဖျက်သိမ်းရွှေ့ပြောင်းထားရကြောင်း သိရသည်။

"ကျွန်တော်တို့ ကွေ့ထောင့်ကျေးရွာမှာ ဇွန်လကစပြီး ချင်းတွင်းမြစ်ရေ စတင်မြင့်တက်လာကာ မြစ်ကမ်းတွေပြိုနေတာကြောင့် နေအိမ်အလုံး ၃၀ ကို ရေလွတ်ရာသို့ ဖျက်သိမ်း ပြောင်းရွှေ့ခဲ့ရပါတယ်။ မြစ်ရေပြန်ကျသွားတော့လည်း မြစ်ကမ်းတွေက ရေနှုန်းပြီး လှိုက်စားလို့ စိုးရိမ်ရတဲ့အိမ်တွေကို ဖျက်သိမ်းရွှေ့ပြောင်းရတာ စက်တင်ဘာ ၃ ရက်အထိ ရှစ်လုံးဆိုတော့ စုစုပေါင်း ရွှေ့ပြောင်းရတဲ့အိမ် ၃၈ လုံးဖြစ်ပါတယ်။ အခုလည်း ကမ်းတွေက အက်နေသေးတော့ စိတ်ချရတဲ့ အခြေအနေမရှိဘူး။ ကမ်းတွေ အချိန်မရွေးဆက်ပြီး ပြိုနိုင်ပါသေးတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းက ပြောသည်။

ယခုအခါ ကွေ့ထောင့်ကျေးရွာတွင် နေအိမ် ၃၈ လုံး ရွှေ့ပြောင်းပြီးဖြစ်သော်လည်း ကမ်းပြိုမှုအန္တရာယ်က ထပ်မံကြုံတွေ့လာနိုင်သလို ဘုန်းတော်ကြီးကျောင်းနှင့် ပေ ၂၀၀ ခန့်သာ ကွာဝေးတော့ကြောင်းနှင့် ပညာရေးဌာနသို့ မလွှဲပြောင်းရသေးသည့် RC နှစ်ထပ် မူလတန်းကျောင်းဆောင် **(ယာပုံ)** မှာလည်း ကမ်းနှင့် ပေ ၂၀၀ ကျော်သာ ကွာဝေးသဖြင့် ကျောင်းဆောင်အတွက် စိုးရိမ်နေကြကြောင်း၊ ပြောင်းရွှေ့အိမ်ထောင်စုများကို မိမိကျေးရွာမြေမဟုတ်သော ကြူရွာ မြေတွင် နှစ်ကေသာသာ မြေကွက်ကို ငွေကျပ် ၁၀ သိန်းဖြင့် တစ်နှစ်နေခွင့် စာချုပ်၍ ပြောင်းရွှေ့ထားရကြောင်း၊ အတည်တကျ နေထိုင်ရန် မြေလည်းမရှိတော့သလို လုပ်စားကွင်းလည်းမရှိတော့၍ ဒေသခံများနေထိုင်စားသောက်ရေးခက်ခဲနေကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**ဖေထွဏ်းဇော် (ရေစကြို)**



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခုတင်ပြခြင်း၊ ဥပဒေကြမ်းတစ်ခု လက်ခံရရှိကြောင်း တင်ပြခြင်း၊ ဥပဒေကြမ်းတစ်ခု လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

## မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမအသင်းပိုင် မြေ၊ အဆောက်အအုံများအား ဥပဒေနှင့် မလွတ်ကင်းသော ကုန်ပစ္စည်းများ ရောင်းချခြင်း မပြုရန် ညွှန်ကြားထားပြီးဖြစ်

မေးခွန်းများ မေးမြန်းဖြေကြားကြရာတွင် ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန်၏ **ကံမမြို့နယ် မြို့နယ်သမဝါယမအသင်းလီမိတက်သည် နိုင်ငံတော်မှ ချေးပေးသော သမဝါယမအသင်း ငွေချေးလုပ်ငန်းအပြင် ဥပဒေ၊ နည်းဥပဒေများနှင့်မညီသော ဆိုင်ခန်း၊ အိမ်ခန်း ငှားစားနေခြင်းကို ကွင်းဆင်းစစ်ဆေးရန်နှင့် ဥပဒေနှင့် မညီညွတ်ပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမအသင်းပိုင် မြေ၊ အဆောက်အအုံများအား ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူငှားရမ်းခြင်း၊ လူနေထိုင်ရန် အခန်းများ ငှားရမ်းခြင်းတို့ကို ဆောင်ရွက်ရာတွင် သမဝါယမပုံရိပ်ကျဆင်းစေသည့် အဖြစ်မျိုးမှ ရှောင်ကြဉ်နိုင်စေရန်၊ သမဝါယမ ဥပဓိရုပ်ကောင်းမွန်စေရန်၊ ငှားရမ်းသည့်အခန်းများတွင် ဥပဒေနှင့် မလွတ်ကင်းသော ကုန်ပစ္စည်းများ ရောင်းချခြင်းမပြုရန်၊ အရက်သေစာ ရောင်းချသည့် လုပ်ငန်းရှင်များကို လုံးဝငှားရမ်းခြင်းမပြုရန်နှင့် ရောင်းချမှုမရှိစေရေး မြို့နယ်သမဝါယမဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်ရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ ကံမမြို့နယ် သမဝါယမဦးစီးဌာနမှလည်း ဥပဒေနှင့်မကိုက်ညီသော၊ ခွင့်မပြုသော ပစ္စည်းများ ရောင်းချခြင်း မပြုရန်နှင့် အရက်သေစာများ ရောင်းချခြင်းမပြုရန် ငှားရမ်းသူများထံမှ ဝန်ခံကတိ ရယူဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

ကံမမြို့နယ် သမဝါယမအသင်းစုလီမိတက်အနေဖြင့် China Exim Bank ချေးငွေများအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ (၆) လ တစ်ကြိမ် ထုတ်ချေး ဆောင်ရွက်ပေးလျက်ရှိပြီး အသင်းစုပိုင်မြေနှင့် အဆောက်အအုံများ ငှားရမ်းမှုတွင် သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှု မရှိသော လုပ်ဆောင်မှုများ မရှိပါကြောင်းနှင့် လိုက်နာမှုမရှိပါက တည်ဆဲ သမဝါယမ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၏ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မှ တည်ဆောက်မှုလုပ်ငန်းများအတွက် မည်သည့်လမ်းညွှန်မှုဖြင့် တင်ဒါခေါ်ယူဆောင်ရွက်နေပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လမ်းညွှန်မှုများ ခွဲခြားထားခြင်း ရှိ မရှိ၊ တင်ဒါခေါ်ယူ အောင်မြင်ပြီးသော လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် ပို့ဆောင်ရာတွင် မည်သူက စိစစ်လက်ခံ ဆောင်ရွက်နေသည်ကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် တင်ဒါလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့် အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဖွဲ့စည်းပေးသော တင်ဒါကော်မတီ၊ ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ၊ တင်ဒါ လက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေး ကော်မတီများဖွဲ့စည်းခြင်း၊ လုပ်ငန်းများအလိုက် သတ်မှတ်စံချိန်စံညွှန်းများအား အတည်ပြုခြင်း၊ တင်ဒါစည်းကမ်း ချက်များ သတ်မှတ်ခြင်း၊ သတင်းစာတွင် ကြော်ငြာထည့်သွင်းခြင်း၊ တင်ဒါပိတ်ရက် မတိုင်မီ တင်ဒါတင်သွင်းမည့် ကုမ္ပဏီများနှင့် မီဒီယာများ ဖိတ်ကြား၍ တင်ဒါစည်းကမ်း ချက်များ ရှင်းလင်းခြင်း၊ တင်ဒါပိတ်ရက်တွင် နည်းပညာ အဆိုပြုလွှာနှင့် ဈေးနှုန်း အဆိုပြုလွှာများအား စစ်ဆေးခြင်းတို့ကို ပွင့်လင်းမြင်သာစွာ ရွေးချယ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တင်ဒါခေါ်ယူခြင်းနှင့် ပတ်သက်၍ သီးခြားလမ်းညွှန်ထားရှိမှု မရှိဘဲ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်နှင့်အညီ စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းအားလုံးကို ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်များအနေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ကျပ်သန်း ၁၀၀ နှင့် အထက် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူရာတွင်လည်း တင်ဒါခေါ်ယူ၍ ဝယ်ယူလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၏ **ကျောက်ဖြူမြို့၊ ဦးပိုင်အမှတ် (၁၁၈/ခ) မြေကွက်သည် မြို့နယ်မြေစာရင်းဌာနတွင် မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်သည် မြေပုံမိတ္တူများကို ရရှိနိုင်ရန်လျှောက်ထားသည့်အခါ သက်ဆိုင်ရာ ဝန်ကြီးဌာနက မိတ္တူထုတ်ပေးရန် တာဝန်ရှိသော်လည်း မည်သည့်အတွက် လိုက်နာခြင်း မပြုသည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ကျောက်ဖြူမြို့ အလယ်ပိုင်းရပ်ကွက် အကွက်အမှတ် (၂-င)၊ အနောက်ပိုင်းအကွက်၊ ဦးပိုင်အမှတ် (၁၁၈/ခ)၊ ဧရိယာ ၀ ဒသမ ၀၉၈ ဧကသည် ဦးသန်းမြင့် အမည်ပေါက်



ဒုတိယဝန်ကြီး
ဦးလှကျော်



နမ္မတူမဲဆန္ဒနယ်မှ
ဒေါ်နန်းခမ်းအေး

ဘိုးဘွားပိုင်မြေဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ယင်းမြေကွက်နှင့် ပတ်သက်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများ၌ သက်ဆိုင်ရာ မှတ်ပုံတင် စာအုပ်များဖြင့် နည်းလမ်းတကျ မှတ်တမ်းတင်ထားရှိပါကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲ ရေးနှင့် စာရင်းအင်းဦးစီးဌာနက ထိန်းသိမ်းထားသည့် မှတ်တမ်းများနှင့် ပတ်သက်၍ မိတ္တူရေးကူးခွင့်၊ ကြည့်ရှုစစ်ဆေးခွင့်၊ တရားရုံးသက်သေခံခွင့် စသည့်ကိစ္စရပ်များကို တည်ဆဲမြန်မာနိုင်ငံ မြေစာရင်းလက်စွဲဥပဒေအတိုင်း ဆောင်ရွက်ရပါကြောင်း၊ ထို့ကြောင့် အမည်ပေါက်သူ ကာယကံရှင် သို့မဟုတ် တရားဝင်သက်ဆိုင်သူများ သို့မဟုတ် တရားဝင်ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူမှ လျှောက်ထားရန် လိုအပ် ပါကြောင်း။

မြေပုံမိတ္တူရေးကူးရန်ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမြေစာရင်းလက်စွဲ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်ပေါက်သူ ကာယကံရှင် သို့မဟုတ် တရားဝင်သက်ဆိုင် သူများ သို့မဟုတ် တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူမှ လျှောက်ထားရန် လိုအပ်မည် ဖြစ်ပါကြောင်းနှင့် အများပြည်သူအကျိုးငှာ မြေပုံမိတ္တူရေးကူးခွင့်အား မြေစာရင်းလက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားလာပါက လုပ်ထုံး လုပ်နည်းများနှင့်အညီ ရေးကူးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားသည်။

ထို့အတူ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း၏ မိုးနဲမြို့နယ်အတွင်းရှိ နမ့်တွန်ချောင်း၊ နမ့်စလိုင်ချောင်း၊ နောင်အွန်ချောင်း၊ နောင်ကျော့အင်းနှင့် လွိုင်စယ်အင်းများအား အချိန်မီ ချဲ့ထွင်တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၏ တမူးမြို့နယ်၊ အင်ဒိုင်းအုပ်စု၊ ရန်ငြိမ်းအောင်ကျေးရွာနေ ပြည်သူများအတွက် လယ်ယာမြေ ဖော်ထုတ် လုပ်ကိုင်ခွင့်ရရှိရန် စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၏ ခရိုင် (သို့မဟုတ်) မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံး အဆောက်အအုံနှင့် ခရိုင် (သို့မဟုတ်) မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အဆောက်အအုံတို့ကို ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းတို့အပေါ် ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

## ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ လွှတ်တော်သို့ ဖတ်ကြားတင်ပြ

ထို့နောက် ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဒေါ်သန္တာက လွှတ်တော်သို့ ဖတ်ကြား တင်ပြသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော "မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း" ကို လက်ခံ ရရှိကြောင်း လွှတ်တော်သို့ အသိပေးပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော "စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက တင်သွင်းသည့် **"ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် သင်တန်း (Technical and Vocational Education and Training - TVET) ကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စက်မှုလက်မှုအထက်တန်းကျောင်း (Technical High School)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (Government Technical Institute)၊ နည်းပညာတက္ကသိုလ် (Technical University) တို့ကို တိုးချဲ့ ဖွင့်လှစ်သင်ကြားနေရာ တိုင်းပြည်အတွက် အမှန်တကယ် လိုအပ်နေသော ကျွမ်းကျင် လုပ်သားများ (Skilled Workers)၊ ကျွမ်းကျင်ပညာရှင်များ (Technicians)၊ အင်ဂျင်နီယာပညာရှင်များ (Engineers) တို့၏ လိုအပ်သော အရေအတွက်ကို သုတေသနပြုလုပ်ပြီးမှသာလျှင် သင့်လျော်သောမူဝါဒနှင့် နည်းဗျူဟာ (Appropriate Policy and Strategy) များ ချမှတ်ရေးဆွဲ၍ ဆောင်ရွက်သင့်ပါကြောင်းကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်သို့ တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က ယနေ့ခေတ် နိုင်ငံအချို့၏ ပညာရေးကဏ္ဍတွင် အသက်မွေးဝမ်းကျောင်းပညာကို အခြေခံပညာ ရေးနှင့် ဆက်စပ်သင်ကြားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ခေတ်သစ်အသက်မွေးဝမ်းကျောင်းပညာကျောင်းများသည် လူသားအရင်းမြစ်၏ အရည်အသွေးကို ခေတ်စနစ်နှင့်လျော်ညီအောင် သင်ကြားပေးနိုင်ရမည်ဖြစ်သည့် အပြင် အစိုးရမူဝါဒများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်ပညာရှင်များကို ဟန်ချက်ညီညီဖြင့် မွေးထုတ်ပေးရမည် ဖြစ်ပါကြောင်း၊ နည်းပညာရှင် မွေးထုတ်မှုတွင် တစ်နှစ်လျှင် အိန္ဒိယနိုင်ငံက ၁၃၅၀၀၀၊ စင်ကာပူနိုင်ငံက ၇၀၀၀၀ ရှိပြီး မြန်မာနိုင်ငံက ၁၀၀၀၀ ခန့်သာဖြစ်ပါကြောင်း၊ တက္ကသိုလ်ပညာသင်ကြားရန် အစိုးရ၊ ကျောင်းသားမိဘများက ငွေကြေးကျခံရပြီး ကျောင်းသားအနေဖြင့်လည်း အချိန်နှင့် အားစိုက်ထုတ်ရပါကြောင်း၊ ကျောင်းပြီး၍ သင်ကြားထားသည့်ပညာဖြင့် လုပ်ကိုင်ခွင့်မရလျှင် အားလုံးအတွက် ဆုံးရှုံးမှုကြီးဖြစ်ပါကြောင်း၊ တတ်မြောက်ထား သည့်ပညာရပ်ကို အသုံးချခွင့်မရဘဲ တိုင်းပြည်တွင် အလုပ်လက်မဲ့များနေလျှင် နိုင်ငံတော်မူဝါဒတစ်ခုခု လိုအပ်နေပြီ ဖြစ်ပါကြောင်း၊ တတ်မြောက်ထားသည့် ပညာဖြင့် လူမှုန်၊ နေရာမှန် ဆောင်ရွက်နိုင်ပါမှ တိုးတက်အောင်မြင်မည် ဖြစ်ပါကြောင်း၊ ယခုအဆို တွင်လည်း ကျွမ်းကျင်ပညာရှင်များ လိုအပ်သည့် အရေအတွက်ကို သုတေသန ပြုလုပ်ပြီးမှသာ သင့်လျော်သောမူဝါဒနှင့် နည်းဗျူဟာ ချမှတ်ရေးဆွဲ၍ ဆောင်ရွက် သင့်ကြောင်းကို တိုက်တွန်းထားသည်ဖြစ်၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေး သည်။

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က လက်ရှိကာလတွင် နည်းပညာဝန်ကြီးဌာနကို ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းလိုက်ပါကြောင်း၊ သို့သော်လည်း နည်းပညာကဏ္ဍ အတွက်နှင့် ဒုတိယဝန်ကြီး ခန့်အပ်ထားမှု မရှိသည်ကို တွေ့ရပါကြောင်း၊ အဆိုရှင် တင်ပြသည့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မူဝါဒနှင့် နည်းဗျူဟာ များ ချမှတ်ခြင်း၊ သုတေသနပြုခြင်းလုပ်ငန်းများကို ဆောင်ရွက်သင့်ပါကြောင်း၊ တစ်ဖက်တွင်လည်း နည်းပညာရပ်များကို ပိုမိုအလေးထား ဆောင်ရွက်လာနိုင်ရန် တွန်းအားတစ်ရပ် ထားရှိသင့်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် နည်းပညာနှင့် ဆိုင်သည့် ကဏ္ဍများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်ကြရ မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီး (နည်းပညာ) တစ်ဦး ခန့်ထားပြီး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကို ဆောင်ရွက်မည်ဆိုပါက ပိုမိုအဆင်ပြေမည်ဟု အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၊ သိန်နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ ဆိပ်ဖြူ မဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်သက်သက်ခိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ဒေးဒရဲ မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်ညို၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင်နှင့် ဘီးလင်း မဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး (ခ) ဦးအတွတ် တို့ကလည်း ဆွေးနွေးကြသည်။

## နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအတွက် သင်ယူနိုင်သော အခွင့်အလမ်းများ တိုးချဲ့ဆောင်ရွက်ခြင်းကို အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းပြည်အတွက် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်ပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များ လိုအပ်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်ရာတွင် သုတေသနများ ပြုလုပ်ဆောင်ရွက်ပြီးမှ ချမှတ်ရေးဆွဲခဲ့သည့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) အရ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမအင်အား၊ သင်ထောက်ကူပစ္စည်း၊ လက်တွေ့ခန်းသုံးပစ္စည်းများနှင့် Infrastructure စသည့် လိုအပ်ချက်များအား ဘဏ္ဍာရေးနှစ်အလိုက် ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး (Technical and Vocational Education and Training- TVET) အတွက် သင်ယူနိုင်သော အခွင့်အလမ်းများ တိုးချဲ့ဆောင်ရွက်ခြင်းများကိုလည်း အမျိုးသားပညာရေး မဟာ ဗျူဟာစီမံကိန်း (NESP) နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ အင်ဂျင်နီယာပညာရေးအတွက် နည်းပညာတက္ကသိုလ်များကို အဆင့်မြင့် ပညာဦးစီးဌာနအောက်တွင် ထားရှိပြီးဖြစ်ပါကြောင်း၊ ထို့အပြင် နည်းပညာနှင့် သက်မွေး ပညာဦးစီးဌာန ဖွဲ့စည်းပြီး သုတေသနလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက် မည်ဖြစ်ပါကြောင်း၊ ယခုအဆိုတွင် ပါရှိသည့် အကြောင်းအရာများ အားလုံးကို ပညာရေး ဝန်ကြီးဌာနက ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ အဆို၏အဓိပ္ပာယ်သည် နည်းပညာနှင့် သက်မွေးပညာ ဆောင်ရွက်ချက်များကို ယခုထက် ပိုမိုတိုးတက်ဆောင်ရွက်နိုင်စေ ရန်နှင့် နိုင်ငံအတွက် လိုအပ်နေသော ဘက်ပေါင်းစုံ သက်မွေးပညာရပ်များကို တိုးချဲ့ ဆောင်ရွက်ရန်အတွက် တိုက်တွန်းသည့် အဆိုဖြစ်ခြင်းကြောင့် အဆိုကို လက်ခံပါ ကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြု ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကို စက်တင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ကော့သောင်းမြို့နယ် မကြံ့ဂုလက်ကျေးရွာတို့တွင် အစဉ်လိုက် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါက်တာ ခင်မောင်ဝင်း၏ **လူနည်းစုနှင့် မျိုးတုန်းပျောက်ကွယ်လုနီးဖြစ်သော ဆလုံ (ခ) မော်ကင်းလူမျိုးများနှင့် ဒေသခံပြည်သူများ နေထိုင်လျက်ရှိသည့် ကော့သောင်းခရိုင်အတွင်းရှိ မကြံ့ဂုလက်၊ ညောင်ဝီ၊ ဂျာလန်း၊ ဂျာအုံနှင့် လငန်းကျွန်းများတွင် ဒေသခံပြည်သူများ အခြေပြုခရီးသွားလုပ်ငန်း (CBT) များ ဖော်ဆောင်ပေးရန်နှင့် ထိုကျွန်းများပေါ်ရှိ ရွာမြေများ၊ ပင်လယ်ကမ်းခြေ၊ ပင်လယ်အော်များကို ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်ကုမ္ပဏီများ၏ လက်ဝါးကြီးအုပ် သိမ်းပိုက်မှုများမှ ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က တနင်္သာရီတိုင်းဒေသကြီးအတွင်း ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရေးအတွက် ထားဝယ်ခရိုင်တွင် လောင်းလုံမြို့နယ် စမ်းလှမ်းကျေးရွာအား Pilot Project အဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြိတ်ခရိုင်တွင် ကျွန်းစုမြို့နယ် ဒုံးညောင်မှိုင်းကျေးရွာနှင့် ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် မကြံ့ဂုလက်ကျေးရွာတို့တွင် အစဉ်လိုက် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျွန်းများပေါ်တွင် ကုမ္ပဏီများမှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်နေမှုသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုချက်၊ မြေငှားရမ်းစာချုပ်နှင့် BOT စာချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုမိန့်များဖြင့် စီမံဆောင်ရွက်လျက်ရှိနေပါသဖြင့် လုပ်ငန်းရှင် ကုမ္ပဏီများ၏ လက်ဝါးကြီးအုပ် သိမ်းပိုက်မှုများ မဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးခင်မောင်လတ်၏ **စစ်တွေ-မေယု ဒေသဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော မေယုမြစ်ကူးတံတားကို မူစဲကျွန်းမှတစ်ဆင့် ဖြတ်သန်းပြီး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက စစ်တွေမြို့မှ မေယုဒေသ၊ ဘူးသီးတောင်မြို့သို့ ဆက်သွယ်သွားလာနိုင်ရန်အတွက် စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်းကို ဖောက်လုပ်ပေးထားပြီး လမ်းပေါ်ရှိ တံတားများကိုလည်း ပြုပြင်တည်ဆောက်ပေးထားပြီးဖြစ်ပါသဖြင့် မော်တော်ယာဉ်များဖြင့် တိုက်ရိုက်သွားရောက်နိုင်ပြီဖြစ်ပါကြောင်း၊ အဆိုပါလမ်းသည် အရှည် ၇၉ မိုင် ၁ ဖာလုံရှိပြီး ပေ ၁၈၀ အထက် တံတား ကိုးစင်း ပါဝင်ပါကြောင်း၊ စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်းကို ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် အဆင့်မြှင့်တင် တိုးမြှင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသဖြင့် ရန်ပုံငွေ သုံးစွဲကုန်ကျမှုများရှိပြီး လမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ပြီးပါက စစ်တွေမှ ဘူးသီးတောင်သို့ ၇၉ မိုင် ၁ ဖာလုံ ခရီးကို ၃ နာရီခွဲခန့်ဖြင့် ရောက်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် တစ်ဖက်တွင်လည်း အငူမော်မှတစ်ဆင့် မောင်တောသို့ ကွန်ကရစ်လမ်းခင်း၍ လမ်းအဆင့် တိုးမြှင့်ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပြီး ကွန်ကရစ်လမ်းအဆင့်ပြီးစီးပါက စစ်တွေမှတစ်ဆင့် ဇက်ရေယာဉ်ဖြင့် အငူမော်သို့ကူးပြီး အငူမော်မှတစ်ဆင့် ကွန်ကရစ်လမ်းအတိုင်း မောင်တောသို့ သွားရောက်နိုင်မည်ဖြစ်ပါကြောင်း။

စစ်တွေမှ ဘူးသီးတောင်သို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်းအား အဆင့်တိုးမြှင့် ဆောင်ရွက်ရာတွင် မူစဲကျွန်းမှတစ်ဆင့် ဖောက်လုပ်မည့် လမ်းအပိုင်းတွင် တံတား သုံးစင်းလိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ တံတား သုံးစင်းမှာ ပေ ၄၃၀၀ ခန့် ရှည်မည့် တံတား အမှတ် (၁)၊ ပေ ၅၅၀ ခန့်ရှည်မည့် တံတားအမှတ် (၂)နှင့် ပေ ၁၄၃၀၀ ရှည်မည့် တံတားအမှတ် (၃) တို့ ဖြစ်ပါကြောင်း၊ ထို့ပြင် တံတား၏ ချဉ်းကပ်လမ်းများ ဆောင်ရွက်ရမည့် ပမာဏမှာ ကြီးမားပါကြောင်း။

ထို့ကြောင့် စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းအပိုင်းကို ဦးစွာ ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဆင့်၊ ကွန်ကရစ်လမ်းအဆင့်အဖြစ် အဆင့်မြှင့်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် လတ်တလောတွင် တင်ပြထားသည့် လမ်းကြောင်းတွင်ရှိသည့် တံတား သုံးစင်းကို တည်ဆောက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း၊ သို့သော် ရေရှည်လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အတွက် ပဏာမကြိုတင်ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှု Pre Feasibility Study အား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်



တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါက်တာ ခင်မောင်ဝင်း

## နောင်ချိုမြို့ရှောင်လမ်းနှင့် ဂုတ်တွင်းတံတားသစ် လက်ရှိ တည်ဆောက်မည့် နေရာသည် ကမ္ဘာကျော် ဂုတ်ထိပ် ရထားတံတားကြီးမှ ၆၉၆ မီတာကွာဝေးသော နေရာတွင် တည်ဆောက်မည်ဖြစ်

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄) မှ ဦးစိုင်းအုန်းကျော်၏ **ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်အတွင်းရှိ နောင်ချိုမြို့ရှောင်လမ်းစီမံကိန်း သို့မဟုတ် ဂုတ်တွင်းတံတားသစ် ချဉ်းကပ်လမ်းစီမံကိန်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက နောင်ချိုမြို့ရှောင်လမ်းနှင့် ဂုတ်တွင်းတံတားသစ် လက်ရှိတည်ဆောက်မည့် နေရာသည် ကမ္ဘာကျော်ဂုတ်ထိပ်ရထားတံတားကြီးမှ ၆၉၆ မီတာကွာဝေးသော နေရာတွင် တည်ဆောက်မည်ဖြစ်ပြီး တံတားပြီးသည့်အချိန်တွင် ကမ္ဘာကျော် ဂုတ်ထိပ်တံတားကိုလည်း ယှဉ်တွဲပြီး မြင်တွေ့ရမည်ဖြစ်သည့်အတွက် ကမ္ဘာလှည့်ခရီးသွားများကိုလည်း ဆွဲဆောင်နိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ တံတားတည်ဆောက်မည့် ပုံစံသည် မြန်မာနိုင်ငံတွင် တစ်ကြိမ်တစ်ခါမှ တည်ဆောက်ခြင်း မရှိသေးသည့် Balance Cantilever Method ကို Cable Stayed နှင့် ပေါင်းစပ်တည်ဆောက်မည်ဖြစ်ပါကြောင်း။

တံတားတိုင်၏ အမြင့်သည် ပျမ်းမျှ ပေ ၆၀၀ ခန့်မြင့်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင် အမြင့်ဆုံးတံတားဖြစ်လာမည် ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မည့် လမ်းနှင့် တံတား တည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်းကို နိုင်ငံတော်ပိုင် ရန်ပုံငွေဖြင့် ဆောင်ရွက်မည်မဟုတ်ဘဲ Oriental Highway Co.,Ltd ပိုင် ငွေကြေးဖြင့် စိုက်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ခန့်မှန်းခြေ မြန်မာငွေကျပ် ၄၀ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၁၂၀ ဒသမ ၇၇ သန်း ငွေနှစ်ရပ်ပေါင်း၍ သုံးစွဲကုန်ကျမည် ဖြစ်ပါကြောင်း။

နောင်ချိုမြို့ရှောင်လမ်းနှင့် ဂုတ်တွင်းတံတားသစ်တည်ဆောက်ခြင်း စီမံကိန်းဧရိယာတွင် ကျောက်မဲမြို့နယ်အတွင်း စိုက်ပျိုးမြေဧရိယာ စုစုပေါင်း ၁၆၉ ဒသမ ၉၉ ဧကနှင့် နောင်ချိုမြို့နယ်အတွင်း စိုက်ပျိုးမြေနှင့် သစ်တောမြေ စုစုပေါင်း ၃၂၉ ဒသမ ၇၄ ဧကတို့ ပါဝင်ပြီး မြေဧရိယာ စုစုပေါင်းမှာ ၄၉၉ ဒသမ ၇၃ ဧက ဖြစ်ပါကြောင်း၊ အဆိုပါ မြေဧရိယာ ၄၉၉ ဒသမ ၇၃ ဧကအနက် ၃၆ ဒသမ ၃၅ ဧကသည် အစိုးရအဖွဲ့အစည်းပိုင်ဖြစ်သည့်အတွက် လျော်ကြေးပေးချေရန် မလိုအပ်ပါသဖြင့် ကျန်ရှိသော လျော်ကြေးပေးချေရန် လိုအပ်သည့် တောင်သူ ၂၈၃ ဦး၏ မြေ ၄၆၃ ဒသမ ၃၈ ဧကအတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလနှင့် ဖြည့်စွက်ရန်ပုံငွေ) စုစုပေါင်း ၆ ဒသမ ၁၇၃ ဘီလီယံရရှိခဲ့ပြီး တံတားဦးစီးဌာနမှ ပေးလျော်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

လျော်ကြေးငွေပေးချေရာတွင် သဘောတူခဲ့သည့် တောင်သူ ၂၂၀ ဦး၏ မြေ ၃၄၄ ဒသမ ၂ ကေအနက် တောင်သူ ၂၁၄ ဦး၏ မြေ ၃၃၃ ဒသမ ၈၁ ကေအတွက် ငွေကျပ် ၄ ဒသမ ၄၁၇ ဘီလီယံ ပေးလျော်ထားပြီးဖြစ်ပါသဖြင့် လက်ရှိအချိန်တွင် ပေးလျော်ထားရှိမှုမှာ ၇၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ သဘောတူ လက်ခံခြင်းမရှိသည့် တောင်သူ ၆၂ ဦး၏ မြေ ၁၁၉ ဒသမ ၁၈ ဧကအား သတ်မှတ်လျော်ကြေး ပေးချေနိုင်ရေးအတွက် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များမှ တိုက်တွန်းညှိနှိုင်း ဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း။

လျော်ကြေးငွေတောင်းခံခြင်း မရှိသေးသည့် တောင်သူ ၆၂ ဦးမှ လျော်ကြေးလက်ခံပြီးစီးသွားပါက စီမံကိန်းလုပ်ငန်းများကို ချက်ချင်း စတင်နိုင်မည်ဖြစ်ပါကြောင်း၊ လျော်ကြေးပေးချေရန် ညှိနှိုင်းဆောင်ရွက်၍ မရပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီး ခွင့်ပြုမိန့် ရရှိထားသည့်အတွက် လျော်ကြေးမယူပါကလည်း နိုင်ငံတော်စီမံကိန်းဖြစ်သည့်အတွက် ၁၈၉၄ ခုနှစ် ဥပဒေဖြင့် ဆက်လက်ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ပါကြောင်း။

တံတားတည်ဆောက်ရေး စီမံကိန်းဧရိယာတွင် ပါဝင်သော တောင်သူ ၂၂၀ ဦးအား မြေယာလျော်ကြေးငွေ ၄ ဒသမ ၄၁၇ ဘီလီယံ ပေးလျော်ပြီးဖြစ်ပါကြောင်းနှင့် ကျန်ရှိသော တောင်သူ ၆၂ ဦးအား မြေယာလျော်ကြေးငွေ လက်ခံနိုင်ရေးအတွက် ဖျောင်းဖျပေးနိုင်ပါရန် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များအား အကူအညီတောင်းခံအပ်ပါကြောင်း ဖြေကြားသည်။

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄) မှ ဦးဇုန်လှယ်ထန်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၄) မှ ဦးနောင်နဂျာတန် တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

## နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ထို့နောက် နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါက်တာ ခွန်ဝင်းသောင်းက နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေအစား မြေနယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေဖြင့် အစားထိုး ပြင်ဆင်လိုပါကြောင်း၊ နယ်နိမိတ်သတ်မှတ်ရေးအရာရှိဆိုသည်မှာ ဤဥပဒေပါ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသူဟူ၍ အစားထိုးမည် ဖြစ်ပါကြောင်း၊ ကြော်ငြာစာနေရာတွင် အကြောင်းကြားစာဖြင့် ပြင်ဆင်ဖြည့်စွက်လိုပါကြောင်း၊ ထို့ပြင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို မြို့နယ်၊ မြို့ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများအတွင်းရှိ မြေများ၏ နယ်နိမိတ်များဟူ၍ ထပ်မံဖြည့်စွက်လိုပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) မှ ဦးဝင်းမြင့်က တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းဆိုသည့် စာသားနောက်တွင် ပြင်ဆင်မှုကို လိုက်နာစေခြင်းဆိုသည့် စကားရပ်နှင့် ပိုင်ဆိုင်မှု (သို့မဟုတ်) လက်ရှိဖြစ်ခြင်းနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုကို လက်ခံခြင်း၊ ဖြေရှင်းပေးခြင်းဆိုသည့် စကားရပ်ကို ဖြည့်စွက်လိုပါကြောင်း၊ အဆိုပါ စကားရပ်နှစ်ရပ်ကို ဖြည့်စွက်လိုက်ပါက နိုင်ငံတော်အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများအတွင်းရှိ ကွင်းအကွက်များ၏ မြေနယ်နိမိတ်များ တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြင်ဆင်မှုကို လိုက်နာစေခြင်း၊ ပိုင်ဆိုင်မှု (သို့မဟုတ်) လက်ရှိဖြစ်ခြင်းနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုကို လက်ခံခြင်း၊ ဖြေရှင်းပေးခြင်း ဆောင်ရွက်နိုင်စေရန် ဟူ၍ စာစီရမည် ဖြစ်ပါကြောင်း၊ ပြင်ဆင်လိုသည့် အကြောင်းအရင်းမှာ ရည်ရွယ်ချက် အခန်း (၂) ကို အကောင်အထည်ဖော်သည့် အခန်း (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) လုပ်ငန်းများနှင့် ရှေ့နောက်ဆက်စပ်မှုရှိရန် လိုအပ်မည်ဟု ယူဆသည့်အတွက် ပြင်ဆင်ဖြည့်စွက်လိုခြင်း ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၅) မှ ဦးတင်အောင်ထွန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုး တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို** အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို စက်တင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင် (သတင်းစဉ်)**

---

● ***ကျောဖုံးမှ***

တောင်ကြီးမြို့၌ သွားရောက်လေ့ကျင့်ခဲ့ပြီး အား/ကာသိပ္ပံ ယူ-၁၆ အမျိုးသားအသင်းနှင့် နှစ်ပွဲ၊ အမျိုးသမီးအသင်းနှင့် တစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ရန် စင်ကာပူအမျိုးသမီး ယူ-၁၆ အသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားနေပြီး ပထမပွဲတွင် ကိုးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ကာ ဒုတိယပွဲကို စက်တင်ဘာ ၆ ရက်တွင် ထပ်မံကစားမည် ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် ခြေစစ်ပွဲ ပထမအဆင့် အုပ်စု (C) ကို စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ နီပေါနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် ခြေစစ်ပွဲ အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၁၉ ရက်တွင် မလေးရှား၊ စက်တင်ဘာ ၂၁ ရက်တွင် အိမ်ရှင် နီပေါ၊ စက်တင်ဘာ ၂၃ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့် ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးခြောက်သင်းနှင့် ဒုတိယနေရာရ အသင်းများအနက် ထိပ်ဆုံးနှစ်သင်းမှာ ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရမည် ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းတွင် **နည်းပြချုပ်** ဒေါ်စန်းစန်းသိန်း၊ **နည်းစနစ်အကြံပေး** ဦးအေးမောင်ကြီး၊ **လက်ထောက်နည်းပြ** ဒေါ်နုနုခိုင်ဝင်း၊ **ဂိုးနည်းပြ**- ဒေါ်မေခင်ယမင်း၊ ကစားသမားများအဖြစ် **ဂိုးသမား**-စိမ်းလဲ့လဲ့ဦး၊ ပိုးဥ၊ ခင်မြတ်မိုး၊ မိုင်နီလာထွန်း၊ **နောက်တန်း**-မေသော်ကို၊ ဖြူဖြူဝင်း၊ မေသက်မွန်မြင့်၊ စုံနှင်းဖွေး၊ မိုးစက်ခ၊ မေသူခိုင်၊ ဖူးဖူးဇင်ဇော်၊ ရတနာဦး၊ လာအယ်ဝါ၊ ရွှေဇင်မင်း၊ **အလယ်တန်း**- ဝင်းဝင်း၊ ပုံ့ပုံ့ပြည့်မောင်၊ ဇင်မာထွေး၊ ဝေဖူးအိမ်၊ ထက်ထက်ဝင်း၊ ကေကေ၊ စန်းစန်းလင်း၊ **ရှေ့တန်း**- မြတ်နိုးခင်၊ ဆွေမာအောင်၊ ဆုပြည့်ပြည့်ကျော်နှင့် ဂျူလိုင်ချာတို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

---

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**လယ်ဝေး စက်တင်ဘာ ၅**

ကျေးလက်ဒေသများမှ တောင်သူလယ်သမားများ စက်မှုလယ်ယာကူးပြောင်းရေးလုပ်ငန်းများတွင် လယ်ယာသုံးစက်ကိရိယာများ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း (၁/၂၀၁၈) ဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက လယ်ဝေးမြို့အမှတ် (၄၇) စက်မှုလယ်ယာစခန်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး (စီမံကိန်း-၁) ဒေါ်ယုခင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး နေပြည်တော် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝေက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။ အဆိုပါသင်တန်းသို့ လယ်ဝေးမြို့နယ်အတွင်းမှ သင်တန်းသား ၃၂ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မွှေး**

# ၂၀၀၆ ခုနှစ်ကစပြီး နိုင်ငံတော်ရဲ့ရင်းနှီးမြှုပ်နှံမှုတင်မကဘဲနဲ့ စီးပွားရေးအရ အကျိုးအမြတ်တစ်ခုရှိနိုင်တဲ့ အတွက်ကြောင့် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ဖို့ လမ်းဖွင့်ပေးခဲ့ပါတယ်

ဦးကျော်ကျော်လွင်(ဒုတိယညွှန်ကြားရေးမှူးချုပ်)

## သစ်တောကဏ္ဍနှင့် ဆက်စပ်သည့် နိုင်ငံ့စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**သစ်တောကဏ္ဍနှင့် ဆက်စပ်သည့် နိုင်ငံ့စီးပွားရေး စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ဦးကျော်ကျော်လွင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန)၊ ဦးခွန်အောင်စိုး (အထွေထွေမန်နေဂျာ၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း)၊ ဒေါက်တာဆန်းဦး(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)၊ ဦးစိုင်းမျိုးဝင်း(Excellent Fortune Development Group ၊ Chairman & Founder)၊ ဒေါက်တာဝင်းမောင်(ဥက္ကဋ္ဌ၊ မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ) နှင့် ဦးအာကာမင်း (မန်နေဂျင်းဒါရိုက်တာ ၊ High United Co., Ltd) တို့က ပါဝင်ဆွေးနွေးကြသည်။**

**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။**




**အစီအစဉ်မှူး ။ ။ဒီနေ့ စီးပွားရေးစကားဝိုင်းကနေ နိုင်ငံရဲ့သစ်တောကဏ္ဍနဲ့ စီးပွားရေးဆက်နွှယ်တဲ့ အပိုင်းအခြားတွေကို တင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်ဖို့ သစ်တောကဏ္ဍရဲ့ ဆောင်ရွက်ချက်နဲ့ ပတ်သက်ပြီး ပထမဦးစွာ ရှင်းလင်းဆွေးနွေးစေလိုပါတယ်။**

**ဦးကျော်ကျော်လွင်** ။ ။ကျွန်တော်တို့ သစ်တောဦးစီးဌာနအနေနဲ့ကတော့ အဓိက စီးပွားရေးနဲ့ပတ်သက်ရင် ကာကွယ်ထိန်းသိမ်းရေးကို ပိုပြီးတော့ ဦးစားပေးပါတယ်။ အဲဒီကမှ စီးပွားရေးအတွက် သစ်ကို ထုတ်လုပ်တာ ဖြစ်ပါတယ်။ Global Warming အခြေအနေအရ ရာသီဥတုပြောင်းလဲလာတော့ ပြုစုထိန်းသိမ်းရေးဘက်ကို ပိုပြီးအားပေးပါတယ်။ ဒါပေမယ့် သစ်တောကဏ္ဍက စီးပွားရေးအတွက်ဆိုရင် အားလုံးသိတဲ့အတိုင်းပဲ တစ်ချိန်တုန်းက သစ်ကို ထုတ်ပြီး ရောင်းခဲ့ကြတယ်။ ဒါတွေအပြင် သစ်တောကဏ္ဍက အခြားစီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုလုပ်နိုင်တဲ့ ကဏ္ဍလေးတွေ ရှိလာပါတယ်။ ဒါတွေကတော့ ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်း စသဖြင့်ပေါ့။

ပထမဦးဆုံး သစ်တောကဏ္ဍမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်ချက်အနေနဲ့ သစ်တောစိုက်ခင်း တည်ထောင်ခြင်းမှာ ရင်းနှီးမြှုပ်နှံမှုအပိုင်းကို ဦးစွာ ရှင်းလင်းပြောကြားလိုပါတယ်။ တစ်ချိန်တုန်းက သစ်တောစိုက်ခင်းတည်ထောင်ခြင်းကို နိုင်ငံတော်ရဲ့ရင်းနှီးမြှုပ်နှံမှုနဲ့ပဲ လုပ်ကိုင်ခဲ့ပါတယ်။ ၁၉၈၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိဆိုရင် ဧက ကိုးသိန်းခြောက်သောင်းကျော်က ကျွန်းစိုက်ခင်း၊ နှစ်သိန်းခြောက်သောင်းကျော်က သစ်မာစိုက်ခင်း စိုက်ပျိုးခဲ့ပါတယ်။ ဒါပေမယ့် ၂၀၀၆ ခုနှစ်ကစပြီး နိုင်ငံတော်ရဲ့ ရင်းနှီးမြှုပ်နှံမှုတင်မကဘဲနဲ့ ဒါဟာ စီးပွားရေးအရ အကျိုးအမြတ်တစ်ခုရှိနိုင်တဲ့အတွက်ကြောင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ဖို့ စတင်ပြီး လမ်းဖွင့်ပေးခဲ့ပါတယ်။

၂၀၀၆ ခုနှစ်ကနေ အခု ၂၀၁၈ ခုနှစ်အထိဆိုရင် ပုဂ္ဂလိကစိုက်ခင်း တည်ထောင်မှုအနေနဲ့ ကျွန်းက တစ်သိန်းလေးသောင်းနဲ့ သစ်မာက တစ်သိန်းကျော် ရှိပါတယ်။ ပုဂ္ဂလိကစိုက်ခင်းအမျိုးအစားတွေကတော့ ပုဂ္ဂလိကကျွန်း၊ ပုဂ္ဂလိကသစ်မာ၊ ပုဂ္ဂလိကရော်ဘာ၊ ပုဂ္ဂလိကစက်မှုကုန်ကြမ်းနဲ့ ပုဂ္ဂလိက အခြားစိုက်ခင်းဆိုပြီး စိုက်ခင်းအမျိုးအစားတွေ ခွင့်ပြုထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ပုဂ္ဂလိက စိုက်ခင်းတွေတည်ထောင်ခွင့်ပေးတဲ့အခါမှာ ပုဂ္ဂလိကကျွန်းစိုက်ခင်းဆိုရင် နိုင်ငံတော်အစိုးရကို တင်ပြပြီး အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ခွင့်ပြုပေးနေပါတယ်။ သစ်မာဆိုရင် ဧက ၁၀၀ အထိ သစ်တောဦးစီးဌာနကနေ ခွင့်ပြုပေးနေပါတယ်။

မြန်မာ့ကျွန်းက ထင်ရှားပြီး ဈေးကောင်းလည်းရတဲ့အတွက် တစ်သိန်း လေးသောင်းအထိ စိုက်ပျိုးလာကြတယ်။ ပုဂ္ဂလိကကျွန်းစိုက်ခင်းကို နိုင်ငံသူ နိုင်ငံသားတွေကပဲ ရင်းနှီးမြှုပ်နှံလာကြတယ်။ တစ်ကမ္ဘာလုံးက မြန်မာ့ကျွန်းကို စိတ်ဝင်စားကြတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ၊ Joint Venture တွေ ဝင်လာပါပြီ။ ဒီမှာ ကျွန်တော်ဆွေးနွေးနေရင်းနဲ့ ဦးစိုင်းမျိုးဝင်းကို ဖိတ်ခေါ်ချင်တာကတော့ နိုင်ငံတော်က ခွင့်ပြုပြီး စိုက်လာတဲ့အခြေအနေနဲ့ နိုင်ငံခြားကုမ္ပဏီတစ်ခုနဲ့ Joint Venture အခြေအနေကို ဆွေးနွေးပေးပါခင်ဗျ။

**ဦးစိုင်းမျိုးဝင်း**။ ။ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့က ၂၀၀၆ ခုနှစ်မှာ နိုင်ငံတော်က ပုဂ္ဂလိကစိုက်ခင်းခွင့်ပြုခဲ့တဲ့ အဲဒီနှစ်မှာပဲ စိုက်ပျိုးဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာ စိုက်ပျိုးခဲ့ပါတယ်။ အခုချိန်ထိ စိုက်ပျိုးပြီးတဲ့ ဧကက သစ်တောဦးစီးဌာနကနေပြီးတော့ ငှားရမ်းစိုက်ပျိုးတာ ဧက တစ်သောင်းဖြစ်ပါတယ်။ မြေလွတ်မြေရိုင်းကနေ ငှားရမ်းပြီး စိုက်ပျိုးတာ ဧက ငါးထောင်ဖြစ်ပါတယ်။ စုစုပေါင်း တစ်သောင်းငါးထောင် စိုက်ပျိုးပြီးဖြစ်ပါတယ်။ PWC ကုမ္ပဏီအနေနဲ့ Audit Report မှာက ၂၀၀၆ ခုနှစ်စတင်စိုက်ပျိုးချိန်ကနေ နှစ်သုံးဆယ်မှာ ဧက တစ်သောင်းငါးထောင်၊ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ တန်မယ်ဆိုပြီး Audit Report ထွက်ပါတယ်။ မြန်မာကျွန်းဟာ ကမ္ဘာပေါ်မှာ ပထမတန်းစား ကျွန်းအမျိုးအစားဖြစ်ပါတယ်။ ဒါကြောင့် အင်္ဂလန်နိုင်ငံမှ ကုမ္ပဏီက စိတ်ဝင်စားတဲ့အတွက် JV ဆောင်ရွက်ဖို့ ကမ်းလှမ်းပါတယ်။ နိုင်ငံတော်ရဲ့ ခွင့်ပြုချက်နဲ့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။

**အစီအစဉ်မှူး ။ ။ဒီဧက တစ်သောင်းခွဲလောက်ကို မြန်မာနိုင်ငံရဲ့ဘယ်အပိုင်းတွေမှာ စိုက်ပျိုးတာပါလဲ။**

**ဦးစိုင်းမျိုးဝင်း**။ ။ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်နဲ့ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်မှာ ကျွန်တော်တို့ စိုက်ခင်းတွေ ရှိပါတယ်။

**အစီအစဉ်မှူး ။ ။ဆက်လက်ပြီးတော့ မြန်မာ့သစ်လုပ်ငန်းအကြောင်းကို ရှင်းပြစေလိုပါတယ်။**

**ဦးခွန်အောင်စိုး** ။ ။မြန်မာ့သစ် လုပ်ငန်းက ၁၉၄၈ ခုနှစ်က စတင်တည်ထောင်ခဲ့တဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ဖြစ်ပါတယ်။ အခုဆိုရင် နှစ် ၇၀ ပြည့်လောက် ရောက်ခဲ့ပါပြီ။ မြန်မာ့သစ်လုပ်ငန်းရဲ့ အဓိကလုပ်ငန်းကတော့ မြန်မာ့သစ်တောကထွက်တဲ့ သစ်ပင်တွေကို သစ်တောဦးစီးဌာနရဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ ထုတ်လုပ်ပြီး နိုင်ငံတော်ရဲ့ ဝင်ငွေရှာဖွေခြင်း ဖြစ်ပါတယ်။ ခုတော့ သစ်တောတွေ ထိန်းသိမ်းတဲ့အနေနဲ့၊ သဘာဝပတ်ဝန်းကျင်တွေ ထိန်းသိမ်းတဲ့အနေနဲ့ သစ်ကို လျှော့ထုတ်လာပါပြီ။ သစ်အလုံးလိုက် တင်ပို့မှုကို ရပ်ဆိုင်းပြီးတော့ သစ်ကနေ အချောထည်ထုတ်လုပ်ပြီး နိုင်ငံခြားတင်ပို့တာကို လက်ရှိလုပ်ဆောင်နေပါတယ်။

**“မြန်မာ့သစ်လုပ်ငန်းရဲ့ အဓိကလုပ်ငန်းကတော့ မြန်မာ့သစ်တောကထွက်တဲ့ သစ်ပင်တွေကို သစ်တောဦးစီးဌာနရဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ ထုတ်လုပ်ပြီး နိုင်ငံတော်ရဲ့ဝင်ငွေရှာဖွေခြင်းဖြစ်ပါတယ်။ ခုတော့ သစ်တောတွေ ထိန်းသိမ်းတဲ့အနေနဲ့၊ သဘာဝပတ်ဝန်းကျင်တွေ ထိန်းသိမ်းတဲ့အနေနဲ့ သစ်ကို လျှော့ထုတ်လာပါပြီ။ သစ်အလုံးလိုက်တင်ပို့မှုကို ရပ်ဆိုင်းပြီးတော့ သစ်ကနေ အချောထည်ထုတ်လုပ်ပြီး နိုင်ငံခြားတင်ပို့တာကို လက်ရှိလုပ်ဆောင်နေ”**

နောက်တစ်ခုက နိုင်ငံပိုင်စီးပွားရေးဟာ ပုဂ္ဂလိကပိုင် စီးပွားရေးကို မြှင့်တင်ပေးတဲ့အနေနဲ့ နိုင်ငံပိုင် စီးပွားရေးတွေကို လျှော့ချတယ်။ ကျွန်တော်တို့ သစ်လုပ်ငန်းအနေနဲ့ ဘယ်လောက်အထိ လျှော့ချလိုက်လဲဆိုရင် မူရင်းဖွဲ့စည်းပုံဝန်ထမ်းအင်အားက လေးသောင်းငါးထောင် ရှိပါတယ်။ ပြီးခဲ့တဲ့ လကုန်အထိ ဝန်ထမ်းအင်အားကတော့ တစ်သောင်းငါးထောင်တစ်ရာပဲ ကျန်ရှိပါတယ်။ သတ်မှတ်ထားတဲ့ နိုင်ငံတော် ဘတ်ဂျက်ဝင်ငွေပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဈေးကွက်စီးပွားရေးကို ပြောင်းလဲသွားတဲ့အချိန်မှာ သစ်တွေကို တင်ဒါစနစ်နဲ့ပဲ ရောင်းချပါတယ်။ တင်ဒါစနစ်နဲ့ ရောင်းချခြင်းဖြင့် ဈေးကွက်သဘောအရ တစ်သိန်းတန်သော သစ်ကို တစ်သိန်းအပြည့်အဝ ရရှိပါတယ်။ တင်ဒါကိုလည်း လစဉ်ရောင်းနေတဲ့အတွက် စက်မှုကုန်ကြမ်းလိုအပ်တဲ့ စက်ရုံတွေအတွက် ကုန်ကြမ်းကို မြန်မာ့သစ်လုပ်ငန်းမှာ ရောင်းပေးနေပါတယ်။ ပြည်ပရောင်းတာက နှစ်ကြိမ်၊ ပြည်တွင်းရောင်းတာက တစ်ကြိမ်ဆောင်ရွက်ပေးပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ လစဉ်ရောင်းနေတာဖြစ်တဲ့အတွက် ကုန်ကြမ်းဘယ်လိုရရှိပြီး ဘယ်လိုဆောင်ရွက်တယ်ဆိုတာကို စက်ရုံပိုင်ရှင် ဦးအာကာမင်းက ဆက်လက်ပြီး ဆွေးနွေးပေးစေလိုပါတယ်။

**ဦးအာကာမင်း** ။ ။ပြည်တွင်း ရောင်းဝယ်ရေးနဲ့ သစ်စက်ဌာနကနေ တစ်လတစ်ကြိမ် တင်ဒါလုပ်ပေးပါတယ်။ လုပ်ပေးတဲ့အနေအထားကလည်း အဆင်ပြေပါတယ်။ ဒီတင်ဒါပွဲနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ပြောပြချင်တာက ကျွန်တော်တို့က SME လုပ်ငန်းရှင် အဖွဲ့အစည်းတွေပါ။ တစ်လတစ်ကြိမ်ဖြစ်နေတဲ့ တင်ဒါပွဲမှာ တစ်နိုင်ငံလုံးက လုပ်ငန်းရှင်တွေ အသေးစား၊ အလတ်စားနဲ့ အကြီးစားလုပ်ငန်းရှင်တွေ ပါပါတယ်။ တင်ဒါဆွဲတဲ့အခါ အကြီးစားလုပ်ငန်းရှင်တွေနဲ့ယှဉ်ပြီး တင်ဒါဝင်ဆွဲနိုင်ဖို့ အခက်အခဲတော့ ရှိပါတယ်။ အသေးစား၊ အလတ်စားအတွက် တင်ဒါလေလံကို သီးသန့်လေးဖြစ်စေချင်ပါတယ်။

**ဦးခွန်အောင်စိုး** ။ ။မြန်မာ သစ်လုပ်ငန်းဟာ မြန်မာနိုင်ငံမှာ သစ်နဲ့ပတ်သက်ပြီး လုပ်ကိုင်ခွင့်ပြုထားတဲ့ ဌာနကြီး တစ်ခုဖြစ်ပါတယ်။ ဒီကိစ္စကို လူကြီးတွေနဲ့ တိုင်ပင်ပြီး သေချာဆောင်ရွက်ပေးပါမယ်။ သို့သော်လည်း သစ်ကုန်သည်ကြီးတွေကို သိထားစေချင်တာလည်း ရှိပါတယ်။ မြန်မာ့သစ်လုပ်ငန်းဟာ သစ်ရောင်းတဲ့အခါမှာ သစ်ကုန်စုံဆိုင်ကြီးတစ်ခုလို ဖြစ်နေပါတယ်။ တစ်နိုင်ငံလုံးက သစ်တောဦးစီးဌာနက အပ်နှံတဲ့ သစ်တွေကို တစ်ခါတင်ဒါပစ်ရင် သုံးရက်ပစ်ရတယ်၊ လပ်ပုံကို လေးရာလောက်အထိ ပစ်ရတယ်။ လပ်ပုံဆိုတာ ငါးတန်၊ ဆယ်တန်စသဖြင့်ပါတဲ့ သစ်မျိုးစုံပါ။ ဥပမာပြောရရင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း၊ နှော၊ ယမနေ စသဖြင့် တန်ဖိုးအမြင့်ဆုံးသစ်ကနေ တန်ဖိုးအနိမ့်ဆုံးသစ်အထိ ပစ်ရပါတယ်။ SME အတွက် ဒေသအလိုက် လုပ်ပေးဖို့ သီးခြားခွဲထုတ်ပေးရပါမယ်။ ကျွန်တော်တို့ အခုကစပြီး ရှမ်းပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးမှာ စလုပ်နေပါပြီ။

ဒေသတွင်းသုံးဖို့ တန်ကန့်သတ်ပေးလိုက်ပါတယ်။ ဒေသတွင်းက သစ်တောဝန်ကြီးတွေနဲ့ ညှိပြီးတော့ SME အတွက် ဖြစ်ပါတယ်။ တန်သုံးရာဆို သုံးရာ၊ လေးရာဆို လေးရာစသဖြင့် ဒေသကျော်မသယ်ရဘူး။ ဒေသတွင်းမှာပဲ ဖြစ်ရမယ်။ လုပ်ငန်းရှင်တွေကလည်း ဒေသခံ လုပ်ငန်းရှင်ဖြစ်ရမယ်။ တစ်ခုရှိတာက ကိုအာကာတို့လို သစ်အများကြီး မထွက်တဲ့ နေပြည်တော်က လုပ်ငန်းရှင်တွေအတွက်ကျတော့ သူတို့အတွက် ခက်ခဲမှုရှိတယ်။ အဲဒီအတွက်ကို ဒေသမှာ ပစ်တဲ့ဟာကိုပဲ နှစ်မျိုးခွဲရပါတယ်။ သစ်အထွက်များတဲ့ မုံရွာတို့၊ စစ်ကိုင်းတို့၊ ဂန့်ဂေါတို့ကျတော့ Limit ထားလို့မရဘူး။ အဲဒီမှာ ပစ်တဲ့ဟာသည် တစ်နိုင်ငံလုံး သယ်ခွင့်ရမယ်။ နည်းတဲ့နေရာ ချင်းတို့ကျတော့ တန်ငါးရာလောက် လိုချင်တယ်ဆို အဲဒီမှာပဲပစ်၊ ဝယ်တဲ့သူသည် ဒေသခံလုပ်ငန်းရှင်တွေ ဖြစ်ရမယ်။ ဒါလေးကို လုပ်ငန်းရှင်တွေ အဆင်ပြေအောင် Case By Case ၊ ဒေသက တင်ပြလာတာကို ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။

**ဦးကျော်ကျော်လွင်** ။ ။ဖြည့်စွက် ဆွေးနွေးချင်တာက တစ်ချိန်တုန်းက သစ်တောကဏ္ဍက သစ်ကိုပဲ ထုတ်ပြီးတော့ နိုင်ငံတော်အတွက် ဝင်ငွေရော၊ အသုံးရော လုပ်ခဲ့ကြတယ်။ လက်ရှိအစိုးရ တက်လာတဲ့အချိန်မှာ မူဝါဒချမှတ်ပါတယ်။ နံပါတ်တစ်က အရင်တုန်းက သစ်တွေအများကြီး ထုတ်ခဲ့တယ်။ ဒီအတွက် သစ်ထုတ်လုပ်တာကို ရပ်ပြီးတော့ သစ်ထုတ်ခဲ့တာကို ပြန်သုံးသပ်မယ်။ ပြီးတော့ ဘာဆက်လုပ်မလဲ။ ပဲခူးရိုးမက သစ်ထုတ်တာများခဲ့တော့ ပဲခူးရိုးမကို သစ်ထုတ်တာ နားမယ်။ ကျန်တဲ့နေရာတွေကို သစ်ထုတ်မယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်က ထင်ပါတယ်။ တန် ၁၄ သိန်းအထိ ထုတ်ခဲ့တယ်။ သမ္မတကြီး ဦးသိန်းစိန် လက်ထက်မှာ တန် ၇ သိန်းအောက်ကို လျှော့ထုတ်ခဲ့တယ်။ ထက်ဝက်လျှော့ချထုတ်ခဲ့တယ်။

အခု အစိုးရလက်ထက်မှာကျတော့ အဲဒီရဲ့ တစ်ဝက် တန်သုံးသိန်းခွဲ၊ သုံးသိန်းခွဲ ဆိုရာမှာ၊ ကျွန်တော်တို့ သစ်တောဦးစီးဌာနရဲ့သတ်မှတ်ချက်အရ မြန်မာနိုင်ငံရဲ့ နှစ်စဉ်တောထွက်က ကျွန်းဆိုရင် ၅၅ ရာခိုင်နှုန်း၊ သစ်မာဆိုရင် ၃၀၊ ၃၅ ရာခိုင်နှုန်းထုတ်မယ်ဆိုပြီး လက်ရှိအစိုးရက မူဝါဒချမှတ်ပါတယ်။ ချမှတ်တော့ တန် သုံးသိန်းခွဲအထိ လျှော့ချထုတ်ခဲ့ပါတယ်။ သစ်လျှော့ချထုတ်လိုက်တော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု MIC ဆီမှာဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ သစ်စက်တွေလာဖို့ ခဏရပ်ထားတယ်။ ဘာဖြစ်လို့လဲဆိုရင် ကုန်ကြမ်းရှားပါးလာနိုင်လို့ပါ။ အဲဒီတော့ ဒီကုန်ကြမ်းရှားပါးတဲ့အပေါ်မှာ ဦးအာကာ တို့လို ထုတ်လုပ်ဖြန့်ဖြူးသူတွေအနေနဲ့ ဘာတွေ အခက်အခဲရှိသလဲ သိချင်ပါတယ်။

**ဦးအာကာမင်း** ။ ။သစ်အချောထုတ်တဲ့အတွက် ကောင်းပါတယ်။ သဘာဝတောတွေကို ထိန်းသိမ်းရာလည်း ရောက်ပါတယ်။ စက်မှုလုပ်ငန်းရှင်တွေအတွက်ကတော့ ပြည်တွင်းကထွက်တဲ့ သစ်နဲ့ မလုံလောက်ခဲ့ဘူးဆိုရင်တော့ အိမ်နီးချင်းနိုင်ငံတွေက ကုန်ကြမ်းအဖြစ် သစ်လုံးပဲဖြစ်ဖြစ်၊ ခွဲသားပဲဖြစ်ဖြစ် တင်သွင်းတာ Import လုပ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်တွင်းဈေးကွက်နဲ့ကျတော့ ကုန်ကြမ်းဝယ်ရတဲ့ ဈေးနှုန်းရယ်၊ ပြန်ရောင်းမယ့် ဈေးကွက်ရယ်ဆိုရင် တင်သွင်းတဲ့ အခွန်ကင်းလွတ်ခွင့် ရမယ်ဆိုရင်တော့ စက်မှုလုပ်ငန်းရှင်တွေအတွက် အလုပ်လုပ်ကိုင်ဖို့ အဆင်ပြေနိုင်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**ရှင်မင်းနှင့်အဖွဲ့**

# "မိုးပန်းပွင့်ရဲ့သင်္ကေတ" ရုပ်ရှင်ဇာတ်ကား စက်တင်ဘာ ၁၄ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

**ရန်ကုန် စက်တင်ဘာ ၅**

FOREVER GROUP က စီစဉ်ထုတ်လုပ်ပြီး ဒါရိုက်တာ ကိုပေါက် ရိုက်ကူးသည့် "မိုးပန်းပွင့်ရဲ့သင်္ကေတ" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး စက်တင်ဘာ ၁၄ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"မိုးပန်းပွင့်ရဲ့ သင်္ကေတ" သည် တစ်ဦးနှင့်တစ်ဦး ရန်သူကဲ့သို့ အမုန်းတရားများ ပွားခဲ့ကြသော်လည်း တကယ်တမ်း အရေးကြုံသည့်အခါ ရိုင်းပင်းကူညီကြပုံ၊ သားသမီးနှင့် မိဘတို့အကြား အုပ်ထိန်းမှု၊ ခံယူမှု၊ ပေးဆပ်မှုနှင့် နားလည်မှုများ လွဲမှားသွားပါက သားသမီးတို့၏ အနာဂတ်ကို ရိုက်ခတ်လာနိုင်ပုံတို့ကို ရည်ရွယ်၍ ရိုက်ကူးထားခြင်းဖြစ်သည်။

ဒါရိုက်တာ ကိုပေါက်က "ဒီဇာတ်ကား ဇာတ်ညွှန်းကို ကျွန်တော် လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်ကတည်းက ရေးခဲ့တာပါ။ ဒီကားဟာ ကျွန်တော်ပထမဆုံးရိုက်တဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ဒီဇာတ်လမ်းကို ရိုက်ပြီးမှ တခြားဇာတ်လမ်းတွေကို ရိုက်မယ်လို့ ဆုံးဖြတ်ထားတဲ့အတွက်


ဒါရိုက်တာ ကိုပေါက်


သရုပ်ဆောင် မေမြင့်မိုရ်


သရုပ်ဆောင် ချြုံးလေး


သရုပ်ဆောင် ဝါဝါအောင်


ဦးသိန်းထွန်းအောင်

ဒီဇာတ်ကားဟာ ကျွန်တော့်ရဲ့ပထမဆုံး စိန်ခေါ်မှုပါ။ ဒီဇာတ်ကားကို စရိုက်တာကနေ ရုံတင်တာနဲ့ ကြားမှာ သုံးနှစ်ကြာပါတယ်။ စိတ်တိုင်းအကျဆုံး ရုပ်ရှင်လို့ ပြောလို့ရပါတယ်။ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းလေးပါ။ ရသတွေ အများကြီး ပေးထားပါတယ်။ ကျွန်တော့်ရဲ့ ကနဦး အိပ်မက်ဇာတ်ကားလေးပါ" ဟု ပြောသည်။

အဆိုပါ ဇာတ်ကားတွင် ရန်အောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ ဟန်လင်းသန့် ၊ မေမြင့်မိုရ်၊ နေအဥ္ဇရာ (ချြုံးလေး)တို့နှင့် အခြားသော အနုပညာရှင် များပါဝင်ပြီး ဖိနှိပ်တားဆီးမှုများကြားမှ အချစ်၊ အာဃာတ ၊ သံယောဇဉ်များနှင့် မေတ္တာတရားတို့ကို ရသမြောက်အောင် ပုံဖော်ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

သရုပ်ဆောင် မေမြင့်မိုရ်က "မိုးပန်းပွင့်ဆိုတဲ့ မိန်းကလေးနေရာက ပါဝင်ထားတာပါ။ အချစ်ကိုတန်ဖိုးထားပြီး ဘဝကို ရိုးရိုးနဲ့ ဖြတ်သန်းတဲ့သူအနေနဲ့ သရုပ်ဆောင်ထားတာပါ။ ကိုယ့်ချစ်သူကို ချုပ်ချယ်ပြီး ကိုယ့်အဖေလိုဖြစ်မှာ စိုးရိမ်လို့ ချစ်သူကို နိုင်ငံရေးမလုပ်အောင်တားတဲ့ သူမျိုးပါ။ ဒီဇာတ်ကားလေးမှာ အချစ်၊ အိမ်ထောင်ရေးအပြင် ၂၀၀၇ ခုနှစ်တုန်းက ဖြစ်ပွားခဲ့တဲ့ ရွှေဝါရောင် အရေးအခင်းလည်းပါတယ်။ ပရိသတ်တွေကြည့်ပြီးရင် နှလုံးသားထဲမှာ တစ်ခုခု ကျန်ခဲ့မယ်လို့ ထင်ပါတယ်"ဟု ပြောသည်။

သရုပ်ဆောင် နေအဥ္ဇရာ(ချြုံးလေး)က "ဒီကားမှာ ချိုမြိန်ဆိုတဲ့ ကောင်မလေးပါ။ သာမန်အဆင့်ရှိပြီးတော့ မိဘမေတ္တာကိုရပြီး ကျေးဇူးသိတတ်တဲ့သူအနေနဲ့ သရုပ်ဆောင်ထားတာပါ။ ဇာတ်လမ်းတွဲတွေသာ MRTV-4 နဲ့ ရိုက်ခဲ့ပေမယ့် ရုံကြီးကားအနေနဲ့ ပထမဆုံးဖြစ်ပါတယ်။ ဇာတ်လမ်းမှာဆိုရင် တာဝန်ကြီးတဲ့နေရာမျိုးကနေ သရုပ်ဆောင်ထားရတဲ့အတွက် ပိုပြီးစိတ်လှုပ်ရှားခဲ့ရပါတယ်။ ဒါရိုက်တာခိုင်းတဲ့အတိုင်း ကြိုးစားလုပ်ဆောင်ရင်းနဲ့ အားလုံး အဆင်ပြေသွားခဲ့ပါတယ်"ဟု ဆိုသည်။

သရုပ်ဆောင် ဝါဝါအောင်က "ဒီဇာတ်ကားမှာ သားသမီးသုံးယောက်ရဲ့ အမေနေရာကနေ သရုပ်ဆောင်ရတာပါ။ နိုင်ငံရေးကားမျိုး မဟုတ်ပါဘူး။ မိသားစုတွေအတွင်းမှာ ဖြစ်တတ်တဲ့ အတွေးအခေါ် မတူတာမျိုးလေးတွေရှိပေမယ့် မိဘတွေအနေနဲ့ သားသမီးတွေကို အစစအရာရာ တာဝန်ယူရမယ်။ သားသမီးတွေအနေနဲ့ မိဘရဲ့သွန်သင်ဆုံးမမှုအောက်မှာ ကြီးပြင်းရမယ်ဆိုတဲ့ ဇာတ်မျိုးပါ။ သူငယ်ချင်း သုံးဦးရဲ့လူငယ်သဘာဝ ချစ်ခြင်းကို ဖော်ကျူးထားပြီး လူငယ်တွေကို ဦးစားပေးရိုက်ကူးထားတဲ့ဇာတ်လမ်းပါ" ဟု ပြောသည်။

ဟန်လင်းသန့် ၊ မေမြင့်မိုရ်နှင့် နေအဥ္ဇရာ (ချြုံးလေး) တို့သည် FOREVER GROUP မှ ရိုက်ကူးထုတ်လွှင့်သည့် ရုပ်သံဇာတ်လမ်းတွဲများမှ သရုပ်ဆောင်များဖြစ်ကြပြီး ရုပ်ရှင်ဇာတ်ကားကြီးအနေဖြင့် "မိုးပန်းပွင့်ရဲ့ သင်္ကေတ"ရုပ်ရှင်ဇာတ်ကားတွင် အဓိက လူငယ်ဇာတ်ဆောင်များအဖြစ် ပထမဆုံးအကြိမ် ပါဝင်သရုပ်ဆောင်ထားခြင်း ဖြစ်ကြောင်း သိရသည်။

FOREVER GROUP မှ ဦးသိန်းထွန်းအောင်က "ဒီဇာတ်ကားဟာ ပြည်သူလူထုအတွက် ဖျော်ဖြေရေးတစ်ရပ်၊ ပညာပေးမှုတစ်ရပ် ဖြစ်မယ်လို့ ယူဆတဲ့အတွက် ရုံတင်ပြသတဲ့အဆင့်အထိ ရောက်အောင် ဆောင်ရွက်ခဲ့တာပါ။ ကျွန်တော်တို့ဆီမှာ ရုပ်ရှင်ဇာတ်လမ်းတွဲတွေမှာပါဝင် သရုပ်ဆောင်ဖို့အတွက် သရုပ်ဆောင်တွေကို လေ့ကျင့်ပျိုးထောင်ပေးနေတာရှိပါတယ်။ ဒီသရုပ်ဆောင်တွေကို အများကြီး လေ့ကျင့်ပေးထားပြီး ရုပ်ရှင်ကဏ္ဍနယ်ပယ်အထိ ပါဝင်လာနိုင်အောင် ကျွန်တော်တို့ဆီက ထုတ်သမျှဇာတ်ကားတွေထဲမှာ ထည့်သွင်းပြီးသုံးသွားမှာဖြစ်ပါတယ်။ ဒါဟာ မြန်မာ့ရုပ်ရှင်ကဏ္ဍနယ်ပယ်မှာ မျိုးဆက်သစ်အနုပညာရှင်တွေ ပေါ်ပေါက်လာရေးအတွက် တစ်တပ်တစ်အား ပါဝင်ပြီး ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# ပဋိဇီဝဆေးသုံးစွဲမှု ၈၀ ရာခိုင်နှုန်းသည် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများက သုံးစွဲခြင်းဖြစ်ပြီး လူများက ၂၀ ရာခိုင်နှုန်းသုံးစွဲ

ပါမောက္ခ ဒေါက်တာ ဌေးဌေးတင်

**ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက နေပြည်တော်သင်္ဂဟဟိုတယ်၌ ကျင်းပရာ အစည်းအဝေးအတွင်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ ပူးပေါင်းပြီး ဆွေးနွေးခဲ့ကြရာ ပါဝင်ဆွေးနွေးသူများ၏ ပြောစကားများကို ဖော်ပြလိုက်ပါသည်။**


ဒေါက်တာရဲထွန်း


ဒေါက်တာကူဂျီကာ


ပါမောက္ခ ဒေါက်တာ ဌေးဌေးတင်

**ဒေါက်တာရဲထွန်း**
**ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးနှင့် မွေးမြူရေးဦးစီးဌာန**

ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးလုပ်ငန်း ညှိနှိုင်းဆောင်ရွက်တဲ့အစည်းအဝေးဖြစ်ပါတယ်။ ပဋိဇီဝဆေးယဉ်ပါးမှုနဲ့ ပတ်သက်ပြီး အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးကော်မတီကို ၂၀၁၇ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပါတယ်။ ကျန်းမာရေးဦးစီးဌာနက ဦးဆောင်ပြီး ကုသရေးနှင့်မွေးမြူရေးဦးစီးဌာနကလည်း ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးကို အတူတူပူးပေါင်းဆောင်ရွက်ကြတာဖြစ်ပါတယ်။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)၊ ကမ္ဘာ့စားနပ်ရိက္ခာနဲ့စိုက်ပျိုးရေး(FAO)နဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံက ဆက်စပ်နေတဲ့ ဌာနကြီးတွေနဲ့ ညှိနှိုင်းဆောင်ရွက်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က မွေးမြူရေးနှင့် ကုသရေးအဖွဲ့တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်တဲ့အဖွဲ့အစည်းလည်း ဖြစ်ပါတယ်။

ပဋိဇီဝဆေးဆိုတာ သက်ရှိတွေအားလုံး မိမိကျန်းမာရေးအတွက် လိုအပ်သလိုသုံးစွဲနေကြပါတယ်။ အဓိကက စနစ်တကျသုံးစွဲတတ်ဖို့လိုပါတယ်။ ကျွမ်းကျင်သူများရဲ့ ညွှန်ကြားချက်ဖြင့် သော်လည်းကောင်း၊ မိမိကိုယ်တိုင် နားလည်ထားလျှင်သော်လည်းကောင်း သုံးစွဲတတ်ဖို့လိုပါတယ်။

ဒီလုပ်ငန်းမှာ ပြည်သူလူထုကို အသိပညာပေးခြင်းသည် အရေးအကြီးဆုံး လုပ်ငန်းဖြစ်ပါတယ်။ ပြည်သူလူထုက ဆေးတွေကို လိုအပ်တာထက်ပိုသုံးစွဲခြင်း၊ မလိုအပ်ဘဲသုံးစွဲခြင်း၊ မှားယွင်းစွာသုံးစွဲခြင်း ဒီလိုမျိုးတွေက အလွန်ကိုအန္တရာယ်ကြီးမားပါတယ်။ ပဋိဇီဝဆေးယဉ်ပါးမှုကြောင့်သော်လည်းကောင်း၊ ခုခံမှုကြောင့်သော်လည်းကောင်း လူတွေရဲ့ပျက်စီးဆုံးရှုံးမှုက ၂၀၅၀ ပြည့်နှစ်ဝန်းကျင်မှာ ပိုမိုမြင့်တက်လာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

နောက်ပြီး တိရစ္ဆာန်မွေးမြူတဲ့သူတွေအနေနဲ့ မိမိမွေးမြူထားတဲ့ တိရစ္ဆာန်တွေဆုံးရှုံးမှာကြောက်တဲ့အခါ ပဋိဇီဝဆေးကို ညွှန်ကြားချက်မပါဘဲနဲ့ သော်လည်းကောင်း၊ မိမိစိတ်အထင်နဲ့ သော်လည်းကောင်း အမျိုးမျိုး သုံးစွဲကြတာတွေ့ရတယ်။ ရောဂါကာကွယ်ခြင်းအတွက်သာမကဘဲ ထုတ်လုပ်မှုမြင့်မားရေးအတွက်ပါ သုံးစွဲလာတဲ့အတွက် ဒါဟာမှားယွင်းတဲ့ လုပ်ငန်းစဉ်ပဲ ဖြစ်ပါတယ်။

ဒီအခမ်းအနားက မူဝါဒပိုင်းရော၊ ဥပဒေပိုင်းပါ တားဆီးဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မူဝါဒအားဖြင့် လုပ်ငန်းစဉ်တွေကို အခြေခံဘယ်ကစမလဲဆိုတာ ဒီနေ့အစည်းအဝေးကနေ ပေါ်ထွက်လာမှာဖြစ်ပါတယ်။ မိမိတိုင်းပြည်က ဆောင်ရွက်နိုင်တဲ့ မိမိတိုင်းပြည်က သင့်တော်တဲ့လုပ်ငန်းစဉ်တွေ အားလုံး ချမှတ်ပြီးရင် ဆက်လက်ဆောင်ရွက်ဖို့အတွက် စီမံကိန်းတွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာကူဂျီကာ(OIE)၊ Regional Representation for Asia and the Pacific တိုကျိုအခြေစိုက်**

ကျွန်တော်တို့ OIE အနေနဲ့ ကူညီပေးနေတာ မြန်မာနိုင်ငံအပါအဝင် ၃၂ နိုင်ငံရှိပါတယ်။ ဒီနေ့ဆွေးနွေးပွဲဟာ သုံးရက်မြောက်နေ့ပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အဓိက ကူညီပေးတာက ဆေးယဉ်ပါးမှုနဲ့ ပတ်သက်တဲ့ အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးအစီအစဉ်ရေးဆွဲဖို့ပါ။ ပဋိဇီဝဆေးယဉ်ပါးမှုအရေးပါမှုကို ပြည်သူတွေသိအောင် လုပ်တာပါ။ OIE အဖွဲ့အစည်းဟာဆိုရင် WHO ၊ FAO တို့နဲ့ ပူးပေါင်းပြီး လုပ်နေတာပါ။ ဒီအဖွဲ့သုံးဖွဲ့နဲ့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေ ဖိတ်ခေါ်ပြီး ပြုလုပ်နေတာပါ။ ပဋိဇီဝဆေးကို စနစ်တကျသုံးစွဲဖို့၊ သုံးစွဲတဲ့အချက်အလက်တွေသိရှိဖို့ လုပ်တာပါ။ ပြီးခဲ့တဲ့ နှစ်ရက်က ရရှိခဲ့တဲ့အချက်အလက်တွေနဲ့ ဒီနေ့မှာ ဆုံးဖြတ်ချက်တွေ အတည်ပြုချက်တွေရယူသွားပါမယ်။ ဒီသုံးရက် အစည်းအဝေးဟာ ပဋိဇီဝဆေးယဉ်ပါးမှုအရေးပါမှုနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံအတွက် အများကြီးအထောက်အကူပြုမယ်လို့ မျှော်လင့်ပါတယ်။

**ပါမောက္ခဒေါက်တာဌေးဌေးတင်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ)**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေး ကော်မတီအတွင်းရေးမှူးဖြစ်ပါတယ်။ ဥက္ကဋ္ဌက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ဒီနေ့ အစည်းအဝေးက ဝန်ကြီးဌာနသုံးခုနဲ့ မိတ်ဖက်အဖွဲ့အစည်းသုံးခု(FAO,OIE, WHO) တို့ ပူးပေါင်းဆောင်ရွက်တာ ဖြစ်ပါတယ်။ ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုတာ လူသားတွေရဲ့ ကျန်းမာရေး၊ တိရစ္ဆာန်တွေရဲ့ ကျန်းမာရေး၊ အပင်တွေရဲ့ ကျန်းမာရေးနဲ့ ပတ်ဝန်းကျင်ကျန်းမာရေးဆိုပြီး ခေါ်ပါတယ်။

အမျိုးသားအဆင့် ပဋိဇီဝဆေး ယဉ်ပါးမှုတိုက်ဖျက်ရေး ကော်မတီဖွဲ့စည်းကတည်းက ပါဝင်တဲ့အဖွဲ့ဝင် ၁၉ ဦးဟာ ဆက်စပ်ဝန်ကြီးဌာနပေါင်းစုံက ပါပါတယ်။ ဒီအစည်းအဝေးကနေ ရတဲ့အခြေခံတွေပေါ်မူတည်ပြီး ဒီလုပ်ငန်းစဉ်တွေ အောင်မြင်ပြီးမြောက်ဖို့အတွက် အထောက်အကူပြုသွားအောင် ဘယ်လိုလုပ်မလဲ ဒါမျိုးတွေကို ရည်ရွယ်ခြင်းဖြစ်ပါတယ်။

ကမ္ဘာမှာ ပဋိဇီဝဆေးသုံးစွဲမှု ၈၀ ရာခိုင်နှုန်းဟာ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းက သုံးစွဲတာပါ။ လူတွေက ၂၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ ပဋိဇီဝဆေးသုံးစွဲထားတဲ့ တိရစ္ဆာန်အသားတွေကို စားသုံး ခြင်းအားဖြင့် လူတွေမှာ ပဋိဇီဝဆေးယဉ်ပါးစေပါတယ်။ လူတွေကစွန့်ပစ်တဲ့ အညစ်အကြေးကနေ ပတ်ဝန်းကျင် သစ်ပင်တွေ၊ မြေဆီလွှာတွေ၊ မြစ်ချောင်းတွေအပေါ် သက်ရောက်စေပါတယ်။ ဒါကြောင့် လူသားတွေဟာ ဆေးယဉ်ပါးမှု တိုက်ရိုက်မပါသော်လည်း သွယ်ဝိုက်သောနည်းဖြင့် ဆေးယဉ်ပါးမှုထဲမှာ ပါဝင်နေကြပါတယ်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဘီ**

## မြစ်ရေကြီးမှုကြောင့် ယာယီပိတ်ထားသော ကျောင်း ၄၈ ကျောင်း ပြန်လည်ဖွင့်

**တနင်္သာရီ စက်တင်ဘာ ၅** - တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း သုံးကြိမ်တိုင်တိုင် ရက်ရှည်ကြာမြင့်စွာ တနင်္သာရီမြစ်ရေကြီးမှုကြောင့် ဩဂုတ် ၂၀ ရက် ညနေ ၄ နာရီမှစ၍ ရပ်ကွက်၊ ကျေးရွာများ၌ (တတိယအကြိမ်) ယာယီပိတ်ထားခဲ့ရသော အခြေခံပညာကျောင်း ၄၈ ကျောင်းကို စက်တင်ဘာ ၅ ရက် နံနက် ၇ နာရီက တနင်္သာရီမြစ်ရေသည် ၁၆ ပေ ၁ လက်မအထိ မြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ကျောင်းများ အေးချမ်းစွာ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ထို့သို့ ရက်ရှည်ကြာမြင့်စွာမြစ်ရေလွှမ်းမှုကြောင့် တချို့သောကျောင်းများတွင် ပျက်စီးယိုယွင်းမှုများရှိခဲ့ရာ အထက-တနင်္သာရီကျောင်းဝင်းအုတ်တံတိုင်းနံရံ ပြိုကျခဲ့ပြီး အထက ရေပေါ်ရွာ နှစ်ထပ်ကျောင်းဆောင် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ အထက ညောင်ပင်ကွင်းကျောင်းတွင် အုတ်တံတိုင်းနံရံပြိုကျမှုနှင့် အထက မော်တုန်းလေးရွာ၌ ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်းနှင့် အခြားကျောင်းများတွင်လည်း ရေတိုက်စားပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

# ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၅

**ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်း

**မိုင်ဆုန်ခ-မင်္ဂလာပါခင်ဗျား**

လေးစားရပါသော မဲဆန္ဒရှင်တိုင်းရင်းသားပြည်သူအပေါင်း ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌဖြစ်တဲ့ ကျွန်တော် **စိုင်းအိုက်ပေါင်း**မှ ဆုတောင်းမေတ္တာပို့သနူတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ၊ နိုင်ငံသားများရဲ့ နိုင်ငံရေးမျှော်မှန်းတောင့်တချက်ဟာ တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးမှာ လူမှုဘဝ- ကြောင့်ကြမှုကင်းစွာနဲ့ နေထိုင်နိုင်ရေး၊ ကမ္ဘာရွာကြီးထဲမှာ သဟဇာတညီညွတ်မျှတစွာဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေး ဖြစ်ပါတယ်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဟာ နိုင်ငံရေးပါတီ မှတ်ပုံတင်အမှတ်-(၁၅/၂၀၁၀)ဖြင့် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် ရရှိတဲ့နေ့ (၂၀၁၀ ပြည့်နှစ် မေလ ၂၆ ရက်) ကတည်းကစပြီး နိုင်ငံသား၊ တိုင်းရင်းသားပြည်သူများရဲ့နိုင်ငံရေးမျှော်မှန်းချက်ကို ဖြည့်ဆည်းနိုင်ဖို့ မိမိပါတီယုံကြည်ချက်နဲ့အညီ တစိုက်မတ်မတ်ကြိုးပမ်းလာခဲ့ပါတယ်။ ရှေ့ဆက်လည်း ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်သွားမည့်ပါတီဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ယုံကြည်ချက်ကတော့....

လူလူချင်း ဖိနှိပ်ချုပ်ချယ်မှုကင်းခြင်း၊ တိုင်းရင်းသားလူမျိုးများအကြား ရင်းနှီးချစ်ကြည်ခြင်း၊ လူ့မှုအခြေခံအခွင့်အရေးများ တန်းတူညီမျှမှုရရှိခြင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းများနဲ့ ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်မှသာလျှင် စည်းလုံးညီညွတ်၍ တည်ငြိမ်အေးချမ်းကာ တည်တံ့ခိုင်မာတဲ့ ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မယ်လို့ အလေးအနက်ယုံကြည်ပါတယ်။

**ပါတီရဲ့ရည်ရွယ်ချက် လုပ်ငန်းစဉ်များထဲမှာ အဓိကကျသည်များကို ထုတ်နုတ်တင်ပြရမယ်ဆိုရင်...**

(က) ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံတော်တည်ဆောက်ရေးကို ငြိမ်းချမ်းသောလမ်းစဉ်ဖြင့် တည်ဆောက်မည်။

(ခ) ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် သွေးစည်းညီညွတ်မှုရရှိရေး ဆောင်ရွက်မည်။

(ဂ) ပြည်ထောင်စုအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံး လူ့မှုအခြေခံအခွင့်အရေးများ အပြည့်အဝရရှိရေး ဆောင်ရွက်မည်။

**အထူးသဖြင့်...**

**အပိုဒ်(င)** စိတ်ကူးယဉ်မျှော်မှန်းချက်ထက် လက်တွေ့အကျိုးဖြစ်ထွန်းရေးကို ဦးစားပေးဖော်ဆောင်မည်။

**အပိုဒ်(စ)** နိုင်ငံရေးနဲ့ အခြားကဏ္ဍအသီးသီးတို့တွင် ထိပ်တိုက်ရင်ဆိုင်ရေး၊ ဆန့်ကျင်ရေးကို ဦးစားမပေးဘဲ ပိုမိုထိရောက်သော အကျိုးဖြစ်ထွန်းမှုအတွက်ရှိတဲ့ လုပ်ပိုင်ခွင့်များအားလုံးကို ရယူအကောင်အထည်ဖော်သွားမည်။ **....** စသည်ဖြင့် ကျွန်တော်တို့ပါတီရဲ့ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များကို အတိအလင်း ဖော်ပြထားပါတယ်။

**ဗမာတိုင်းရင်းသားအပါအဝင် တိုင်းရင်းသားပြည်သူများခင်ဗျား**

ယခုမျက်မှောက်ခေတ်မှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကူးလူးဆက်ဆံမှု၊ ဆက်သွယ်မှု လွယ်ကူလျင်မြန်လာတာနဲ့အမျှ ကမ္ဘာရွာလို့ တင်စားခေါ်ဝေါ်နေကြပြီဖြစ်ပါတယ်။ ဒီကမ္ဘာရွာကြီးမှာ ကျွန်တော်တို့ နိုင်ငံတော်ကြီးကို အိမ်ထောင်စုတစ်ခုနဲ့ နှိုင်းယှဉ်ကြည့်မြင်နိုင်ပါတယ်။

အိမ်ထောင်စုတစ်ခုမှာ အိမ်ထောင်ဦးစီးရဲ့ ဦးဆောင်လမ်းညွှန်မှု၊ စီမံခန့်ခွဲမှုကောင်းမွန်ပါမှ အိမ်သားများ သားချင်းညီအစ်ကို မောင်နှမများ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် စည်းလုံးညီညွတ်ပါမှ ထိုအိမ်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ခြင်း၊ တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ကြမှာဖြစ်ပါတယ်။ ထိုသို့မဟုတ်ပါက အိမ်သားများဟာ သာယာပျော်ရွှင်မှု ဆိတ်သုဉ်းပြီး စည်းလုံးမှုပြိုကွဲကာ တိုးတက်ဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်ကြမှာ မဟုတ်တော့ပါ။

သားချင်းညီအစ်ကိုမောင်နှမများ ချစ်ကြည်စည်းလုံးစွာဖြင့် အိမ်ထောင်စုကြီး သာယာဖွံ့ဖြိုးအောင် ဆောင်ရွက်လိုစိတ် ထက်သန်ဖို့ရာမှာ ဖိနှိပ်ချုပ်ချယ်မှုကင်းခြင်း၊ လူ့မှုအခြေခံအခွင့်အရေးများ တန်းတူညီမျှမှုရရှိခြင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းများနဲ့ ပြည့်စုံအောင် ဖန်တီးပေးရပါမယ်။

ထို့အတူ တစ်ဦးနှင့်တစ်ဦး လိုအင်ဆန္ဒ အတ္တအကျိုးနဲ့ ပဋိပက္ခကို ရှေ့တန်းမတင်ဘဲ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှုကို ရှောင်ရှားကာ စိတ်ကူးယဉ်မျှော်မှန်းချက်ထက် လက်တွေ့အကျိုးဖြစ်ထွန်းနိုင်မယ့်အရာကိုသာ ဖော်ဆောင်ရွက်မှသာလျှင် ငြိမ်းချမ်းသာယာဝပြောမှုကို ရယူစံစားနိုင်ကြမှာဖြစ်ပါတယ်။

ဒါကြောင့် **အကောင်းဘက်သို့ "အမှန်တကယ်" ပြောင်းလဲဖို့ ကတိသစ္စာကို တန်ဖိုးထား၍ စိတ်ရင်းစေတနာအမှန်ဖြင့် လမ်းညွှန်စီမံဆောင်ရွက်မှုအားကောင်းတဲ့ ပုဂ္ဂိုလ်များကို ပြည်သူကိုယ်စားလှယ်အဖြစ် ရွေးချယ်ဖို့ လိုလာပါပြီ။**

**တိုင်းရင်းသားပြည်သူများခင်ဗျား**

ကျင်းပပြီးစီးသွားခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အသီးအပွင့်များအဖြစ် ပြည်ထောင်စု သဘောတူညီချက်(၅၁)ချက် ရရှိခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ (၅၁) ချက်ထဲမှာ တိုင်းရင်းသားပြည်သူများ လိုလားတောင့်တတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ဆောက်သွားဖို့ တစ်ခဲနက်ထောက်ခံသဘောတူညီခဲ့ပြီးဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား**

ဖက်ဒရယ်ရဲ့အဓိပ္ပာယ်က ခွဲထွက်ခြင်းမဟုတ်ပါဘူး။ ပေါင်းစည်းခြင်းသာ ဖြစ်ပါတယ်။ ပြည်ထောင်စုကြီးမှာ-

- ပြည်နယ်များက တန်းတူညီမျှရရှိဖို့ လိုအပ်တဲ့ လုပ်ပိုင်ခွင့်၊ ပြဋ္ဌာန်းခွင့်အာဏာများကို ညီညီမျှမျှ ခွဲဝေရယူကြမယ်။
- စုပေါင်းရယူကျင့်သုံးရမယ့် လုပ်ပိုင်ခွင့်၊ ပြဋ္ဌာန်းခွင့်အာဏာများကို အားလုံးရဲ့ကိုယ်စား ပြည်ထောင်စု အစိုးရက ရယူ/တာဝန်ယူ။
- ပြည်နယ်များက ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို တန်းတူစွာနဲ့ ညီမျှစွာ ခွဲပေးတဲ့စနစ်သည်သာ ပြည်ထောင်စုဖက်ဒရယ်စနစ် အစစ်အမှန်ဖြစ်ပါတယ်။

**ကျွန်တော်တို့ပြောတဲ့ လိုလားတဲ့ဖက်ဒရယ်ဆိုတာ ဒီပုံစံပါပဲ။**

**တိုင်းရင်းသားပြည်သူအပေါင်းတို့ လိုလားတောင့်တတဲ့ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော် တည်ဆောက်ရန်မှာ**

**အကောင်းဘက်သို့ " အမှန်တကယ် " ပြောင်းလဲဖို့** လိုအပ်ပါတယ်။

ဒါကြောင့် အပြောမဟုတ် အလုပ်နဲ့သက်သေပြနိုင်မယ့် ပြည်သူ့ကိုယ်စားလှယ် ရွေးချယ်ပေးဖို့လိုအပ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား**

ပန်းကိုချစ်ရင် ခူးဆွတ်ပန်ဆင်ရုံနဲ့ ချစ်ရာမရောက်ပါဘူး။

လှပပြီး မွှေးရနံ့သင်းထုံတဲ့ ပန်းပွင့်လာဖို့ ပန်းပင်ကိုရေလောင်း ပေါင်းသင်မြေဩဇာကျွေးမှ ပန်းကိုချစ်ရာရောက်ပါမယ်။ ထိုနည်းတူပါပဲ ဒီမိုကရေစီဖက်ဒရယ်ကို မြတ်နိုးတယ်ဆိုရုံနဲ့ သူ့ရဲ့ကောင်းကျိုးကို လက်လှမ်းရယူလိုသူဟာ မြတ်နိုးရာမရောက်တဲ့ စိတ်ကူးယဉ်အတ္တသမားသာ ဖြစ်ပါလိမ့်မယ်။

ဒီမိုကရေစီဖက်ဒရယ်စနစ်ရဲ့အလှအပများဖြစ်ကြတဲ့ အများရဲ့ဆန္ဒကိုအလေးထား၍ အနည်းစုရဲ့ဆန္ဒကိုလည်း လေးစားခြင်း၊ ရရှိသင့်သည့်အခြေခံအခွင့်အရေးများကို အပြည့်အဝ ရရှိခံစားစေနိုင်ခြင်း၊ တန်းတူမှု၊ ညီမျှမှုများ ဖော်ဆောင်းပေးခြင်း၊ တရားမျှတခြင်းနှင့် လွတ်လပ်ခြင်းများ ရရှိခံစား စံစားနိုင်ဖို့အတွက်-

ဒီမိုကရေစီဖက်ဒရယ်ပန်းပင်ကို ရေလောင်း ပေါင်းသင် မြေဩဇာကျွေးရပါမယ်။ ကိုယ်တိုင်မဆောင်ရွက်နိုင်ရင် ကိုယ်စားပြုဆောင်ရွက်နိုင်မည့်သူ၊ ဆောင်ရွက်နိုင်မည့်ပါတီကို ရွေးချယ်တာဝန်ပေးရပါမယ်။ ကိုယ့်ကို ကိုယ်စားပြုမည့်သူဟာ လက်တွေ့ကျကျ လုံ့လဝီရိယရှိစွာနဲ့ အများအကျိုးသယ်ပိုးလိုစိတ်ရှိသူ၊ ထိုအဖွဲ့အစည်းမျိုးက လာတဲ့သူ ဖြစ်ရပါမယ်။ **မူကောင်းတဲ့ ပါတီကလာတဲ့သူဖြစ်ဖို့ လိုအပ်သလို လူကောင်းကို ရွေးဖို့လိုအပ်ပါတယ်။**

ဒါကြောင့် **အကောင်းဘက်သို့ " အမှန်တကယ်" ပြောင်းလဲဖို့** အခွင့်အရေးဟာ တိုင်းရင်းသားပြည်သူများရဲ့ လက်ထဲမှာသာရှိပါကြောင်း အသိပေးလိုပါတယ်။



**တိုင်းရင်းသားပြည်သူများခင်ဗျား-**

နိုင်ငံရေးကဏ္ဍ တိုးတက်ပြောင်းလဲမှုဟာ နိုင်ငံ့စီးပွား ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုနဲ့ အစဉ်ဒွန်တွဲနေတဲ့ဖြစ်စဉ်ကြီး ဖြစ်ပါတယ်။ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ပေးနိုင်တာနဲ့ အမျှ နိုင်ငံ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို ဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ထိုနည်းတူစွာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ပါမှ နိုင်ငံသား တိုင်းရင်းသားပြည်သူများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီဖက်ဒရယ်ရဲ့ တန်းတူညီမျှမှုကို တိုင်းရင်းသားပြည်သူများ အပြည့်အဝ ရယူခံစားနိုင်ပါမှ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတော်ကြီးအေးချမ်းတည်ငြိမ်ကာ လူမှုဒုက္ခပြဿနာများ ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။

လူမှုဒုက္ခပြဿနာများ ဖယ်ရှားကာ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတဲ့ **အကောင်းဘက်သို့ " အမှန်တကယ် " ပြောင်းလဲဖို့** လွတ်လပ်တရားမျှတသော တန်းတူညီမျှမှုကို အခြေခံသော ဖက်ဒရယ်စီးပွားရေးကို အတူတကွ ဖော်ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား**

ကျွန်တော်တို့ လိုလားတောင့်တတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကို ချီတက်သွားရာလမ်းမှာ ရွေးကောက်ပွဲဟာ နိုင်ငံ့အရေးကို ပြည်သူ့ကိုယ်စားပြု တာဝန်ယူတာဝန်ခံကြမယ့် ပုဂ္ဂိုလ်များကို မှတ်ကျောက်တင်တဲ့ပွဲလို့ ဆိုနိုင်ပါတယ်။ ရွှေမှန်ရင် မှတ်ကျောက်တင်ခံရသလို ပြည်သူ့ကိုယ်စားလှယ်မှန်ရင် ကိုယ့်အပြောနဲ့အလုပ် ထပ်တူကျဖို့ တာဝန်ယူ တာဝန်ခံရဲရပါမယ်။

အပြောနဲ့အလုပ်ထပ်တူကျဖို့ တာဝန်ခံရဲသူကို လူထုက **မှန်မှန်ကန်ကန် မဲပေးပါမှ၊ ကိုယ့်ကို ကိုယ်စားပြုမယ့် ကိုယ်စားလှယ်နဲ့ ပါတီကို မှန်မှန်ကန်ကန် ရွေးပေးပါမှ ကျွန်တော်တို့ရောက်လိုတဲ့ ဒီမိုကရေစီဖက်ဒရယ်** ပန်းတိုင်ကို အရောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

**အကောင်းဘက်သို့ " အမှန်တကယ် " ပြောင်းလဲဖို့**

**မိမိရွေးချယ် မဲပေးလိုသူကိုယ်စားလှယ်လောင်းရဲ့ ပါတီအမှတ်တံဆိပ်ဘေးက အကွက်ထဲမှာ တံဆိပ်တုံး တိတိကျကျရိုက်ပေးပါလို့ တိုက်တွန်းလိုပါတယ်။**

**တိုင်းရင်းသားပြည်သူများခင်ဗျား**

နောက်ဆုံးအနေနဲ့ ပြောကြားချင်တာကတော့-

ကျွန်တော်တို့အားလုံးက ဒီမြေမှာနေ/ဒီရေသောက်/ဒီဒေသမှာ ကိုယ့်ဘဝနဲ့ ကိုယ့်တိုင်းပြည်ကို တိုးတက်စည်ပင်အောင် တည်ဆောက်လိုကြတဲ့သူများပီပီ **ကိုယ့်နိုင်ငံအရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တစ်ရပ်အဖြစ် မှန်ကန်စွာရွေးချယ်မဲပေးခြင်းဖြင့် အမိမြေကျေးဇူးကို ဆပ်ကြပါစို့လို့ တိုက်တွန်းလိုပါတယ်။**

**ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီသည် အကောင်းဘက်သို့ အမှန်တကယ် ပြောင်းလဲဖို့** မိမိ**ယုံကြည်**ချက်ကို အရင်းတည်၍ ပြည်ထောင်စု **ဘဝသစ်** တည်ဆောက်ရန် မြဲမြံသော အဓိဋ္ဌာန်ပြုလျက် **ရှေ့သို့ချီ**တက်မည်ဖြစ်ပါကြောင်း-တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(တေးသီချင်း)**

ရှမ်းရိုးမက ကျားဖြူသည် ဇာတာဆန်းနှင့်အညီ
နီစိမ်းနိမိတ်ဆောင် ဖြူစင်သည် သမိုင်းကြောင်းသက်သေတည်
အကြောက်တရားကို ပယ်ပါသည် မဖောက်ပြား ဆိုစကား တို့အမျိုးများဆိုသည်
မိုးယံဆီ အိုးစည်မြည် မျိုးဆက်သစ်တို့ အားမာန်ချီ
SNDP သွေးညီသည် ခေါင်းဆောင်ကောင်းတို့ဦးဆောင်မည်
အနာဂတ်မှာအောင်လံချီ လူထုအင်အား အစဉ်လေးစားယုံကြည်
အကောင်းဘက်ပြောင်းဖို့ ကျားဖြူသည် ပါတီဖွဲ့ခဲ့သည်
မြစ်ချောင်းတောတောင် လျှိုမြောင်ဆီ ခရီးကြမ်းဖြတ်ကျော်မည်
တန်ဆောင်မုန်းအမီ ဒီမိုကရေစီ
တို့ကျားဖြူအတွက် မျှော်လင့်ချက်ရောင်ခြည်။

# တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစား လက်ဝှေ့ရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် တက်ရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း ဝင်ရောက်နေရာယူပြီးနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမှာစကားပြောကြားကာ တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး အမျိုးသမီး ၄၈ ကီလိုတန်း ပြိုင်ပွဲယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲတွင် အမျိုးသား ၅၆ ကီလိုတန်း၊ ၆၂ ကီလိုတန်း၊ ၆၉ ကီလိုတန်း၊ ၇၇ ကီလိုတန်း၊ ၈၅ ကီလိုတန်း၊ ၉၄ ကီလိုတန်း၊ ၁၀၅ ကီလိုတန်း၊ +၁၀၅ ကီလိုတန်းနှင့် အမျိုးသမီး ၄၈ ကီလိုတန်း၊ ၅၃ ကီလိုတန်း၊ ၅၈ ကီလိုတန်း၊ ၆၃ ကီလိုတန်း၊ ၆၉ ကီလိုတန်း၊ ၇၅ ကီလိုတန်း၊ ၉၀ ကီလိုတန်း၊ +၉၀ ကီလိုတန်း ပြိုင်ပွဲများကို အမျိုးသား ၁၃ သင်း၊ အမျိုးသမီးရှစ်သင်းတို့မှ အားကစားသမား စုစုပေါင်း ၉၂ ဦးဖြင့် စက်တင်ဘာ ၅ ရက်မှ ၇ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားလက်ဝှေ့ရုံတွင် နေ့စဉ် နံနက် ၉ နာရီမှစတင်ကာ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပါကြောင်း မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-စင်ကာပူ လူငယ်အမျိုးသမီးခြေစမ်းပွဲ တစ်ရက်တည်းနှစ်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၅

**မြန်မာ ယူ-၁၆၊ ယူ-၁၉ အမျိုးသမီးအသင်းနှင့် စင်ကာပူ ယူ-၁၆၊ ယူ-၁၉ အမျိုးသမီးအသင်း ခြေစမ်းပွဲများကို စက်တင်ဘာ ၆ ရက် (ယနေ့) တွင် တစ်ရက်တည်း နှစ်ပွဲကျင်းပမည်ဖြစ်သည်။ ခြေစမ်းပွဲများအဖြစ် နံနက် ၈ နာရီတွင် မြန်မာ ယူ-၁၉ အသင်းနှင့် စင်ကာပူ ယူ-၁၉ အသင်း၊ ညနေ ၃ နာရီခွဲတွင် မြန်မာ ယူ-၁၆ အသင်းနှင့် စင်ကာပူ ယူ-၁၆ အသင်းတို့ ယှဉ်ပြိုင်ကစားမည့်ပွဲကို သုဝဏ္ဏကွင်း၌ ကျင်းပမည် ဖြစ်သည်။**

စင်ကာပူလူငယ်အမျိုးသမီးအသင်းသည် မြန်မာနိုင်ငံသို့ ငါးရက်ကြာလာရောက် လေ့ကျင့်နေခြင်းဖြစ်ပြီး ခြေစမ်းပွဲပထမနေ့ဖြစ်သည့် စက်တင်ဘာ ၄ ရက်တွင် မြန်မာ ယူ-၁၆ အသင်းနှင့် စင်ကာပူ ယူ-၁၆ အသင်း ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက ကိုးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စင်ကာပူ ယူ-၁၆ အသင်းနှင့် ယူ-၁၉ အမျိုးသမီးအသင်းသည် အာရှခြေစစ်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် လာရောက်ကစားခြင်းဖြစ်ပြီး မြန်မာအသင်းများမှာလည်း ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် ယှဉ်ပြိုင်ကစားခြင်း ဖြစ်သည်။ ခြေစမ်းပွဲပထမနေ့တွင် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ခြေအသာဖြင့် ကစားသွားပြီး ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ရန် ယနေ့ကစားမည့် ခြေစမ်းပွဲတွင် အရန်ကစားသမားအများစုအား အသုံးပြုဖွယ် ရှိနေသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းမှာလည်း အာရှ ယူ-၁၉ ခြေစစ်ပွဲမတိုင်မီ ပထမဆုံးနိုင်ငံတကာ ခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ရွေးချယ်ထားသည့် ပဏာမကစားသမား ၂၆ ဦးစလုံးအား အသုံးပြုဖွယ်ရှိနေသည်။ စင်ကာပူ ယူ-၁၆ နှင့် ယူ-၁၉ အမျိုးသမီးအသင်းသည် မြန်မာအသင်းနှင့် ခြေစွမ်းကွာခြားသော်လည်း အတွေ့အကြုံရစေရန် လာရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ယနေ့ကျင်းပမည့် ခြေစမ်းပွဲကို ကွင်းဝင်ကြေး အခမဲ့သတ်မှတ်ထားကြောင်း သိရသည်။ **ညီမြတ်သော်တာ**

# မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများနှင့် Actor Star အသင်း ခြေစမ်းပွဲယှဉ်ပြိုင်ကစား

**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများနှင့် Actor Star အသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲကို ယနေ့ညနေပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက်ရှိ A & T Football Training Center ၌ ကျင်းပသည်။



ခြေစမ်းပွဲကစားခဲ့သည့် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်း။

ဓာတ်ပုံ-စိုးညွန့်

မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းတွင် မျိုးလှိုင်ဝင်း၊ စိုးမြတ်မင်း၊ အောင်အောင်ဦး (ဂိုး)၊ မင်းသူ၊ ဇော်လင်းထွန်း၊ တင့်နိုင်ထွန်းသိန်း၊ မောင်မောင်မြင့်၊ Actor Star အသင်းတွင် ဇာနည်၊ သူထူးစံ၊ ယုန်လေး၊ မင်းသွေး၊ မိုးယံဇွန်စသည့် အနုပညာရှင်များ ပါဝင်ကစားခဲ့သည်။ ယင်းခြေစမ်းပွဲမတိုင်မီ A & T Football Training Center ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးမျိုးလှိုင်ဝင်းက အမှာစကားပြောကြားကာ မြန်မာ့လက်ရွေးစင် ဂိုးသမားဟောင်း ဦးအောင်အောင်ဦးက A & T Football Training Center ဖြစ်ပေါ်လာပုံအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် မြန်မာ့လက်ရွေးစင် ဂိုးသမားဟောင်း ဦးအောင်အောင်ဦးတို့က A & T Football Training Center ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများနှင့် Actor Star အသင်းတို့အား လိုက်လံနှုတ်ဆက်သည်။

မြန်မာ့ဘောလုံး တိုးတက်ရေးကို အထောက်အကူဖြစ်စေရန်နှင့် ဘောလုံးအားကစားကို စိတ်ပါဝင်စားသူများ ကစားနိုင်ရန် A & T Football Training Center အား မြန်မာ့လက်ရွေးစင်ဂိုးသမားဟောင်း ဦးအောင်အောင်ဦးက တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဖိုးသော်ဇင်**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ချယ်လ်ဆီးအသင်းမှ အသက် ၂၅ နှစ် အရွယ် စပိန်တိုက်စစ်ကစားသမား မိုရာတာသည် ပြီးခဲ့သည့်ရာသီက ၎င်းအတွက် ခက်ခဲတဲ့ရာသီတစ်ခု ဖြစ်ကြောင်း ပြောကြားလိုက်သည်။
- ဝက်စ်ဟမ်းအသင်းသည် ချီလီနည်းပြ မန်နျူရယ် ပယ်လီဂရီနီကို ထုတ်ပယ်ခဲ့ပါက လျော်ကြေးအဖြစ် ပေါင် ၁၅ သန်း ပေးချေရလိမ့်မည်ဖြစ်ကြောင်း ဗြိတိန်မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။
- အသက် ၂၈ နှစ်အရွယ် လီဗာပူးအသင်းခေါင်းဆောင် ဟန်ဒါဆန်သည် လီဗာပူးနှင့် ငါးနှစ်သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီးနောက် ၎င်းတွင် တိုးတက်မှုများစွာလိုအပ်နေသေးကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။
- မန်ယူအသင်းသည် အသက် ၂၂ နှစ်အရွယ် အက်သလက်တီကို မက်ဒရစ်အသင်းမှ ပြင်သစ်နောက်ခံကစားသမား လူးကပ်စ် ဟာနန်ဒက်ဇ်ကို ခေါ်ယူရန် စဉ်းစားနေကြောင်း ဒေးလီးစတား၏ ဖော်ပြချက်အရ သိရသည်။
- ပြင်သစ်အသင်းနှင့် ကမ္ဘာ့ဖလားရယူနိုင်ခဲ့သည့် အသက် ၂၂ နှစ်အရွယ် နောက်ခံကစားသမား ပါဗတ်သည် ၎င်းအနေဖြင့် စတုဂတ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုအဆင့်သို့ ရောက်ရှိခဲ့သည်ဆိုခြင်းကို ငြင်းဆိုလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# မြန်မာ့ပင်လယ်ပြင်တွင် မျောပါနေသော အိန္ဒိယနိုင်ငံသားတစ်ဦးအား ကယ်ဆယ်

**ဖျာပုံ စက်တင်ဘာ ၅**

မြန်မာ့ပင်လယ်ပြင်တွင် စက်လှေပျက်၍ မျောပါလျက်ရှိနေသော အိန္ဒိယနိုင်ငံသား အသက်(၄၉နှစ်)အရွယ်ရှိ အမျိုးသားတစ်ဦးအား စက်တင်ဘာ ၃ရက် နံနက် ၁၀ နာရီခန့်က ဖျာပုံမြို့နယ် အမာမြို့ ဒေးဒလူကျေးရွာအုပ်စု ကုလားထိပ်ကျေးရွာနေ ငါးဖမ်းတန်းလှေဦးစီး ဦးခင်ဇော်ပါ ရေလုပ်သားများက တွေ့ရှိ၍ ကူညီကယ်ဆယ်လာခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသား Mr. Biswanath Roy သည် ၂၀၁၈ ခုနှစ် ဇူလိုင်လကုန်ခန့်က ၎င်းနေထိုင်ရာ ဆန်းဒီပူးကျေးရွာ အက်ဒမန်ကျွန်းမှ နံနက် ၁၀ နာရီတွင် အက်ဒမန်ကျွန်းအနီး ငါးဖမ်းရန် စက်လှေနှင့်အတူ ထွက်ခွာလာစဉ် ညနေ ၅ နာရီခန့်တွင် လေကြမ်း၍ လှိုင်းကြီးကာ စက်လှေတွင်တပ်ဆင်ထားသောပန်ကာနှင့်ကျောက်ဆောင် တိုက်မိခဲ့ကြောင်း၊ ထို့နောက် လှိုင်းနှင့်အတူ ငါးဖမ်းသည့်နေရာမှ တောင်ဘက်အရပ်သို့ရေစီးနှင့်အတူ ပင်လယ်ပြင်တွင် ၁၇ ရက်တာ မျောပါသွားခဲ့ကြောင်း၊ ပင်လယ်ပြင်တွင် မျောပါနေသည့်ရက်များတွင် ဖမ်းဆီးရမိသော ငါးစိမ်းများနှင့် မိုးရွာသည့်အခါ လှေပေါ်တွင် တင်ကျန်သည့် မိုးရေတို့ကို သောက်သုံး၍ အသက်ရှင်ခဲ့ကြောင်း၊ ပင်လယ်ထဲ မျောပါနေစဉ် ငါးဖမ်းသင်္ဘောတစ်စင်းက တွေ့ရှိကူညီကယ်ဆယ်၍ စက်လှေပေါ်တွင် တစ်ညအိပ်ခဲ့ကြောင်း၊ နောက်တစ်နေ့ မိုးလင်းချိန်တွင် ငါးဖမ်းစက်လှေရှိ ရေလုပ်သားများက ထမင်း၊ ဟင်းနှင့် ဆန် တစ်ကီလိုခန့်ပေး၍ ၎င်းအား စက်လှေနှင့်အတူ ပင်လယ်ထဲ မျောလွှတ်လိုက်ကြောင်း သိရသည်။

Mr.Biswanath Roy သည် ပင်လယ်ပြင်တွင် မျောပါနေစဉ် စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီတွင် ဖျာပုံမြို့နယ် အမာမြို့ ဒေးဒလူကျေးရွာအုပ်စု ကုလားထိပ်ကျေးရွာနေ ငါးဖမ်းတန်းလှေဦးစီး ဦးခင်ဇော်ပါ ရေလုပ်သားခုနစ်ဦးတို့က ပင်လယ်ပြင်တွင်တွေ့ရှိကာ ကယ်ဆယ်ခဲ့ကြောင်း၊ စက်တင်ဘာ ၄ ရက်တွင် ကုလားထိပ်နယ်မြေရဲစခန်းမှူး ဒုတိယရဲအုပ် စိုးထက်လင်းနှင့် ရေလုပ်သားများက ဖျာပုံမြို့နယ် လဝကဦးစီးမှူးရုံးသို့ လာရောက်အပ်နှံခဲ့ပြီး ဖျာပုံမြို့ ကာလီမယ်တော်ဘုရားကျောင်း ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် အဖွဲ့ဝင်များကလည်း ကူညီစောင့်ရှောက်မှု ပေးထားကြောင်း၊ Mr.Biswanath သည် ဘန်ကာဝါလီ/ ဟိန္ဒူ(အိန္ဒိယနိုင်ငံသား) ဖြစ်ပြီး အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ဆန်းဒီပူးကျေးရွာဇာတိဖြစ်ကြောင်း သိရသည်။

**ကျော်စိုးမိုး**

# ဆွဲသင်္ဘောနှင့် သင်္ဘောအမှုထမ်းများအား လွှဲပြောင်းပေးအပ်

**ကော့သောင်း စက်တင်ဘာ ၅**



သုံးခွမြို့နယ် သမ္မစိတ္တကျေးရွာအပြင်ဘက် ရေမိုင်ခုနစ်မိုင်ခန့်အကွာ စစ်တောင်းမြစ်ဝအနီး မြန်မာ့ပင်လယ်ပြင်တွင်တွေ့ရှိခဲ့သည့် ကုန်တင်သင်္ဘော SAM Ratulangi အား ဆွဲယူခဲ့သည့် Independence Ulaan Baatar သင်္ဘောနှင့် သင်္ဘောအမှုထမ်းများအား ယမန်နေ့ နံနက်ပိုင်းက ကော့သောင်းမြို့ ဇာဒက်ကြီးရေတပ်စခန်းမှ တိုင်းဒေသကြီး ရေကြောင်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၃၁ ရက်က မြန်မာ့ပင်လယ်ကမ်းရိုးတန်း ကော့သောင်းမြို့မှ ရေမိုင် ၅၀ ခန့်အကွာ ပင်လယ်ပြင်အတွင်း တစ်ဖက်နိုင်ငံ ရေပြင်အတွင်းသို့ ဦးတည်ခုတ်မောင်းလျက်ရှိသော မသင်္ကာဖွယ်ရာတွေ့ရှိရသည့် Independence Ulaan Baatar သင်္ဘောနှင့်အတူ သင်္ဘောအမှုထမ်း အင်ဒိုနီးရှားနိုင်ငံသား ၁၃ ဦးအား ဇာဒက်ကြီးရေတပ်စခန်း တပ်မတော်စစ်ရေယာဉ်က ခေါ်ယူထိန်းသိမ်းထားရာမှ ရေကြောင်းဦးစီးဌာနနှင့် တာဝန်ရှိအဖွဲ့အစည်းများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း ဖြစ်သည်။

အဆိုပါသင်္ဘောအား ကော့သောင်းမြို့ မြန်မာ့ရေပြင်ပိုင်နက် သူဌေးကျွန်းနှင့် ဘုရင့်နောင်အငူအကြား ပင်လယ်ပြင်တွင် ကျောက်ချရပ်နားထားပြီး သင်္ဘောအမှုထမ်းများအား သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမေးမြန်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

# တိုက်ကြီးမြို့နယ် သပြုကြိုးဝိုင်း ကြံစိုက်ခင်းတွင် ဆင်များ ဝင်ရောက်ဖျက်ဆီး

**တိုက်ကြီး စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ဖလုံဘူတာကျေးရွာအုပ်စု သပြုကြိုးဝိုင်း ဦးပိုင်ကြံစိုက်ခင်း အတွင်းသို့ တောဆင်ရိုင်းလေးကောင် စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းက ဝင်ရောက်ဖျက်ဆီးကြောင်း ဖလုံဘူတာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

“ဆင်ဝင်တဲ့ သပြုကြိုးဝိုင်း ဦးပိုင်ကြံစိုက်ခင်းက ဖလုံဘူတာကျေးရွာနဲ့ ခုနစ်မိုင်ဝေးပါတယ်၊ ဒီနေ့ နေ့လည် နှစ်နာရီလောက်မှာ ကြံခင်းကို ဆင်လေးကောင် ဝင်ရောက်ဖျက်ဆီးတယ်ဆိုတဲ့ သတင်းရတာနဲ့ ဖလုံရဲစခန်းရယ် ကျွန်တော်တို့ ရာအိမ်မှူးအဖွဲ့တွေနဲ့ စုပေါင်းပြီး သွားကြည့်ပါတယ်၊ ဘာမှလုပ်လို့မရပါဘူး။ တောဆင်လေးကောင်ထဲမှာ အမြဲတမ်းဦးဆောင်ပါဝင်နေကျ ဂျစ်ကားဆင်လဲပါတယ်၊ အန္တရာယ်ရှိပါတယ်၊ ဘယ်လောက်ပျက်စီးတယ်ဆိုတာ မသိရသေးပါဘူး။ ဆင်မောင်းဖို့ မြိုင်ဟေဝန်ဆင်စခန်းကို အကြောင်းကြားတော့ သူတို့ဆင်တွေ လွှတ်ကျောင်းနေကြောင်း မိုးချုပ်မှ ပြန်ရောက်မှာဖြစ်လို့ ချက်ချင်းမလာနိုင်ပါဘူး။မနက်မိုးလင်းရင် ကွန်ချီဆင်တွေနဲ့ လာရောက်မောင်းမှာ ဖြစ်ပါတယ်”ဟု ဆင်စခန်း တာဝန်ရှိသူမှ ပြောကြောင်း၊ အနီးပတ်ဝန်းကျင်ရှိ တဲအိမ်တွေမှ လူများကို အပြင်မထွက်ကြဘဲ နိုးနိုးကြားကြားနေရန် သတိပေးထားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံထွန်းအောင်ထံမှ သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၃ ဦးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တရားစွဲအရေးယူ

**နေပြည်တော် စက်တင်ဘာ ၅**

Delivery Van များအား ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် တင်သွင်းရာတွင် ကြီး/ကော်မူဝါဒနှင့် ကိုက်ညီမှုမရှိသော ယာဉ်များအား ဆိပ်ကမ်းပြင်ပသို့ ထုတ်ယူခွင့်ရရှိရန်အတွက် Custom Agent မှတစ်ဆင့် ငွေပေးဆောင်ရခြင်း၊ လုံးဝမပြုပြင်ထားသောကားများ ထုတ်ယူရန်အတွက် ငွေပေးဆောင်ရခြင်း၊ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ဆိပ်ကမ်းမှ ပစ္စည်းများ ထုတ်ယူရာတွင် Custom Agent မှတစ်ဆင့် ငွေကြေးပေး၍ ထုတ်ယူနေရသည့် အစဉ်အလာဖြစ်နေခြင်းတို့အား စုံစမ်းဖော်ထုတ်ပေးပါရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးပေါ်ပေါက်ချက်များအရ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၃ ဦးအပေါ် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါနယ်မြေမြို့မရဲစခန်း၌ ဩဂုတ် ၂၄ ရက်တွင် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၀ ဦးအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ လည်းကောင်း၊ အရာထမ်းသုံးဦး အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆/၆၃ အရ လည်းကောင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် စက်တင်ဘာ ၅ ရက်၌ တရားစွဲတင်ပို့ခဲ့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

၆ . ၉ . ၂၀၁၈(ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၈း၃၅ | "စီးပွားရေးစကားဝိုင်း" (နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ သစ်တောကဏ္ဍမြှင့်တင်စို့) (ဒုတိယပိုင်း) |
| ၉း၁၀ | သူတို့ဒေသ၊ သူတို့ဘဝ "မြစ်သားမြို့သို့ အလည်တစ်ခေါက်" |
| ၉း၃၀ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၉း၄၀ | ASEAN Spotlight (42) |
| ၁၀း၃၀ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၁း၀၀ | မြစ်မခမီဒီယာ (စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့) |
| ၁၁း၂၀ | "စိမ်းလန်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် အတွက် သစ်တောများ၏ အခန်းကဏ္ဍ" |
| ၁၄း၄၀ | "ဥယျာဉ်နန်းက ပန်းသခင်" |

**ညပိုင်း**

| | |
|---|---|
| ၁၇း၀၅ | NHK အစီအစဉ် "Super Cameras" (စိန်များ တဖိတ်ဖိတ် တောက်ပခြင်း၏ နောက်ကွယ်မှ လျှို့ဝှက်ချက်) |
| ၁၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈း၂၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၈း၅၅ | "CHOICE" (အပိုင်း-၈၂) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |

# မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိ



လှမြင့်၊ လင်းအောင်၊ ကျော်ဦး၊ ဇော်ဇော်၊ ကျော်မင်းထွန်းတို့အား ဖမ်းဆီးရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၅**

ကော့သောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၃ ရက်က ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် မြရည်ပုလဲလမ်းသွယ်ရှိ ဝင်းကိုဦး၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ မင်းဆုပိုင်(ခ)ပိုင်ပိုင်နှင့် အောင်ထွေးတို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၇၆၁ပြားနှင့် လက်ကိုင်ဖုန်းငါးလုံး၊ မော်တော်ဆိုင်ကယ်နှစ်စီးတို့ကို လည်းကောင်း။

အလားတူ စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရယ်မြို့နယ် နားလီကျေးရွာတွင် လှမြင့် မောင်းနှင်၍ ကျော်ဦးနှင့် လင်းအောင်တို့ လိုက်ပါလာသည့် ဟွန်ဒိုင်း၂၂ ဘီးယာဉ်နှင့် ဇော်ဇော် မောင်းနှင်၍ ကျော်မင်းထွန်း လိုက်ပါလာသည့် SINOTERUK ၂၂ဘီး ယာဉ်တို့ကိုရှာဖွေရာ ဟိုက်ဒရိုကလိုရစ်အက်စစ် ၁၈၀ လီတာစီပါ ပီပါ ၁၈လုံး စုစုပေါင်း ဟိုဒရိုကလိုရစ်အက်စစ် ၃၂၄၀ လီတာ၊ အီသိုင်းအီသာ ၁၈၀ လီတာစီပါ ပီပါ ၈၈ လုံး(စုစုပေါင်း အီသိုင်းအီသာ ၁၅၈၄၀ လီတာ၊ ကဖင်း ၉ ကီလို စီပါ ၂၅ အိတ် (စုစုပေါင်း ကဖင်း ၂၂၅ ကီလို)၊ ဘွိုင်လာအိုးငါးလုံး၊ ပြွန်ပိုက်လေးလုံး၊ မော်တာလေးလုံးနှင့် လက်ကိုင်ဖုန်းငါးလုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ပူးပေါင်းအဖွဲ့သည် အိုက်ခေး(ခ)ကွမ်းခေး မောင်းနှင်လာသည့် ပါဂျဲရိုး ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၃၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ကျိုင်းတုံမြို့၌ အရက်မူးပြီး မီးရှို့မှုကြောင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံး

**ကျိုင်းတုံ စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု ပါဆံကျ(နာထေး) အာခါကျေးရွာတွင် စက်တင်ဘာ ၃ ရက် နံနက် ၅ နာရီက အရက်မူးနေသူ အမျိုးသားတစ်ဦးက မိမိနေအိမ်ကို မီးရှို့ခဲ့ရာ တစ်ထပ်တိုက်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပါဆံကျ(နာထေး)အာခါကျေးရွာနေ အားနံ(ခ)ကျော်စိုးသည် နေအိမ်တွင် အရက်သေစာသောက်စားနေစဉ် အမူးလွန်ပြီး နေအိမ်အတွင်းရှိ စာအုပ်စင်ကို မီးရှို့ခဲ့ရာမှ တစ်အိမ်လုံး မီးကူးစက်လောင်သွားသဖြင့် ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရေသယ်ယာဉ်တစ်စီး၊ မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် ဒေသခံများနှင့်အတူ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ မိနစ် ၄၀ တွင် မီးငြှိမ်းသတ်နိုင်ခဲ့ပြီး အခြားနေအိမ်များသို့ ကူးစက်လောင်သွားခဲ့ခြင်း မရှိကြောင်း သိရသည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ အရက်မူးပြီး နေအိမ်ကို မီးရှို့သူ အားနံ(ခ)ကျော်စိုး (၃၆နှစ်) ကို ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# တာချီလိတ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**တာချီလိတ် စက်တင်ဘာ ၅-** ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်၌ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် ဂေါ်သဇင်လမ်းမပေါ်၌ နတ်စင်ဘက်မှ မောနင်းစတားလက်ဖက်ရည်ဆိုင်ဘက်သို့ အားဆာ(ခ)မင်းရင်ခွင် မောင်းနှင်လာသည့် နံပါတ်မပါဆိုင်ကယ်ကို စစ်ဆေးရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ (တန်ဖိုးငွေကျပ်သိန်း ၂၀ ခန့်)အား သိမ်းဆည်းရမိခဲ့၍ တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် ပိတောက်စားရှေများဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၅၈ စီး၊ သွင်းကုန် ၆၅၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၃ စီး၊ သွင်းကုန်အစီး ၂၀၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးကျပ် ၅၆ ဒသမ ၃၂၉ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈၀၂ သန်းခန့် စုစုပေါင်း တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉ ဒသမ ၁၃၁ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ TOYATA HIACE ယာဉ်တစ်စီး၊ FOTON ယာဉ်တစ်စီးနှင့် NISSAN UD ယာဉ်တစ်စီးတို့ကို ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသည့် ပိတောက်ခွဲသား ၃ ဒသမ ၆၀၉၈ တန်နှင့် အဆိုပါပစ္စည်းသယ်ဆောင်သည့်ယာဉ်သုံးစီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆ ဒသမ ၃၂၉ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီတိုနေတာသယ်ဆောင်လာသူများအား အရေးယူထား

**နေပြည်တော် စက်တင်ဘာ ၅**

ရှမ်းပြည်နယ် ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူးဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၄ ရက် ည ၁၁ နာရီ ၃၅ မိနစ်တွင် သတင်းအရ သက်သေများနှင့်အတူ ကျောက်မဲမြို့နယ် အိုရီယမ်တယ်တိုးဂိတ်၌ သွားရောက်စောင့်ဆိုင်းနေစဉ် လားရှိုးဘက်မှ မန္တလေးဘက်သို့ ဘုတလင်မြို့နယ် ကင်းဆိုင်ကျေးရွာနေ ဇော်မြင့်သိန်း မောင်းနှင်ပြီး လားရှိုးမြို့နေ မြင့်ဇော်ဦး လိုက်ပါလာသည့် 8I/---- ကင်မ်တာယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ ဒီတိုနေတာ တစ်စည်းလျှင် အချောင်း ၅၀ပါ တစ်အိတ်လျှင် အစည်း ၁၁၀ ပါရှိသည့် အိတ် ၂၉ အိတ်၊ တစ်စည်းလျှင် အချောင်း ၁၀၀ စီပါပြီး တစ်အိတ်လျှင် အစည်း ၅၀ ပါ တစ်အိတ်၊ စုစုပေါင်း အချောင်း ၁၆၄၅၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ဇော်မြင့်သိန်းနှင့် မြင့်ဇော်ဦးတို့ကို ကျောက်မဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ပခုက္ကူမြို့၌ လမ်းပေါ်အမှိုက်များကို လှည်းကျင်းနေစဉ် ဓာတ်လိုက်သေဆုံး

**ပခုက္ကူ စက်တင်ဘာ ၅**

ပခုက္ကူမြို့ အမှတ်(၄)ရပ်ကွက်ရှိ လမ်းဘေးရေအိုင်တွင် ယမန်နေ့ညက လူတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း ပခုက္ကူမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၄ ရက် ည ၈ နာရီခွဲက ပခုက္ကူဆေးရုံကြီးတွင် ဓာတ်လိုက်သေဆုံးသည့် အလောင်းတစ်လောင်းရောက်ရှိလာကြောင်း သတင်းပေးချက်အရ ပခုက္ကူမြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဆန်းဦးက သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ပခုက္ကူမြို့ အမှတ်(၄)ရပ်ကွက်နေသူ ဦးအောင်ကျော်မြင့် (၅၅ နှစ် လက်သမား)ဖြစ်ပြီး ဦးအောင်ကျော်မြင့်သည် ၎င်းနေ့ ည ၈ နာရီက မိုးရွာ၍ လမ်းပေါ်၌ ကျန်ရစ်ခဲ့သည့် အမှိုက်များအား တံမြက်စည်းဖြင့် လှည်းချနေစဉ် အသောကလမ်းနှင့် သီရိဂေဟာလမ်းထောင့်ရှိ ဓာတ်တိုင်မှ လျှပ်စစ်ဝိုင်ယာကြိုးပြတ်ကျနေသည့် လမ်းဘေးရေအိုင်အရောက်တွင် ဓာတ်လိုက်လဲကျခဲ့သဖြင့် ပတ်ဝန်းကျင်ရှိ လူများက ဆေးရုံသို့ ပို့ဆောင်ပေးစဉ် လမ်း၌သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဦးအောင်ကျော်မြင့် သေဆုံးခဲ့မှုနှင့် ပတ်သက်၍ ပခုက္ကူမြို့နယ် မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၅/ ၂၀၁၈ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# မိုင်းခတ်မြို့နယ်၌ ဘက်ထရီအိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**မိုင်းခတ် စက်တင်ဘာ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ်၏ အရှေ့ဘက် ၁၁ မိုင်ခန့်အကွာ ဖာလန်ကော်ကျေးရွာအုပ်စု တောင်သုံးလုံးကျေးရွာတွင် ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ယာလုပ်ကိုင်သူ ဦးမောင်စိုး၏ နေအိမ်ရှိ ဆိုလာ ဘက်ထရီအပူလွန်ကဲရာမှ မီးစတင်လောင်ခဲ့ပြီး သွပ်မိုး၊ အုတ်ညှပ် နေအိမ်တစ်လုံး၊ ဆိုင်ကယ်တစ်စီး၊ လူဦးရေ ခုနစ်ဦး မီးဘေးသင့်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှု မရှိကြောင်း သိရသည်။

မီးလောင်ရာသို့ မီးသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကောင်းမြင့်သူနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် ရွာသူရွာသားများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။

မီးဘေးသင့်ခဲ့သော မိသားစုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်များ လှူဒါန်းထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုကြောင့် နေအိမ်ပိုင်ရှင် ဦးမောင်စိုး တောင်သုံးလုံးကျေးရွာနေသူကို မိုင်းခတ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုင်းဖြတ်-ကျိုင်းတုံသွား ပြည်ထောင်စုလမ်းမပေါ် ကမ်းပါးယံပြို၍ ခေတ္တလမ်းပိတ်ဆို့

**မိုင်းဖြတ် စက်တင်ဘာ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုင်းဖြတ်-ကျိုင်းတုံသွား ပြည်ထောင်စုလမ်းမကြီးပေါ် ဆိုင်းလေရွာအနီး မိုင်တိုင်အမှတ် (697-698 )Km အကြားတောင်ကမ်းပါးယံပြိုကျပြီး ခေတ္တလမ်းပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်နိုင်နှင့် မြို့နယ်လမ်းဦးစီးအရာရှိ (မြို့ပြ)ဒေါ်ကေခိုင်ဇော်နှင့် ဌာနဆိုင်ရာအဖွဲ့များသည် ခရီးသွားယာဉ်များ အချိန်ကြန့်ကြာမှုမရှိစေရန်နှင့် ခရီးသွားလာရာတွင် လွယ်ကူချောမွေ့၍ အဆင်ပြေမှုရှိစေရန် ပူးပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ရာ နံနက် ၈ နာရီခန့်တွင် ခရီးသွားယာဉ်ကြီး၊ ယာဉ်ငယ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်ခဲ့ကြောင်း သိရသည်။

**ရှောလမွန် ( ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံတွင် ယခုနှစ်မိုးရာသီ၌ဖြစ်ပွားသော ရေဘေးကြောင့် လူပေါင်း ၁၄၀၀ ကျော်သေဆုံး

**နယူးဒေလီ စက်တင်ဘာ ၅**

အိန္ဒိယနိုင်ငံတွင် ယခုနှစ်မိုးရာသီ၌ ဖြစ်ပွားခဲ့သော ရေဘေးကြောင့် လက်ရှိအချိန်တွင် လူပေါင်း ၁၄၀၀ ကျော် သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ဖြစ်ပွားသော ရေဘေးများအနက် အဆိုးရွားဆုံးမှာ ကီရာလာပြည်နယ်တွင် ဖြစ်ပွားခဲ့သော ရေဘေးဖြစ်ပြီး သေဆုံးသူ ၄၈၈ ဦးရှိခဲ့ကြောင်း အိန္ဒိယနိုင်ငံပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်တွင် နှစ် ၁၀၀ အတွင်း အဆိုးရွားဆုံး ရေဘေးဒုက္ခခံစားခဲ့ရကြောင်းနှင့် ခရိုင် ၁၄ ခုတွင်ဖြစ်ပွားသော ရေဘေးဒုက္ခခံစားနေရသူပေါင်း ၅ ဒသမ ၄၁၁ သန်းရှိကြောင်း၊ လူပေါင်း ၁ ဒသမ ၄၅၂ သန်း အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသောကြောင့် ၎င်းတို့ကို ရေဘေးကယ်ဆယ်ရေးစခန်းများတွင် နေရာများချထားပေးခဲ့ရကြောင်း သိရသည်။

ရေကြီးမှုကြောင့် လယ်ယာမြေ ဟက်တာ ၅၇၀၀၀ ကျော်ပျက်စီးခဲ့ကြောင်း အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန သဘာဝဘေးဒုက္ခကယ်ဆယ်ရေးစခန်း၏ ထုတ်ပြန်ထားသည့် စာရင်းများအရ သိရသည်။

ထို့အပြင် အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၊ အနောက်ဘင်္ဂလားပြည်နယ်တွင်လည်း ရေဘေးဒဏ်ဆိုးဆိုးရွားရွားခံစားခဲ့ရကြောင်း၊ သေဆုံးသူ ၂၀၀ကျော်ရှိပြီဖြစ်ကာ လယ်ယာမြေပေါင်း ဟက်တာတစ်သိန်းပျက်စီးခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဇွန်လမှ စက်တင်ဘာလသည် အိန္ဒိယနိုင်ငံ၏ မိုးရာသီကာလဖြစ်ရာ နေရာဒေသအသီးသီးတွင် ရေကြီးရေလျှံမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



# ဂျပန်နိုင်ငံတွင် ၁၁ ဦးထက်မနည်းသေဆုံးခဲ့သော မုန်တိုင်းတိုက်ခတ်ပြီးနောက် ရှင်းလင်းမှုများလုပ်ဆောင်

**တိုကျို စက်တင်ဘာ ၅**

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် ဂျေဘီးတိုင်ဖုန်းမုန်တိုင်းတိုက်ခတ်ပြီး တစ်ရက်ကြာပြီးနောက် မုန်တိုင်းကြောင့် သေဆုံးသူ အနည်းဆုံး ၁၁ ဦး ရှိခဲ့ကြောင်းနှင့် ရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ မုန်တိုင်းကြောင့် ပျက်စီးသွားသော ပစ္စည်းများ၏ တန်ဖိုးကို ခန့်မှန်းတွက်ချက်နေဆဲဖြစ်ကြောင်း သိရသည်။

ဂျေဘီးတိုင်ဖုန်း မုန်တိုင်းသည် ကန်ဆိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ဝင်ရောက်တိုက်ခတ်ခဲ့ရာ လေကြောင်းလိုင်း ၁၆၂ ခုကို ဖျက်သိမ်းခဲ့ရကြောင်းနှင့် လေဆိပ်ကိုလည်း အင်္ဂါနေ့အထိ ပိတ်သိမ်းခဲ့ရကြောင်း သိရသည်။

အဆိုပါ လေဆိပ်တွင် လူပေါင်း ၃၀၀၀ခန့် ပိတ်မိနေကြောင်း သိရသည်။ ခရီးသည်များကို သယ်ဆောင်ရန် ကြိုပို့ယာဉ်များကိုလည်း စေလွှတ်ထားကြောင်း သိရသည်။

လေဆိပ်တွင် မုန်တိုင်းတိုက်ခတ်မှုဖြစ်စဉ်နှင့် ကြုံတွေ့ခဲ့ရသူတစ်ဦးက “ကျွန်တော်တကယ့်ကိုပဲ စိတ်ပန်းလူပန်းဖြစ်ရပါတယ်။ သို့သော်လည်း အခုအန္တရာယ်ကင်းကင်းပြန်ရောက်လာတဲ့အတွက် ဝမ်းသာပါတယ်”ဟု ပြောခဲ့သည်။

အမျိုးသမီးတစ်ဦးကလည်း “ကျွန်မလည်း အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ကျွန်မအလွန်စိတ်ပူသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘာသတင်းမှမရတော့ဘူး။ ဘာလျှပ်စစ်မှလည်းသုံးလို့မရတော့ဘူး။ ဘာအစားအစာမှလည်း မရှိတော့ဘူး”ဟု ပြောခဲ့သည်။

ဂျေဘီးမုန်တိုင်း တိုက်ခတ်နေချိန်တွင် လေဆိပ်ကို ဆက်သွယ်တည်ဆောက်ထားသည့် တံတားကို ကုန်တင်သင်္ဘောတစ်စင်းက ဝင်တိုက်မိခဲ့သော်လည်း ကုန်တင်သင်္ဘောပါလူ ၁၁ ဦးလုံးကို ဒဏ်ရာအနာတရမရှိဘဲ ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။




ဂျေဘီးမုန်တိုင်းကြောင့် လမ်းများပျက်စီးခဲ့သလို၊ လျှပ်စစ်များ ပြတ်တောက်ခဲ့ပြီး ဆက်သွယ်ရေးလမ်းကြောင်းများလည်း ကမောက်ကမဖြစ်ခဲ့ကြောင်း သိရသည်။

နှစ်ပေါင်း ၂၀ ကျော်အတွင်း ဂျပန်ကို ဝင်ရောက်တိုက်ခတ်ခဲ့သည့် မုန်တိုင်းများအနက် ဂျေဘီးမုန်တိုင်းသည် အပြင်းထန်ဆုံးဖြစ်ကြောင်း သိရသည်။

ဟော့ကိုင်းဒိုး လေဆိပ်အဆောက်အအုံသည်လည်း မုန်တိုင်းကြောင့် ခေါင်မိုးပေါက်ထွက်ခဲ့ကြောင်း သိရသည်။

ဟူဂိုစီရင်စုတွင်လည်း ကားအစီးရေ ၁၀၀ ကျော်ကို မီးတောက်များ ဝါးမျိုခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ပင်လယ်ရေများက ကားများ၏ ဘက်ထရီအတွင်းပိုင်းအထိဝင်ရောက်က လျှပ်စစ်ဓာတ်စီးပတ်လမ်းကြောင်း ဖောက်ပြန်မှုများဖြစ်ပွားသောကြောင့် ဖြစ်ကြောင်း၊ မုန်တိုင်းတိုက်ခတ်ပြီးနောက်တွင် ပုံမှန်အခြေအနေအတိုင်းပြန်လည်လည်ပတ်နိုင်ရန် သက်ဆိုင်ရာ အာဏာပိုင်များက ကြိုးစားလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယားသံတမန်များ မြောက်ကိုရီးယားသို့ ရောက်ရှိ

**ဆိုးလ် စက်တင်ဘာ ၅**

တောင်ကိုရီးယားသံတမန်များသည် သမ္မတမွန်ဂျေအင်းထံမှ အမှာစာကိုသယ်ဆောင်ပြီး မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းသို့ ရောက်ရှိလာခဲ့သည်။ တောင်ကိုရီးယားသံတမန်အုပ်စုတွင် အမျိုးသားလုံခြုံရေးအရာရှိ ချောင်အီရောင်း၊ အမျိုးသားထောက်လှမ်းရေးအေဂျင်စီ ဆူဟွန်းတို့အပြင် အခြားသော အရာရှိသုံးဦးသည် ဆိုးလ်မြို့လေဆိပ်မှထွက်ခွာလာပြီး ပြုံယမ်းသို့ ဗုဒ္ဓဟူးနေ့မနက်ပိုင်းတွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနျူကလီးယားလက်နက်ကင်းစင်ရေးအတွက် အမေရိကန်နှင့် မြောက်ကိုရီးယားတို့ ဆွေးနွေးမှု မတိုးသာမဆုတ်သာအခြေအနေမှ လွန်မြောက်နိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့မြောက်ကိုရီးယားသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။

သမ္မတမွန်ဂျေအင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ တတိယအကြိမ် တွေ့ဆုံရန်အတွက် တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့သည် မြောက်ကိုရီးယား ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်ဟု တောင်ကိုရီးယားသမ္မတရုံးက ဖော်ပြထားသည်။

ယခုလနှောင်းပိုင်းတွင် တောင်ကိုရီးယားသမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့တွေ့ဆုံရန် စီစဉ်ထားသည်။ ထို့ပြင် ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားလက်နက်ကင်းစင်ရေးအတွက်လည်း ဆွေးနွေးသွားမည်ဖြစ်သည်။

ပြုံယမ်းခရီးစဉ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံဖွယ်ရှိမရှိကိုမူ မသိရသေးပေ။ အမေရိကန်ပြည်ထောင်စုက တောင်းဆိုထားသည့်အတိုင်း နျူကလီးယားလက်နက်ကင်းစင်ရေးအတွက် သိသာသည့်လုပ်ဆောင်ချက်များ လုပ်ဆောင်ရန် တောင်ကိုရီးယားသံတမန်အဖွဲ့က တိုက်တွန်းသွားမည်ဖြစ်သည်။

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မပြုလုပ်မီ မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားကင်းစင်ရေးကို သိသာထင်ရှားစွာပြုလုပ်သွားရန် တောင်ကိုရီးယားသံတမန်များကို တိုက်တွန်းသွားဖွယ်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံတွင် ဆူဇူကီးကားရောင်းအားကျလာသည့်အတွက် ထုတ်လုပ်မှုရပ်ဆိုင်းတော့မည်

**တိုကျို စက်တင်ဘာ ၅**

ဂျပန်ကားကုမ္ပဏီဖြစ်သည့် ဆူဇူကီးကုမ္ပဏီသည် တရုတ်နိုင်ငံတွင် နှစ်ပေါင်း ၂၀ ကျော်ကြာ ကားထုတ်လုပ်မှုလုပ်ကိုင်ခဲ့ရာ ယခုအခါတွင် ရပ်တန့်ရန် အစီအစဉ်ရှိသည်ဟု သိရသည်။

ဆူဇူကီးကုမ္ပဏီသည် changan ကားကုမ္ပဏီနှင့် မိတ်ဖက်ပြုလုပ်ထားသည်ကို ပယ်ဖျက်တော့မည်ဖြစ်ကြောင်း အင်္ဂါနေ့က ကြေညာခဲ့သည်။ ဆူဇူကီးကုမ္ပဏီသည် တရုတ်ပြည်တွင် ကားရောင်းချမှုများ အရောင်းထိုင်းလာသည့်အတွက် ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဝယ်ယူ သုံးစွဲသူများသည် ဇိမ်ခံကားများ၊ မော်တော်ယာဉ်ကြီးများကို ပိုမိုရွေးချယ်လာကြသည်။

ဆူဇူကီးနှင့် ပြိုင်ဘက်ဖြစ်သည့် လျှပ်စစ်မော်တော်ယာဉ်များ ခေတ်စားလာသည့်အခါ ဆူဇူကီးသည် နောက်ကျကျန်ရစ်ခဲ့သည်။ လာမည့်နှစ်တွင် တရုတ်နိုင်ငံ၌ လျှပ်စစ်မော်တော်ယာဉ်များ ထုတ်လုပ်ရန် လိုအပ်နေသေးသည်။

မော်တော်ကားထုတ်လုပ်သူများသည် တရုတ်နိုင်ငံတွင် ကားများဆက်လက်ရောင်းချရန် အစီအစဉ်ရှိသော်လည်း အိန္ဒိယတွင် ထုတ်လုပ်ရောင်းချခြင်းများ ပြုလုပ်ရန်လည်း စီစဉ်လာကြသည်။

အိန္ဒိယနိုင်ငံသည် ကားများရောင်းချရန် ကြီးမားသော ဈေးကွက်တစ်ခုအဖြစ် ရှိနေသည်။ ဆူဇူကီးဥက္ကဋ္ဌ အိုဆာမုဆူဇူကီးက ၎င်းတို့ကုမ္ပဏီအနေဖြင့် တရုတ်နိုင်ငံတွင် ဈေးကွက်ချဲ့ထွင်ရန် မျှော်လင့်ခဲ့ကြောင်း။

သို့သော်လည်း ဝယ်ယူသူများ၏အကြိုက် ပြောင်းလဲသွားမှုကြောင့် ကားထုတ်လုပ်မှု ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



နိုင်ငံတကာ သတင်းတိုထွာ

## အသံလှိုင်းဖြင့် တိုက်ခိုက်သည်ဟူသော အမေရိကန်၏စွပ်စွဲချက်ကို ကျူးဘားငြင်းဆို

**ဟာဗားနား စက်တင်ဘာ ၅**
အမေရိကန်သံတမန်များကို အသံလှိုင်းဖြင့် တိုက်ခိုက်မှုပြုလုပ်သည် ဟူသော အမေရိကန်၏ စွပ်စွဲချက်ကို ကျူးဘား အဆင့်မြင့်အရာရှိကြီးများက လုပ်ကြံဇာတ်လမ်းတစ်ခုဟု ခေါ်ဝေါ်ခဲ့သည်။

အမေရိကန်သံတမန်တစ်ဦးတလေကိုမျှ တိုက်ခိုက်ခံရခြင်းမရှိဟု ကျူးဘားနိုင်ငံခြားရေးဝန်ကြီးဌာန အမေရိကန်ရေးရာမှ ညွှန်ကြားရေးမှူး ကာလို့စ်ဖာနန်ဒက်ဒီကော့စီရိုက အင်တာဗျူးတစ်ခုတွင်ပြောကြားခဲ့သည်။ ဟာဗားနားတွင်အသံလှိုင်းဖြင့် တိုက်ခိုက်မှုကို ကျူးဘားနှင့် အမေရိကန် အရာရှိများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ စုံစမ်းမှုအရ တိုက်ခိုက်မှုမရှိခဲ့ကြောင်း သိရသည်။ စုံစမ်းစစ်ဆေးမှုများကိုနှစ်နိုင်ငံလုံးတွင် လုပ်ဆောင်ခဲ့ကြောင်း မစ္စတာကာလို့စ်က ပြောသည်။

အမေရိကန် သံတမန် လေးဦးမှာ မေ့မြောခြင်းများခံစားခဲ့ရကြောင်း ဖော်ပြခဲ့သော်လည်း အသံလှိုင်းဖြင့် တိုက်ခိုက်ခံရသည့်ဟူသော ခိုင်မာသည့် သက်သေအထောက်အထားများ မရှိကြောင်း ၎င်းက ဆက်ပြောသည်။ သံတမန်များနေထိုင်ရာလမ်းထဲတွင် ယာဉ်တစ်စီးပေါ်မှာမိုက်ခရိုဝေ့ကြောင့်လည်း ဦးနှောက်ပိုင်း ထိခိုက်မှုများဖြစ်နိုင်ကြောင်း အမည်မဖော်လိုသော မျက်မြင်သက်သေတစ်ဦးက နယူးယောက်တိုင်းမ်တွင် ပြောခဲ့ဖူးသည်။ အမေရိကန်သံတမန်များ ထူးဆန်းစွာတိုက်ခိုက်ခံရ၍ အမေရိကန်နှင့် ကျူးဘားဆက်ဆံရေးတင်းမာခဲ့ရသည်။ **ဆင်ဟွာ**

## ပါကစ္စတန်နှင့် အမေရိကန် အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲပြုလုပ်မည်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၅**
အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမိုက်ပွန်ပီအိုသည် ပါကစ္စတန် အရပ်ဘက်နှင့် တပ်ဘက်အရာရှိကြီးများနှင့် ဗုဒ္ဓဟူးနေ့ နေ့ခင်းပိုင်းတွင် တွေ့ဆုံကာ ဆွေးနွေးရန်ရှိကြောင်း အရာရှိများနှင့် သံတမန်များကပြောသည်။ အမေရိကန်ဘက်မှ မိုက်ပွန်ပီအိုက ခေါင်းဆောင်မည်ဖြစ်ကာ ပါကစ္စတန်ဘက်မှ ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး ရှားမာမွဒ်ကူရီရှီက ဦးဆောင်ဆွေးနွေးသွားမည်ဟု သတင်းအရင်းအမြစ်တစ်ခုက ဆင်ဟွာသို့ ပြောသည်။ အမေရိကန်မှ ပါကစ္စတန်ကို ထောက်ပံ့ငွေ ဒေါ်လာသန်း ၃၀၀ ဖြတ်တောက်လိုက်ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးတင်းမာခဲ့ကာ ထိုသို့သောအချိန်တွင် ယခုကဲ့သို့တွေ့ဆုံဆွေးနွေးမှုပေါ်ပေါက်လာခြင်း ဖြစ်သည်။

မိုက်ပွန်ပီအိုနှင့် တွေ့ဆုံသည့်အခါ ၎င်း၏အမြင်များကို နားထောင်၍ နှစ်နိုင်ငံဆက်ဆံရေးမည်သို့ အဆင်ပြေအောင်ပြုလုပ်ရမည်ကို ဆွေးနွေးသွားမည်ဟု တနင်္ဂနွေနေ့တွင် ၎င်းကသတင်းထောက်များကို ပြောသည်။ **ဆင်ဟွာ**

# ပုံကျစျေးသည်တွေ ဖြစ်လာကြတဲ့ စပိန်နိုင်ငံရောက် ရွှေ့ပြောင်းအခြေချနေထိုင်သူများ

ချြူးစန္ဒီနွေး



နေသာတဲ့ နေ့တစ်နေ့မှာတော့ ဘာစီလိုနာ ပင်လယ်ကမ်းခြေအနီး အပန်းဖြေသွားလာရာ စကြံ်လမ်းမထက်မှာ မျက်မှန်၊ အဝတ်အစား၊ ဖိနပ်၊ အိတ်အစရှိတာတွေကိုရောင်းချနေကြတဲ့ လမ်းဘေးပုံကျစျေးသည်တွေကို တွေ့ရမှာပါ။ ဒီပုံကျစျေးသည်တွေက လမ်းမထက်မှာ အပြည့်နေရာယူထားကြပါတယ်။ ဒီလိုစျေးသည်တွေ ပေါများလာတာကြောင့်လည်း စပိန်အစိုးရအနေနဲ့ ပိုပြီးကျဉ်းထဲ ကျပ်ထဲကို ကျရောက်စေပါတယ်။ ဒီအချက်ကြောင့်လည်း ဥရောပသမဂ္ဂနိုင်ငံတွေအတွင်းကို ရွှေ့ပြောင်းဒုက္ခသည်တွေ နေထိုင်ခွင့်ပြု မပြု အငြင်းအခုံတွေ ဖြစ်လာပါတယ်။

### ဘဝအခွင့်အလမ်းအတွက် ပြောင်းရွှေ့လာသူများ

ဒုက္ခသည်တွေ နိုင်ငံအတွင်းကို ခြေချပြီဆိုတာနဲ့ ဘာလုပ်ရမယ်၊ ဘာတွေ လုပ်သင့်တယ်ဆိုတာကို သဘောတူတဲ့လူကတော့ အနည်းငယ်သာရှိပါတယ်။ လမ်းဘေးပုံကျစျေးသည် အများစုဟာ အာဖရိကကလာတဲ့ ရွှေ့ပြောင်းဒုက္ခသည်တွေပဲ ဖြစ်ပါတယ်။ အာဖရိက တိုက်ပွဲဖြစ်နေတဲ့နေရာတွေက အသက်ရှင်ရပ်တည်ဖို့အတွက် ထွက်ပြေးလာတဲ့ လူတွေ၊ ဆင်းရဲမွဲတေမှုကြောင့် ပိုမိုကောင်းမွန်တဲ့ဘဝ အခွင့်အလမ်းရဖို့ ထွက်ပြေးလာသူတွေပဲ ဖြစ်ကြပါတယ်။

### ပုံမှန်အလုပ်ရဖို့မလွယ်

အဲဒီလိုပြောင်းရွှေ့လာကြတဲ့ဒုက္ခသည်တွေဟာ ဥရောပသမဂ္ဂနိုင်ငံတွေကိုရောက်ရောက်ချင်းမှာပဲ လုံလောက်တဲ့ အထောက်အထားစာရွက်စာတမ်းပြည့်ပြည့်စုံစုံမပါကြဘဲ ပုံမှန်အလုပ်တစ်ခုရဖို့ကြိုးစားကြတယ်။ အထူးသဖြင့် စပိန်နိုင်ငံလို အလုပ်လက်မဲ့ ပမာဏမြင့်မားလွန်းတဲ့ နိုင်ငံမျိုးမှာ ပုံမှန်အလုပ်တစ်ခုရဖို့ဆိုတာ မလွယ်ပါဘူး။ အသက်ရှင်ရပ်တည်နိုင်ဖို့အတွက် အာဖရိကက ရွှေ့ပြောင်းဒုက္ခသည်အများစုဟာ လမ်းဘေးစျေးသည်တွေနဲ့ ချိတ်ဆက်ကြတယ်။ ဘာစီလိုနာမြို့ဟာ သူတို့အတွက် အချက်အချာနေရာတစ်ခု ဖြစ်လာခဲ့တယ်။ ပိတ်စတစ်ခုခင်းကာအဲဒီပေါ်မှာရောင်းချမယ့် ပစ္စည်းတွေကို ခင်းကျင်းထားပါတယ်။ နောက်တစ်နေရာကို ရွှေ့မယ်ဆိုရင်လည်းခင်းထားတဲ့ ပိတ်စကို အလွယ်တကူခေါက် သွားရုံပါပဲ။ သူတို့ အများဆုံးအားထားပြီး စျေးရောင်းချတာကတော့ ခရီးသွားတွေပါပဲ။

### အကြမ်းဖက်မှုတွေရှိလာ

မကြာခဏဆိုသလို သူတို့ဟာ အကြမ်းဖက်မှုတွေလည်း ကျူးလွန်တတ်ကြတဲ့အတွက် စပိန်မှာရွှေ့ပြောင်းဒုက္ခသည်တွေ အရေးနဲ့ပတ်သတ်လို့ခေါင်းပူနေရပါတယ်။ ပြီးခဲ့တဲ့လကလည်း ရဲအရာရှိတစ်ဦးကို ဒဏ်ရာရအောင်လုပ်မှုဖြင့် လမ်းဘေးစျေးသည်တစ်ဦးကို စပိန်တရားရုံးတစ်ခုက ထောင်ဒဏ်လေးလခွဲနဲ့ ဒဏ်ငွေယူရို ၃၅၀၀ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ပါတယ်။ အဲဒီဖြစ်ရပ်ဟာ ဘာစီလိုနာတောင်ပိုင်း အပန်းဖြေစခန်းတစ်ခုမှာ ဖြစ်ပွားခဲ့တာပါ။

နောက်ထပ်ဖြစ်ရပ်တစ်ခုကလည်း ပြီးခဲ့လအတွင်းကမှ ဖြစ်သွားခဲ့တာပါ။ အမေရိကန် ခရီးသွားတစ်ဦးဟာ ဦးခေါင်းပိုင်း ပြင်းပြင်းထန်ထန် ဒဏ်ရာရလို့ ဆေးရုံမှာ တက်ရောက်ကုသခဲ့ရပါတယ်။ အမေရိကန်ခရီးသွားဟာ လမ်းဘေးစျေးသည်နဲ့ ခိုက်ရန်ဖြစ်ပွားခဲ့ပြီး အခုလို ဒဏ်ရာရရှိခဲ့တာပါလို့ ပြောပါတယ်။ စပိန်နိုင်ငံအတွင်းမှာ လမ်းဘေးစျေးသည်တွေနဲ့ အာဏာပိုင်တွေကြား ပဋိပက္ခတွေ မကြာခဏဆိုသလို ဖြစ်ပွားလေ့ရှိပါတယ်။ မက်ဒရစ်မြို့မှာလည်း အလားတူပါပဲ။ လာမယ့်နှစ်အတွင်းမှာ ဘာစီလိုနာနဲ့ အခြားမြို့ကြီး ခြောက်မြို့တို့မှာ မြူနီစီပယ် ရွေးကောက်ပွဲရှိပါတယ်။ အတိုက်ခံနိုင်ငံရေးသမားတွေကတော့ လမ်းဘေးစျေးသည်ကိစ္စတွေအပေါ် သဘောထားတင်းမာမှုကို အခွင့်ကောင်းယူကြပြီး ဘာစီလိုနာ မြို့တော်ဝန် အေဒါကိုလာကိုမြို့အတွင်းမှာ တရားဥပဒေလေးစားလိုက်နာမှုကို အားလျော့စေတယ်လို့စွပ်စွဲကာ ထိုးနှက်ကြပါတယ်။

### စျေးဆိုင်ရှင်များကမကျေနပ်ကြ

ဘာစီလိုနာလို ကမ္ဘာလှည့်ခရီးသွားတွေနဲ့ ပြည့်နှက်နေတဲ့ မြို့ဟာလမ်းဘေးစျေးသည်တွေအတွက်တော့ ရောင်းလို့ဝယ်လို့ကောင်းတဲ့ နေရာတစ်ခုပါပဲ။ ခရီးသွားတွေဟာလည်း တံဆိပ်အတုနဲ့ မျက်မှန်တွေ၊ အိတ်တွေကို ဝယ်ယူချင်ကြပါတယ်။ ဒါကို စျေးဆိုင်တွေကတော့ မကျေနပ်ကြပါဘူး။ လမ်းဘေးစျေးသည်တွေဟာ သူတို့ရဲ့ ဝယ်သူတွေကိုဆွဲခေါ်သွားတယ်လို့ မြင်ကြပါတယ်။ ဒီလိုမျိုး လမ်းဘေးစျေးသည်တွေကို အမြင်မကြည်သူတွေရှိကြပေမယ့် ခါးပတ်နဲ့အိတ်စက်ရုံထောင်ထားတဲ့ မစ္စတာဆာဗီဒိုယိုကတော့ သူ့အနေနဲ့ အာဖရိကကနေပြောင်းရွှေ့လာပြီး လမ်းဘေးစျေးသည်အဖြစ် လုပ်ကိုင်နေသူတွေကို ဥပဒေချိုးဖောက်သူတွေလို့ မသတ်မှတ်ချင်ပါဘူး။ ဘာလို့လဲဆိုတော့ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေရဲ့ ဘဝအစဟာ ခက်ခဲကြမ်းတမ်းတယ်ဆိုတာကို နားလည်လို့ပါလို့ ဆိုပါတယ်။ မစ္စတာဆာဗီဒိုကိုယ်တိုင်ဟာလည်း အာဂျင်တီးနားကနေ ဘာစီလိုနာကို ပြောင်းရွှေ့လာသူဖြစ်ပြီး ဘာစီလိုနာမှာ အခြေချနေထိုင်တာအနှစ် ၃၀ ခန့်ရှိပါပြီ။ ဒါပေမယ့်လည်း အစိုးရအနေနဲ့ သူတို့ဆီက အခွန်ကောက်ခံသင့်မသင့်ကို ဆုံးဖြတ်ရမယ်လို့သူက ဆက်ပြောပါတယ်။ ဘာစီလိုနာမှာ လမ်းဘေးစျေးသည်အဖြစ် လုပ်ကိုင်နေသူခန့်မှန်းခြေအားဖြင့် သုံးထောင်ခန့်ရှိမယ်လို့လည်း ခန့်မှန်းထားကြပါတယ်။

### မျှော်လင့်ထားသည့်အတိုင်းဖြစ်မလာ

ဆီနီဂေါနိုင်ငံကနေဘာစီလိုနာကို ပြောင်းရွှေ့လာတဲ့ ဘာဘာကာဒီရော့ပ်ဟာ လမ်းဘေးစျေးသည် အစုအဖွဲ့ ၁၅ ဦးထဲကတစ်ဦးပဲ ဖြစ်ပါတယ်။ သူဟာ စပိန်ကိုရောက်ခါစက လုံခြုံရေးအစောင့်လုပ်ဖူးသလို ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာ ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးပါတယ်။ စပိန်ကိုမလာခင်ထင်ခဲ့မိတာက စပိန်ဟာ လုံခြုံစိတ်ချရမှု၊ တည်ငြိမ်မှုနဲ့ကြွယ်ဝချမ်းသာမှုတွေကို သယ်ဆောင်လာပေးမယ်လို့ ယုံကြည်ခဲ့ပါတယ်။ ဒါပေမယ့် လက်တွေ့ဘဝမှာတော့ ထင်သလို ဖြစ်မလာခဲ့ပါဘူးလို့ သူ့ရဲ့အတွေ့အကြုံကိုပြောပြခဲ့ပါတယ်။

ဘာစီလိုနာမြို့အတွင်းက ဆန်ရိုကျူးစီရင်စုမှာတော့ အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူတွေ ဒါဇင်ပေါင်းများစွာရှိပါတယ်။ သူတို့ဟာ စွန့်ပစ်ထားတဲ့ စက်ရုံအဟောင်းတွေမှာနေထိုင်ကြပြီး အနွေးဓာတ်အတွက် မီးပုံကြီးတွေဖိုထားပြီး အိပ်စက်ကြပါတယ်။ အသက် ၂၈ နှစ်အရွယ် ဆန်ဘာဒိုင်ရာလိုဟာလည်း ရည်ရွယ်ချက်မရှိဘဲ ဘာစီလိုနာမြို့ထဲကို ရောက်လာခဲ့ပါတယ်။ သူဟာ ဥရောပမှာ အခြေချနေထိုင်မယ်ဆိုတဲ့ စိတ်ကူးနဲ့ လစ်ဗျားကနေတစ်ဆင့် အီတလီကို ဝင်ရောက်ခဲ့ပါတယ်။ အီတလီမြို့ကြီးတွေမှာ လှည့်လည်နေထိုင်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ စပိန်ဟာအီတလီထက်စာရင် အာဖရိကက ရွှေ့ပြောင်းနေထိုင်သူတွေအတွက် ပိုပြီးအဆင်ပြေတယ်လို့ သူငယ်ချင်းဖြစ်သူက ဆွဲဆောင်ခဲ့လို့ စပိန်ကို ပြောင်းရွှေ့ခဲ့ပါတယ်။ စပိန်ကို တကယ်တမ်းရောက်လာတဲ့အခါမှာတော့ အရင်က ထင်ထားသလို မဟုတ်ခဲ့ပြန်ပါဘူး။

### အတိုက်အခံများက ကန့်ကွက်

တရားမဝင် အထောက်အထားမဲ့ လမ်းဘေးစျေးသည်တစ်ဦးဟာအကြိမ်ကြိမ်ဖမ်းဆီးတာခံရမယ်ဆိုရင် ထောင်ဒဏ်ချမှတ်တာခံရနိုင်ပါတယ်။ ဒါပေမယ့် စပိန်နိုင်ငံအတွင်းမှာ စစ်တမ်းကောက်ယူကြည့်တဲ့အခါမှာ ဒီလမ်းဘေးစျေးသည်တွေကို ဖမ်းဆီးအရေးယူတာထက် ဒဏ်ငွေချမှတ်တာပဲ ပိုသင့်တော်မယ်လို့ ဆန္ဒသဘောထားကောက်ယူလို့ ရရှိတယ်လို့ အယ်မူဒိုသတင်းစာမှာ ဖော်ပြထားပါတယ်။ ဇူလိုင်လတွင်းမှာပဲ လက်ဝဲယိမ်း မက်ဒရစ်မြို့တော်ဝန် မန်ရီနာကာမန်နာဟာ အထောက်အထားမဲ့ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေအတွက် အခြေချနေထိုင်ခွင့်ပါမစ်ကို မိတ်ဆက်ပေးခဲ့ပါတယ်။ အဲဒီ ပါမစ်အတိုင်းဆိုရင် ရွှေ့ပြောင်းအခြေချနေထိုင်သူတွေဟာ ကျန်းမာရေးစောင့်ရှောက်ခွင့် အပါအဝင် အခြားသော လူမှုဝန်ဆောင်မှုတွေကို ခံစားခွင့်ရမှာပဲ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း အတိုက်အခံ နိုင်ငံရေးသမားတွေကတော့ ဒီလိုလုပ်ပေးလိုက်ရင်တရားမဝင် ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းကို အားပေးလိုက်သလိုဖြစ်ပြီး စပိန်နိုင်ငံအတွင်းကို ဒုက္ခသည်တွေ လိှမ့်ဝင်လာတော့မှာဖြစ်တဲ့အပြင် လမ်းဘေးပုံကျစျေးသည်တွေလည်း ဒီထက်ပိုပေါလာတော့မှာလို့ သတိပေးခဲ့ပါတယ်။

### ဆက်လက်ကြိုးစားကြဆဲ

ပိုမိုကောင်းမွန်တဲ့ဘဝ အနေအထားရရှိရေးအာဖရိကကနေမြေထဲပင်လယ်ကိုဖြတ်ကာ ဥရောပကိုဝင်ရောက်ဖို့ကြိုးစားကြတဲ့ လူတွေကြောင့် ဥရောပနိုင်ငံတွေ ခေါင်းခဲနေရပါတယ်။

စပိန်ဟာ ဒုက္ခသည်တွေကို ရွှေ့ပြောင်းအခြေချ နေထိုင်သူတွေအဖြစ် နိုင်ငံအတွင်းလက်ခံခဲ့ပေမယ့် အလုပ်အကိုင် အခက်အခဲကြောင့် ဒီလူတွေဟာ ပုံကျစျေးသည်တွေ ဖြစ်လာခဲ့ပါတယ်။ နောက်ထပ်လည်း အာဖရိကက ရွှေ့ပြောင်းနေထိုင်သူတွေဟာ ဥရောပမှာအခြေချနေထိုင်နိုင်ရေးဆိုတဲ့ မျှော်လင့်ချက်ကို လက်မလျှော့ကြသေးပါဘူး။ ဆက်လက်ကြိုးစားနေကြဆဲပါပဲ။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**

> **“အီတလီမြို့ကြီးတွေမှာ လှည့်လည်နေထိုင်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ စပိန်ဟာ အီတလီထက်စာရင် အာဖရိကက ရွှေ့ပြောင်းနေထိုင်သူတွေအတွက် ပိုပြီးအဆင်ပြေတယ်လို့ သူငယ်ချင်းဖြစ်သူက ဆွဲဆောင်ခဲ့လို့ စပိန်ကို ပြောင်းရွှေ့ခဲ့ပါတယ်။ စပိန်ကို တကယ်တမ်းရောက်လာတဲ့အခါမှာတော့ အရင်က ထင်ထားသလို မဟုတ်ခဲ့”**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်

**ရေတာရှည် စက်တင်ဘာ ၅**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူခရိုင် ရေတာရှည်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးတွင် ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်း၌ ယမန်နေ့က ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်က ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲကြိုးပေါက်မှုကြောင့် ပြိုလဲနေအိမ် ၁၈၅ လုံး အတွက် တစ်အိမ်လျှင်သွပ် ၂၅ ချပ်နှုန်းဖြင့် စုစုပေါင်း ၄၆၂၅ ချပ် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် စေတနာရှင် အလှူရှင်များဖြစ်ကြသော သူရဦးရွှေမန်းနှင့် ညီအစ်ကိုမောင်နှမများက လှူဒါန်းသော ဆန်တစ်တင်းခွဲ ၂၀ အိတ်၊ ဆန် ၁၂ ပြည်အိတ် ၆၀၊ ရေသန့် ဘူး ၉၆ ကတ်၊ MKTJ အထပ်သား ကုမ္ပဏီမှ အထပ်သားဆိုက်စုံ ၈၀၃ ချပ်၊ ပဲခူးမြို့နေ ဦးတင်စိုး - ဒေါ်စန်းစန်းမူ (နေလဝန်းပွဲရုံမိသားစု) က ရေဘေးကြောင့် သေဆုံးသူ ရေတာရှည်မြို့နယ်မှ လေးဦး၊ ဖြူးမြို့နယ်မှ တစ်ဦး စုစုပေါင်း ငါးဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၃ သိန်းနှုန်းဖြင့် ငွေကျပ် ၁၅ သိန်း တို့ကို ဝန်ကြီးချုပ်ဦးဝင်းသိန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ထံ ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအရှည် ၆ ဒသမ ၉၉၅ မိုင်ရှိ ကုန်းကြီးနှင့်ဥယျာဉ်မှူးလမ်း အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မ ကတ္တရာလမ်းပိုင်း လမ်းတိုးချဲ့မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဆွာမြို့ဒေသခံ ပြည်သူများနှင့်တွေ့ဆုံပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(မြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်ဖွင့်ပွဲတက်ရောက်

**မန္တလေး စက်တင်ဘာ ၅**
မန္တလေးမြို့တွင် ပထမဦးဆုံးအဖြစ်ဖွင့်လှစ်သည့် ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ် (A Bank)ဖွင့်ပွဲကို ယမန်နေ့က ဘဏ်တည်ရှိရာ ၂၆ လမ်း ၈၂ နှင့် ၈၃ လမ်းကြားတွင် ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ A Bank ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် အလှူငွေကျပ်ငါးသိန်း၊ မန္တလေးတောင် ဘက်စုံပြုပြင်ရန် အလှူငွေကျပ်ငါးသိန်း၊ ကျောက်တော်ကြီးဘုရား ဘက်စုံပြုပြင်ရန် အလှူငွေကျပ်ငါးသိန်း၊ ပြဟ္မစိုရ်လူမှုကူညီရေးအတွက် အလှူငွေကျပ်ငါးသိန်း၊ ထာဝရမန္တလေး ဖောင်ဒေးရှင်းအတွက် အလှူငွေကျပ်ငါးသိန်းနှင့် ကျောင်းတော်ရန်ပုဒ္ဓဘာသာ အမျိုးသမီးများ ပရဟိတအဖွဲ့အတွက် အလှူငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံယူကြသည်။

A Bank အနေဖြင့် ငွေစုဘဏ်အပ်ငွေစာရင်းဖွင့်လှစ်ပေးခြင်း၊ တက္ကသိုလ်ပညာသင်ကြားရန် ငွေစုဆောင်းခြင်း၊ အထူးအပ်ငွေစာရင်း ဖွင့်လှစ်ပေးခြင်း၊ စာရင်းရှင်အပ်ငွေစာရင်းနှင့် ခေါ်ယူအပ်ငွေစာရင်း ဖွင့်လှစ်ပေးခြင်း၊ ငွေပေးအမိန့်လွှာများ ထုတ်ပေးခြင်း၊ ပြည်တွင်းငွေလွှဲလုပ်ငန်းဆောင်ရွက်ပေးခြင်းနှင့် နိုင်ငံတကာ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

# ဟသ်ာတ တက္ကသိုလ် နှစ်(၄၀) ပြည့် ပတ္တမြားရတုကျင်းပမည်

**ဟသ်ာတ စက်တင်ဘာ ၅**
ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့ရှိ ဟသ်ာတ တက္ကသိုလ်မှာ လာမည့် ဒီဇင်ဘာ ၁၈ ရက်တွင် နှစ်ပေါင်း ၄၀ ပြည့်တော့မည်ဖြစ်သည်။

သို့ဖြစ်၍ ဒေသကောလိပ်၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် တက္ကသိုလ် ကာလအထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများ စုစည်း၍ နှစ်(၄၀) ပြည့် ပတ္တမြားရတု အထိမ်းအမှတ်အဖြစ် အငြိမ်းစားဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ခြင်း၊ အထိမ်းအမှတ်သုတေသနစာတမ်းဖတ်ခြင်း၊ ညစာစားပွဲနှင့် မျိုးဆက်သစ် မျိုးဆက်ဟောင်းတို့၏ ပဒေသာကပွဲတို့ကို ဟသ်ာတ တက္ကသိုလ်ပရဝဏ်၌ ဒီဇင်ဘာ ၁၈ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျောင်းသား ကျောင်းသူဟောင်းများ စုစည်း၍ ကျင်းပရေး လုပ်ငန်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားရှိပြီးဖြစ်ရာ အလှူငွေများပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**တင်လှ**

# ငွေတောင်ဆည် ပတ်ဝန်းကျင်တွင် ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေး ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ဒီးမော့ဆို စက်တင်ဘာ ၅**
ကယားပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ ပြည်သူများပူးပေါင်းပါဝင်ခြင်းဖြင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ သဘာဝအခြေခံခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှု၊ ရိုးရာ ဓလေ့ထုံးတမ်းများနှင့် သမိုင်းဝင်အမွေအနှစ်များ ဖော်ထုတ်နိုင်ရေးအတွက် ဒီးမော့ဆိုမြို့နယ် ငွေတောင်ဆည် ပတ်ဝန်းကျင်တွင် ခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ယမန်နေ့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူး၊ သက်ဆိုင်ရာဌာနများ၊ ပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးပညာရှင် ဦးကျော်သီဟ၊ ဒါရိုက်တာကြည်ဖြူသျှင်တို့က ငွေတောင်ဆည်ဝန်းကျင်တွင် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ဒေသခံ တိုင်းရင်းသားလူမျိုးစုများ ကိုယ်တိုင်ပူးပေါင်းပါဝင်မှုဖြင့် မိမိတို့၏ ရိုးရာ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ သမိုင်းဝင် အမွေအနှစ်များအား ဖော်ထုတ်ပြီး ခရီးသွား ပြည်သူများအား ဆွဲဆောင်နိုင်ရေး၊ ကန်ပေါင်ပတ်လည်တွင် ဒေသထွက် အလှပန်းများ ဝေဝေဆာဆာ စိုက်ပျိုးနိုင်ရေး၊ လေညင်းခံအပန်းဖြေရင်း ဒေသထွက် ရိုးရာအစားအစာများ စားသုံးနိုင်ရေး၊ ရိုးရာလက်ထိုးလှေများ အသုံးပြု၍ အပန်းဖြေခြင်း၊ ခရီးသွားပြည်သူများအတွက် ရိုးရာဝတ်စုံများ ဆင်မြန်းပြီး အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် ဖော်ဆောင်နိုင်ရေးတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ရီရယ် (ဒီးမော့ဆို)**



# မွန်ပြည်နယ်အဆင့် ဘောလုံးပြိုင်ပွဲဖွင့်

**မော်လမြိုင် စက်တင်ဘာ ၅**
မွန်ပြည်နယ် မော်လမြိုင်မြို့ဖက်တန်းရပ်ကွက်ရှိ Southern Myanmar ဘောလုံးကွင်း၌ စက်တင်ဘာ ၃ ရက်က မွန်ပြည်နယ်ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်၊ MPT နှင့် အခြေခံပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မွန်ပြည်နယ်အဆင့် ၂၀၁၈ ခုနှစ် MPT U-14 ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးမှူး ဦးအောင်မြင့်သိန်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သက်နိုင်၊ မြန်မာနေရှင်နယ်လိဂ်အမှုဆောင် အရာရှိချုပ် ဦးစိုးမိုးကျော်၊ MPT မှ Deputy Chief Commercial Office ဦးသိန်းဟုတ်နှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး ဦးစိုးမိုးကျော်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် MPT နှင့် Myanmar Care တို့မှ ဘောလုံး ၃၅၀ ကို လှူဒါန်းခဲ့ရာ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံခဲ့ကြသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဘောလုံးအသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွဋ် (မော်လမြိုင်)**

# အောင်လံမြို့နယ်ရှိ ဘွက်ကြီးဆည်၏ မြေထိန်းနံရံ မြေသားကျွံကျမှုဖြစ်ပွား

**အောင်လံ စက်တင်ဘာ ၅**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ဒါန်းဒေါင့်ကျေးရွာအနီးရှိ ဘွက်ကြီးဆည် မြေထိန်းနံရံ မြေကျွံကျမှု စက်တင်ဘာ ၃ ရက် ညပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဆည်၏ အရှေ့ဘက်ခြမ်းရှိ ဆည်ပေါင်အပေါ်မှအောက်သို့ ငါးပေခန့်အကွာနှင့် အောက်ခြေမှ ပေ ၂၀ ခန့်အကွာတွင် မိုးများစွာ ရွာသွန်းမှုကြောင့် အလျားပေ ၁၅၀၊ အနံပေ ၇၀၊ အနက် ၄ ပေခန့်ရှိ မြေကျွံအပေါက်ကြီးတစ်ခုနှင့် မြေကျွံကျသည့် ထုပေါက်ငယ် ၂၅ ခုဖြစ်ပေါ်ခဲ့ရာ ယမန်နေ့နံနက်ပိုင်းတွင် ဆည်မြောင်းဦးစီးဌာနက ဦးစီးအရာရှိ ဦးမျိုးလှိုင်နှင့် လုပ်သား ၅၀ တို့က မြေကျွံကျရာ နေရာများတွင် ဝါးလုံးများ၊ ဝါးထရံများ အသုံးပြုယက်လုပ်ကာ ယာယီပြုပြင်လျက်ရှိသည်။

ယင်းဖြစ်ပွားရာနေရာသို့ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ ဆည်မြောင်းဦးစီးဌာနရုံးချုပ် (နေပြည်တော်)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်လွင်ထွန်းနှင့် တာဝန်ရှိသူများ ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအေးကျော်တို့က ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**



# စစ်ကိုင်းမြို့ရှိ ရှေးဟောင်းသိမ်တော်ကြီးကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် ကြိုးပမ်းသွားမည်



**စစ်ကိုင်း စက်တင်ဘာ ၅**

စစ်ကိုင်းမြို့ ဒါးဝယ်စျေးတိုက်နယ် သမိုင်းဝင်ဝေဠုဝန် ငါးထပ်ကြီးဘုရားအနီး မဟာသိမ်တော်ကျောင်းတိုက်အတွင်းတည်ရှိပြီး ထိုင်း၊ မြန်မာနံရံဆေးရေးပန်းချီလက်ရာ များစွာရှိနေသော ရှေးဟောင်းမဟာသိမ်တော်ကြီးကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ရှေးဟောင်းမဟာသိမ်တော်ကြီးကို သဘာဝဘေးအန္တရာယ်မှကာကွယ်နိုင်ရန် ဦးစီးဆောင်ရွက်နေသူ မစ္စတာမစ်ကီဟာ့က ပြောကြားသည်။

ရှေးဟောင်း မဟာသိမ်တော်ကြီးတည်နေရာသည် ဧရာဝတီမြစ်ရေကြီးမြင့်ချိန်တွင် နှစ်စဉ်ရေဝင်ရောက်မှုများရှိခြင်း၊ နှစ်ကာလကြာမြင့်နေသည့်အတွက် အမိုးများကြွခိုင်မှုအားနည်း၍ ရေများစိမ့်ဝင်ကာ နံရံဆေးရေးပန်းချီများ ပျက်စီးနိုင်သည့် အခြေအနေများရှိနေခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရန် ရေကာတာနှင့် အမိုးတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက ရှေးဟောင်းသိမ်တော်ကြီးကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

"လူမျိုးနှစ်မျိုးရဲ့အနုပညာက တစ်နေရာတည်းမှာ ပေါင်းစည်းနေတယ်၊ နှစ် ၂၅၀ ကျော်သွားပြီဆိုတော့ အချို့နေရာတော်တော်များများမှာ မရှိဘူး၊ အင်မတန်ရှားတယ်၊ မြန်မာနိုင်ငံမှာဆို ပုဂံခေတ်က ရာဇကုမာရ်ကျောက်စာက ပျူ၊ မွန်၊ မြန်မာ၊ ပါဠိ လေးဘာသာနဲ့ ရေးထိုးတယ်၊ ရာဇာကုမာရ်ကျောက်စာက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သွားပြီ။ အဲ့ဒါကြောင့် သိမ်တော်ကြီးကိုလည်း သဘာဝဘေးအန္တရာယ် မကြုံတွေ့နိုင်အောင်လုပ်ပြီးရင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ဖို့ တစ်ဆင့်ကြိုးစားသွားမှာပါ"ဟု မစ္စတာမစ်ကီဟာ့က ပြောသည်။

ရှေးဟောင်းသိမ်တော်ကြီး ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက်က စစ်ကိုင်းမြို့ရှိ Hotel Sagaing ၌ ကျင်းပပြုလုပ်ခဲ့ပြီး အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ပညာရှင်များပါဝင်သော ရှေးဟောင်းသိမ်တော်ကြီး ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ထိုင်း၊ မြန်မာရှေးဟောင်းနံရံဆေးရေးပန်းချီ လက်ရာများစွာရှိနေသော ရှေးဟောင်း မဟာသိမ်တော်ကြီးကို သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရန် ရေကာတာနှင့် အမိုးတည်ဆောက်ခြင်းလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ရန်အတွက် ထိုင်းနိုင်ငံ ရှေးဟောင်းယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့ကလည်း ယခုနှစ်မေ ၂၉ ရက်က မဟာသိမ်တော်ကျောင်းတိုက်၌ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ရေဘေးသင့်ဒေသများတွင် တိရစ္ဆာန်ရောဂါကာကွယ်ရေး ဆေးထိုးအဖွဲ့များဖွဲ့၍ ဆောင်ရွက်နေ

**ဘားအံ စက်တင်ဘာ ၅**

ကရင်ပြည်နယ်အတွင်း မြို့နယ် ခြောက်မြို့နယ်၌ ဇူလိုင်လနှင့် ဩဂုတ်လ နှစ်လအတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူများ၏ ကျွဲ/နွား တိရစ္ဆာန်များကိုလည်း ရေဘေးလွတ်ရာ ကုန်းမြင့်ဒေသများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ရပြီး အစားအစာမလုံလောက်ခြင်းနှင့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွားခြင်းတို့ရှိခဲ့ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆေးထိုးအဖွဲ့များဖွဲ့၍ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ကရင်ပြည်နယ်မှ ရေဘေးသင့် ကျွဲ/နွား တိရစ္ဆာန်များအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ သဘာဝဘေးဖြစ်ချိန်တွင် သုံးသည့် တိရစ္ဆာန်ကုဆေးဝါးများနှင့် ခြံဖျန်းဆေးများကို ထောက်ပံ့ပေးထားပြီး သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆရာဝန်များ၊ ဝန်ထမ်းများပါဝင်သည့် ဆေးထိုးအဖွဲ့များက တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း၊ စက်တင်ဘာ ၄ ရက်အထိ ဘားအံမြို့နယ်တွင် ကျွဲ ၄၈ ကောင်၊ နွား ၇၉၃ ကောင်၊ ဆိတ် ၁၃ ကောင်၊ ဝက်အကောင် ၁၆၀၊ လှိုင်းဘွဲ့မြို့နယ်တွင် ကျွဲ ၂၀၅ ကောင်၊ နွား ၁၁၀၃ ကောင်၊ ဆိတ်အကောင် ၃၅၀၊ ဝက် ၃၈၁ ကောင်၊ ကော့ကရိတ်မြို့နယ်တွင် နွား ၄၄၇ ကောင်၊ ဝက်အကောင် ၄၀၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် နွား ၁၈၇ ကောင်၊ ဆိတ်အကောင် ၃၀၊ ဝက် ၄၂ ကောင်၊ မြဝတီမြို့နယ်တွင် ကျွဲ ၄၅ ကောင်၊ နွား ၂၅၀ ၊ ဆိတ် ၂၂ ကောင်၊ ဝက်ကိုးကောင်၊ ဖာပွန်မြို့နယ်တွင် ကျွဲ ၁၆၅ ကောင်၊ နွားအကောင် ၄၁၀၊ ဆိတ် ၂၂ ကောင်၊ ဝက် ၈၁ ကောင်တို့အား ဆေးထိုးကုသမှုများ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။

"ရေကြီးတော့ ကျွဲ၊ နွား တိရစ္ဆာန်တွေကို ရေလွတ်တဲ့ကုန်းမြင့်တွေပေါ်ပြောင်းရွှေ့နေရာချထားခဲ့ရပြီးတော့ မိုးထဲရေထဲမှာ အမိုးအကာတွေမရှိဘဲ ရာသီဥတုဒဏ်ကိုခံထားရတာနဲ့ အစာအာဟာရနည်းတာကြောင့် အားနည်းတာတွေ၊ ဖျားနာတာတွေ ရှိပါတယ်၊ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရတဲ့ ကျေးရွာတော်တော်များများကို ကွင်းဆင်းပြီးတော့ ဌာနရဲ့လုပ်ငန်းဖြစ်တဲ့ အားဆေးထိုးပေးတာတွေ၊ နေမကောင်းတာရောဂါဖြစ်တာတွေ့ရင် ကုသပေးတာတွေ၊ ဒေသခံဆေးထိုးအဖွဲ့တွေဖွဲ့ပြီးတော့ ကုသမှုတွေ၊ လည်ချောင်းကွဲ၊ ပေါင်ပုပ်၊ လက်ပုပ် အစရှိတဲ့ ကာကွယ်ဆေးထိုးပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်၊ ကျေးရွာတွေကိုသွားတဲ့အခါမှာ ဝေးတာလည်းရှိတယ်၊ ခက်ခဲတာတွေလည်းရှိတယ်၊ ဌာနရဲ့ဝန်ထမ်းအင်အား နည်းပါးတာတွေကြောင့် အချို့ရွာတွေမှာဆိုရင် မွေးမြူရေးသမားတွေကိုယ်တိုင်က ဖုန်းနဲ့လှမ်းမေးပြီး ကျွန်တော်တို့ရဲ့ညွှန်ကြားချက်နဲ့ သူတို့ကိုယ်တိုင်ဆေးထိုးတာတွေလည်း ရှိပါတယ်၊ ကျွန်တော်တို့အနေနဲ့ ရေကြီးမှုဖြစ်မှမဟုတ်ပါဘူး၊ တိရစ္ဆာန်ကာကွယ်ကုသမှုလုပ်ငန်းတွေကို တောက်လျှောက်လုပ်နေမှာဖြစ်ပါတယ်"ဟု ဘားအံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာစောဖောင်ဟိက ပြောသည်။



ရေကြီးရေလျှံမှုဖြစ်ပွားရာ နေရာဒေသများရှိ ကျွဲ/နွား တိရစ္ဆာန်များ၏ လတ်တလောအစာလိုအပ်မှုအတွက် ဘားအံမြို့နယ်ရှိ ကော့ကော်၊ ခဲတောက်၊ ဝတ်ကြီး၊ ကော့လှိုက်၊ ကော့ကျိုက်(တရုတ်လှ)၊ ရေကျော်(မကျီးကျွန်း)၊ မုက္ကဒါ၊ မင်းဇီ၊ ဖအွံ့(မိန်းမလှ)နှင့် လှာကာကျေးရွာများသို့ တိရစ္ဆာန်အစာအိတ် ၁၁၅ အိတ်၊ လှိုင်းဘွဲ့မြို့နယ်ရှိ ဒိုင်းပြ၊ သာယာကုန်း၊ ကစိုု၊ ရွှေဂွန်း၊ အင်းနိုဲ့သိပ္ပံနှင့် တခွက်ဖိုးကျေးရွာများသို့ တိရစ္ဆာန်အစာအိတ် ၅၅ အိတ်၊ မြဝတီမြို့နယ်ရှိ ထီးဝါပလောကျေးရွာ၊ KNU/KNLA(PC) (၇၇၅) ငြိမ်းချမ်းရေးအဖွဲ့ထံသို့ အစာအိတ်ငါးအိတ်၊ ကော့ကရိတ်မြို့နယ်ရှိ KNU (ဗဟို)မွေးမြူရေးခြံ၊ မြပဒိုင်၊ ကော့နွဲ့ကျေးရွာနှင့် ကျုံဒိုးအမှတ်(၂) ရပ်ကွက်များသို့ အစာအိတ် ၆၀၊ ဖာပွန်မြို့နယ် ကမမောင်းမြို့ ဝေ့နှောင်၊ မကာဟဲ၊ ကူးဆိပ်၊ ငါးအိမ်စု၊ ကုလားကိုင်း၊ ရှင်းကိုင်၊ အနောက်ဘက်ကမ်းကျေးရွာနှင့် ဖာပွန်အမှတ်(၂) ရပ်ကွက်များသို့ အစာအိတ် ၈၅ အိတ် စုစုပေါင်း အစာအိတ် ၃၂၀ ကိုလည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ရုံးချုပ်)မှ ထောက်ပံ့ပေးထားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ယနေ့ စျေးကွက်ပေါက်စျေးများ

၅-၉-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၃၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၃၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | လက်လီစျေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၈၅/၁၀၁၀ ကျပ် | ၁၀၃၀/၁၀၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၂၀ ကျပ် | ၁၀၄၀/၁၀၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၉၅၅/၉၈၀ ကျပ် | ၁၀၃၀/၁၀၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၀၅/၁၀၃၀ကျပ် | ၁၀၈၀/၁၁၁၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၆၇ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၇ ・ ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၆၁ ・ ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၆ ・ ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၄ ・ ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ ・ ၈၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၃၀၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ ・ ၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ ・ ၈၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ ・ ၄၄၆ |

(ဗဟိုဘဏ်ပေါက်စျေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# အိပ်ငိုက်တာကတစ်ခဏ ပေးဆပ်လိုက်ရမှာကတစ်ဘဝ

သိပ္ပံစာရေးဆရာကိုကိုအောင်



ကမ္ဘာအရပ်ရပ်ရှိ အများပြည်သူသုံး လမ်းများပေါ်တွင် မိနစ်နှင့်အမျှ ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိနေသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများသည် မြို့တွင်း သို့မဟုတ် ဆင်ခြေဖုံးဒေသများ၌ အများဆုံးဖြစ်ပေါ်ခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံအချို့နှင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများ၌ ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများကမူ အဝေးပြေးလမ်းမကြီးများပေါ်၌ သို့တည်းမဟုတ် အမြန်လမ်းမကြီးများပေါ်၌ အများဆုံးဖြစ်ပေါ်ခဲ့သည်။

**ကားမောင်းနေစဉ်အိပ်ပျော်ခြင်း**

ယာဉ်မတော်တဆမှုများ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ယာဉ်မောင်းသူ၏ အိပ်ငိုက်မှု သို့မဟုတ် အိပ်ပျော်သွားမှု သို့မဟုတ် အိပ်ရေးပျက်မှုများကြောင့် ဖြစ်ခဲ့ရကြောင်း သုတေသနပြုတွေ့ရှိရသည်။ ကမ္ဘာပေါ်၌ နှစ်စဉ်ဖြစ်ပွားလျက်ရှိနေသော ယာဉ်မတော်တဆမှုများအနက် ယာဉ်တိုက်မှုပေါင်း နှစ်သိန်းငါးသောင်းခန့်သည် ယာဉ်မောင်းများ၏ အိပ်ရေးပျက်ခြင်း ပြဿနာ၊ အိပ်ငိုက်ခြင်း ပြဿနာနှင့် အိပ်ပျော်သွားခြင်း ပြဿနာများကြောင့် ဖြစ်ပွားခဲ့ရခြင်း ဖြစ်သည်။

ကမ္ဘာအရပ်ရပ်ရှိ အများပြည်သူသုံး လမ်းမကြီးများပေါ်၌ မော်တော်ကား မောင်းနှင်နေကြသော ယာဉ်မောင်းသူများအနက် နေ့စဉ်ပျမ်းမျှအားဖြင့် ယာဉ်မောင်းသူဦးရေ ရှစ်သောင်းနီးပါးသည် မော်တော်ကား မောင်းနှင်နေစဉ်၌ အိပ်ပျော်သွားတတ်ကြကြောင်းကိုလည်း စစ်တမ်းကောက်ယူမှုတစ်ရပ်အရ တွေ့ရှိရသည်။ ဤသည်မှာ ခရီးဝေးကားမောင်းချိန် ကြာမြင့်လာသည်နှင့်အမျှ အိပ်ငိုက်တတ်သော လူ့သဘောသဘာဝကြောင့်ပင်ဖြစ်သည်။ အထူးသဖြင့် ဖြောင့်တန်းပြီး ရှည်လျားလှသော လမ်းပိုင်းများသည် ယာဉ်မောင်းများ ငိုက်မျဉ်းမှုကို ပို၍ ဖြစ်ပွားစေသည်။

**ယာဉ်မမောင်းမီပြင်ဆင်ရန်**

နာရီနှင့်ချီ၍ အချိန်ကြာမြင့်စွာ မောင်းနှင်ကြရမည့် ယာဉ်မောင်းသူများအဖို့ခရီးဝေးမမောင်းနှင်မီ ကြိုတင် ပြင်ဆင်ထားသင့်သော ကိစ္စရပ်များအနက် ခရီးမထွက်မီ အိပ်ရေးဝအောင် အိပ်စက်ထားခြင်းသည် အရေးအကြီးဆုံးအချက်ဖြစ်သည်။ အိပ်ရေးဝပြီး အားအင်ပြည့်ဖြိုးကာ ကိုယ်ရောစိတ်ပါ လန်းဆန်းတက်ကြွနေသည့် ယာဉ်မောင်းသူများသည် ခရီးဝေးကားမောင်းရာ၌ အိပ်ငိုက်ခြင်း၊ အိပ်ပျော်သွားခြင်းနှင့် အလွန်အမင်း ပင်ပန်းနွမ်းနယ်ခြင်းတို့ကြောင့် ဖြစ်ပွားလာနိုင်သည့် ယာဉ်မတော်တဆမှုများကို ရှောင်လွှဲနိုင်ကြမည် ဖြစ်သည်။

ခရီးဝေးကားမမောင်းမီ အစာကို အလွန်အမင်း စားသုံးခြင်း၊ ပြည့်အင့်အောင်စားသောက်ထားခြင်းတို့သည် ကားမောင်းစဉ်၌ ငိုက်မျဉ်းခြင်းကို ဖြစ်ပေါ်လာစေနိုင်သော အကြောင်းအချက်တစ်ခုဖြစ်သည်။ ထို့အတူ ကီလိုမီတာရာနှင့်ချီသော ခရီးတာကို မရပ်မနားမောင်းနှင်ခြင်းသည်လည်း ကားမောင်းစဉ်၌ ငိုက်မျဉ်းခြင်းကို ဖြစ်ပေါ်လာစေနိုင်သော အကြောင်းအချက်တစ်ခု ဖြစ်သည်။

အလားတူပင် လေးလံထိုင်းမှိုင်းမှုကို ဖြစ်ပေါ်စေနိုင်သည့် ဆေးဝါးများကို သုံးစွဲထားခြင်း၊ သွေးလှည့်ပတ်မှုကို နှေးကွေးတုံ့ဆိုင်းစေသည့် ဆေးဝါးများနှင့် အစားအသောက်များကို မှီဝဲထားခြင်း၊ အာရုံကြောများ နိုးကြွားတက်ကြွမှုကို အဟန့်အတားဖြစ်စေသည့် ဆေးဝါးနှင့် အစားအသောက်များကို သုံးဆောင် မှီဝဲထားခြင်းတို့သည်လည်း ကားမောင်းစဉ်၌ ငိုက်မျဉ်းမှုကို ဖြစ်ပေါ်စေနိုင်သော အကြောင်းတရား များပင် ဖြစ်ကြသည်။

ခရီးဝေးကားမောင်းစဉ်၌ မည်သည့်အကြောင်းကြောင့် ငိုက်မျဉ်းမှုဖြစ်ပေါ်သည်ဖြစ်စေ သင့်တော်သည့်နေရာ၌ ခေတ္တရပ်နားပြီး မိနစ် ၂၀ ခန့် နှစ်ခြိုက်စွာ အိပ်စက်သင့်ကြသည်။ စက္ကန့်ပိုင်းကို ကျော်လွန်ပြီး မိနစ်ပိုင်းမျှအထိ ငိုက်မျဉ်းနေပါလျက်နှင့် ကားမောင်းနေခြင်းသည် အရက်မူးပြီး ကားမောင်းနေခြင်းနှင့် အတူတူပင်ဖြစ်ကြောင်း နယူးဇီလန်သိပ္ပံပညာရှင်တို့က သတိပေးထောက်ပြထားကြသည်။ လူတစ်ဦးတစ်ယောက်သည် တစ်ဆက်တစ်စပ်တည်း နာရီ ၂၀ ကြာအထိ မအိပ်မနေ နိုးကြားနေခဲ့လျှင် သွေးအတွင်း၌ အယ်လ်ကိုဟောပါဝင်နှုန်း ဒသမသုညရှစ် ရာခိုင်နှုန်းရှိနေသူနှင့် အတူတူပင်ဖြစ်ကြောင်းကိုလည်း ကနေဒါနှင့် ဗြိတိန်သိပ္ပံပညာရှင်တို့က သတိပေးထောက်ပြထားသည်။

သာမန်အခြေအနေမှာပင် အိပ်စက်သင့်သည့်အချိန်၌ မအိပ်ဘဲ နာရီပေါင်းများစွာ နိုးကြားနေသူသည် သွေးအတွင်း၌ အယ်လ်ကိုဟောပါဝင်နှုန်း အသင့်အတင့်ရှိသူနှင့် တန်းတူဖြစ်လျက်ရှိနေသည်ဆိုလျှင် အဝေးပြေးလမ်းမကြီးများ သို့တည်းမဟုတ် အမြန်လမ်းမကြီးများပေါ်၌ မနားမနေ၊ မအိပ်မနေ နာရီပေါင်း များစွာကြာအောင် ဆက်တိုက် ကားမောင်းနှင်နေသူတို့အဖို့ မည်မျှ အန္တရာယ်ရှိနေသည်ကို နှိုင်းချိန်သိရှိနိုင်သည်။

**ကုန်တင်ကားမောင်းသူများ**

အထူးသဖြင့် တန်ချိန်များစွာ လေးလံသော ကုန်ပစ္စည်းများကို တင်ဆောင်ထားသည့် ထရပ်ကားကြီးများကို မောင်းနှင်ကြမည့် ယာဉ်မောင်းများသည် ခရီးလမ်းတွင် မကြာခဏဆိုသလို ကားရပ်နားကာ ကိုယ်လက်လှုပ်ရှားမှုများကို ပြုလုပ်သင့်ကြသည်။ ကုန်တင် ထရပ်ကားကြီးများ၏ သဘောသဘာဝအရ တန်ချိန်များစွာ လေးလံသော ကုန်ပစ္စည်းများကို တင်ဆောင်မောင်းနှင်ကြရာတွင် အပေါ့စား လူစီးကားငယ်များကဲ့သို့ လျင်မြန်သွက်လက်စွာ မောင်းနှင်၍မရဘဲ ဖြည်းဖြည်းမှန်မှန် မြန်နှုန်းမျိုးဖြင့်သာ မောင်းနှင်ကြရသည့်အတွက် ထိုကဲ့သို့သော မောင်းနှင်မှုပုံစံမျိုးကပင် ငိုက်မျဉ်းခြင်းကို လွယ်လင့်တကူ ဖြစ်ပေါ်လာစေနိုင်သည်။

အဝေးပြေးလမ်းမကြီးများနှင့် အမြန်လမ်းမကြီးများပေါ်၌ ယာဉ်မတော်တဆမှု အဖြစ်အများဆုံးသော အချိန်အတိုင်းအတာသည် ည ၁၂ နာရီမှ နံနက် ၆ နာရီအတွင်းဖြစ်ပြီး ထိုဖြစ်ရပ်များထဲတွင် ယာဉ်မောင်းသူ၏ ပင်ပန်းနွမ်းနယ်မှု၊ အိပ်ရေးပျက်မှု၊ ငိုက်မျဉ်းမှုနှင့် အိပ်ပျော်သွားမှုတို့ကြောင့် ဖြစ်ရသည့် ယာဉ်မတော်တဆဖြစ်ရပ်မျိုးက ရာခိုင်နှုန်း အများဆုံးအဖြစ် ပါဝင်လျက်ရှိနေသည်။

၂၄ နာရီ တစ်ရက်တာအတွက် ကျန်းမာသန်စွမ်းနေသူတစ်ဦးအဖို့ ဆယ်နာရီထက်ပို၍ ကားမမောင်းသင့်ပေ။ ကားမောင်းချိန် ဆယ်နာရီဟုဆိုရာ၌လည်း တစ်ဆက်တည်း ကားမောင်းချိန်ကို ၄ နာရီနှင့် မိနစ် ၃၀ ထက် မကျော်လွန်စေရဘဲ၊ ၄ နာရီနှင့် မိနစ် ၃၀ ပြည့်တိုင်း အနည်းဆုံး ၄၅ မိနစ် နားပြီးမှသာလျှင် ဆက်လက်မောင်းနှင်ကြရမည် ဖြစ်သည်။ အကယ်၍ အလျင်စလိုဖြင့် အချိန်မီရောက်ရန် မလိုအပ်သည့် ခရီးစဉ်မျိုးဖြစ်ပါက ၃ နာရီကြာ မောင်းနှင်ပြီးတိုင်း မိနစ် ၃၀ နားခြင်းက အသင့်တော်ဆုံး ဖြစ်သည်။

**အိပ်ရေးပျက်လာလျှင်**

ကျန်းမာရေးဆိုင်ရာ လေ့လာသုတေသနပြုချက်များအရ တစ်ညတာ အိပ်ရေးပျက်ပါက မှားယွင်းမှု အသေးအဖွဲများကို ပြုလုပ်မိလေ့ရှိပြီး အိပ်ရေးပျက်သောည ဆက်၍ဆက်ကာ ဖြစ်ပေါ်ပါက အမှားအယွင်းများကို သိသိသာသာ ပြုလုပ်မိလေ့ရှိကြောင်း တွေ့ရှိရသည်။ အိပ်ရေးပျက်ခြင်းသည် သင်္ချာပုစ္ဆာများကို တွက်ချက်ရာ၌လည်း အခက်အခဲများကို ကြုံတွေ့ရစေသလို အလေးအနက်ထားကာ ဆုံးဖြတ်ရမည့် ကိစ္စရပ်များအပေါ်၌လည်း စဉ်းစားသုံးသပ်မှုကို သိသာစွာ ထိခိုက်မှု ဖြစ်ပေါ်စေသည်။ အားကစားလေ့ကျင့်ခန်းလုပ်ရာ၌လည်း စိတ်ပါလက်ပါ မဖြစ်တော့သလို ကျက်စာမဟုတ်သည့် စဉ်းစားတွက်ချက်ရသော ဘာသာရပ်များ၌ အမှတ်ရရှိမှုကိုလည်း လျော့နည်းသွားစေနိုင်သည်။ ထို့ကြောင့်ပင် စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများအဖို့ အိပ်ရေးဝအောင် အိပ်စက်ကြရန် လိုအပ်ခြင်းဖြစ်သည်။

မော်တော်ကား မောင်းနှင်ခြင်းသည် အရေးကြီးသော ဆုံးဖြတ်ချက်များကို တစ်စက္ကန့်ထက်ပို၍ တိုတောင်းသော အချိန်အတိုင်းအတာအတွင်း ချမှတ်ကြရသည့်အားလျော်စွာ အိပ်ရေးပျက်ထားသည့် ယာဉ်မောင်းတစ်ဦးအဖို့ ထိုမျှအရေးကြီးလှသည့် ဆုံးဖြတ်ချက်များကို ဆက်၍ဆက်ကာ ချမှတ်လုပ်ဆောင်ရာတွင် အမှားအယွင်းအချို့နှင့် ကြုံတွေ့ကြရနိုင်သည်ကို ယာဉ်မောင်းသူတိုင်းက သတိပြုကြရမည်ဖြစ်သည်။ အိပ်ရေးပျက်ထားရုံမျှဖြင့်ပင် အမှားအယွင်းများနှင့် ကြုံတွေ့ကြရနိုင်သည်ဖြစ်ရာ ကားမောင်းနေရင်း ငိုက်မျဉ်းသည့်အဆင့်အထိ ရောက်ရှိလာပါက ဆိုဖွယ်ရာမရှိတော့ပြီ ဖြစ်သည်။

**ယာဉ်မောင်းစဉ်အိပ်ပျော်ခဲ့လျှင်**

အရပ်အခေါ်အားဖြင့် တစ်မှေးမျှမှေးသည်ဟု ပြောဆိုနေကြသော အချိန်အတိုင်းအတာကို သိပ္ပံပညာရှင်တို့က စက္ကန့် ၃၀ ဟု သတ်မှတ်ထားကြသည်။ ယာဉ်မောင်းတစ်ဦးအဖို့ တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ နှုန်းဖြင့် မောင်းနှင်နေစဉ်၌ တစ်စက္ကန့်မျှ မှေးခနဲအိပ်ပျော်သွားခဲ့လျှင် မောင်းနှင်နေသောကားသည် ပေ ၁၅၀ နီးပါး ခရီးတာအထိ အထိန်းအကွပ်မဲ့စွာ ရွေ့လျား ရောက်ရှိသွားလိမ့်မည် ဖြစ်သည်။ ဤနှုန်းဖြင့် တွက်ချက်မည်ဆိုပါက ငါးစက္ကန့်မျှ မှေးခနဲ အိပ်ပျော်သွားခဲ့လျှင် ထိုသူမောင်းနှင်နေသော ကားက ပေ ၇၅၀ နီးပါးမျှအထိ ထိန်းချုပ်ကွပ်ကဲမှုကင်းမဲ့စွာဖြင့် ဦးတည်ရာမဲ့ ရွေ့လျားသွားလိမ့်မည် ဖြစ်သည်။

**ယာဉ်ရပ်နားစခန်းများ**

ထို့ကြောင့်ပင် အမြန်လမ်းမကြီးများပေါ်၌ ယာဉ်မောင်းသူ၏ ငိုက်မျဉ်းမှု၊ မှေးခနဲအိပ်ပျော်သွားမှုတို့ကြောင့် လမ်းဘေးသို့ထိုးကျခြင်း၊ လမ်းလယ်ကျွန်းများပေါ်သို့ တက်ရောက်သွားခြင်း၊ လမ်းဘေးရှိ အတားအဆီးအကာအရံများကို တိုက်မိခြင်း၊ တံတားလက်ရန်းကိုကျော်၍ ချောင်းမြောင်းများအတွင်းသို့ ပြုတ်ကျခြင်း၊ ရှေ့ကသွားနေသောကားကို ဝင်တိုက်ခြင်း၊ ဆန့်ကျင်ဘက်ယာဉ်ကြောမှ မျက်နှာချင်းဆိုင် မောင်းနှင်လာနေသည့်ကားကို ခေါင်းချင်းဆိုင်တိုက်မိခြင်း၊ တိမ်းမှောက်ခြင်း စသည်တို့ ဖြစ်ပွားခဲ့ကြခြင်း ဖြစ်သည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအချို့တို့တွင် အဝေးပြေးလမ်းမကြီးများနှင့် အမြန်လမ်းမကြီးများ တစ်လျှောက်၌ ပျမ်းမျှအားဖြင့် ကီလိုမီတာ ၁၆၀ ကွာဝေးသော နေရာတိုင်း၌ ယာဉ်ရပ်နားစခန်းများကို တည်ဆောက်ထားလေ့ရှိသည်ကို တွေ့မြင်နိုင်သည်။ အဆိုပါ ယာဉ်ရပ်နားစခန်းများတွင် ကိုယ်လက် သန့်စင်ခန်းများ၊ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်သော စတိုးဆိုင်များ၊ လောင်စာနှင့်ဓာတ်ငွေ့ဖြည့်သွင်း ဆိုင်များ၊ တာယာလေဖြည့်သွင်းစက်များနှင့် လေပေါင်ချိန်စက်များ၊ မော်တော်ကား ရေဆေးပန့်များ စသည်တို့ကို အပြည့်အစုံ စီစဉ်ပေးထားသည်ကိုလည်း တွေ့ရှိနိုင်သည်။

အဆိုပါ အဝေးပြေး ယာဉ်ရပ်နားစခန်းများ ထားရှိပေးခြင်း၏ ရည်ရွယ်ချက်မှာ အဓိကအားဖြင့် ယာဉ်မောင်းသူများကို ခေတ္တ အနားပေးခြင်းဖြင့် ငိုက်မျဉ်းမှုနှင့် ပင်ပန်းနွမ်းနယ်မှုတို့ကို ပြေပျောက်စေရန်ဖြစ်ပြီး ထိုမှတစ်ဆင့် ခရီးသည်များကိုပါ ကိုယ်လက်ညောင်းညာမှုများ ပြေပျောက်စေရန်အတွက် ဖြစ်သည်။ ယာဉ်မောင်းသူနှင့် ခရီးသည်များ ခေတ္တအနားယူနေစဉ် မော်တော်ကားအတွက် လိုအပ်သည်များကို စစ်ဆေးကာ ရေဆေးခြင်း၊ လေဖြည့်တင်းခြင်း၊ လောင်စာနှင့် ဓာတ်ငွေ့ဖြည့်တင်းခြင်းများကို ပြုလုပ်နိုင်ကြသည်။

ခရီးဝေး ကားမောင်းနေစဉ်၌ ကျယ်ဝန်းပြန့်ပြူးသော ဘေးပတ်ဝန်းကျင်မြင်ကွင်းများကြောင့် ယာဉ်မောင်းသူ၏ သိစိတ်က လွတ်လပ်ပေ့ါပါးနေသည်ဟု ထင်ရသော်လည်း မသိစိတ်ကမူ ကား၏ မြန်နှုန်းအပေါ် မူတည်ပြီး ဖိစီးမှုကို ခံနေကြရသည်။ ထို့ကြောင့်ပင် သင့်တော်သောနေရာ၌ အချိန်အတိုင်းအတာတစ်ခုအထိ ရပ်နားရန် လိုအပ်ခြင်းဖြစ်ပြီး၊ ယင်းကဲ့သို့ ခေတ္တရပ်နားချိန်ကျမှသာ ယာဉ်မောင်းသူ၏ မသိစိတ်က လွတ်လပ်ပေ့ါပါးမှုကို ခံစားလာရသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသော ကဏ္ဍကြီးတစ်ရပ်ဖြစ်ပြီး သက်ဆိုင်ရာအစိုးရများအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကို လုံခြုံချောမွေ့အောင် စီမံဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုကလည်း အထိုက်အလျောက် အားကောင်းလာရစမြဲ ဖြစ်သည်။

**ဆောင်ရွက်သင့်သည်များ**

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဟု ဆိုရာတွင် ကျယ်ဝန်းပြန့်ပြူးသော အမြန်လမ်းမကြီးများကို ခမ်းနားကြီးကျယ်စွာ ဖောက်လုပ်ထားရုံမျှဖြင့် ပြည့်စုံမှု ရှိလာမည်မဟုတ်ပေ။ ကီလိုမီတာ ရာနှင့်ချီသော ခရီးဝေးကို သင့်တင့်သောအမြန်နှုန်းဖြင့် အန္တရာယ်ကင်းစွာမောင်းနှင်နိုင်သော အရည်အသွေးမျိုးနှင့် ပြည့်စုံသည့် လမ်းမျိုးဖြစ်ရန် လိုအပ်သလို ယာဉ်မောင်းသူတို့၏ မဆင်မခြင် မောင်းနှင်မှုများ၊ အရက်သေစာသောက်စားမူးယစ်ပြီး မောင်းနှင်နေမှုများကိုပါ တင်းကျပ်စွာ ကန့်သတ်ဆောင်ရွက်ရန်လည်း လိုအပ်သည်။

ထို့အတူ ကားမောင်းစဉ်၌ ငိုက်မျဉ်းတတ်သော ယာဉ်မောင်းသူတို့၏ သဘောသဘာဝကို ကောင်းစွာသိရှိပြီး ယာဉ်မောင်းအိပ်ငိုက်ခြင်း သို့တည်းမဟုတ် အိပ်ပျော်သွားခြင်းကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသည့် ယာဉ်မတော်တဆမှုများကို သိသိသာသာ လျှော့ချပေးနိုင်ရန်အတွက် ဖြောင့်တန်းပြီး ရှည်လျားလွန်းလှသော လမ်းပိုင်းများအစား သင့်တော်သည့် ခရီးတာအကွာအဝေးတစ်ခုရောက်တိုင်း လမ်းကွေ့လမ်းပိုင်းများထားရှိပေးခြင်း၊ ပြီးပြည့်စုံသော ယာဉ်ရပ်နားစခန်းများကို အဝေးပြေးလမ်းမကြီးများနှင့် အမြန်လမ်းမကြီးများ တစ်လျှောက် တည်ဆောက်ထားရှိပေးခြင်း၊ ကားမောင်းစဉ်၌ ငိုက်မျဉ်းခြင်းနှင့် အိပ်ပျော်သွားခြင်းများ မဖြစ်ပွားစေရေးအတွက် ကျင့်ကြံလိုက်နာရန် လိုအပ်သော ကျန်းမာရေးဆိုင်ရာ ပညာပေးမှုများကို စဉ်ဆက်မပြတ် ထုတ်ပြန်သတိပေးခြင်းများကိုပါ အလေးအနက်ထားကာ ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

**“တန်ချိန်များစွာ လေးလံသောကုန်ပစ္စည်းများကို တင်ဆောင်ထားသည့် ထရပ်ကားကြီးများကိုမောင်းနှင်ကြမည့် ယာဉ်မောင်းများသည် ခရီးလမ်းတွင် မကြာခဏဆိုသလို ကားရပ်နားကာ ကိုယ်လက်လှုပ်ရှားမှုများကို ပြုလုပ်သင့်ကြသည်။ ကုန်တင်ထရပ်ကားကြီးများ၏ သဘောသဘာဝအရ တန်ချိန်များစွာ လေးလံသောကုန်ပစ္စည်းများကို တင်ဆောင်မောင်းနှင်ကြရာတွင် အပေါ့စား လူစီးကားငယ်များကဲ့သို့ လျင်မြန်သွက်လက်စွာ မောင်းနှင်၍မရဘဲ ဖြည်းဖြည်းမှန်မှန် မြန်နှုန်းမျိုးဖြင့်သာ မောင်းနှင်ကြရသည့်အတွက် ထိုကဲ့သို့သော မောင်းနှင်မှုပုံစံမျိုးကပင် ငိုက်မျဉ်းခြင်းကို လွယ်လင့်တကူ ဖြစ်ပေါ်လာစေနိုင်သည်”**

# ချင်းပြည်နယ်မှ ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးများအား ၂၀၁၉ မှစ၍ ပြည်နယ်အစိုးရက ဆက်လက်ပံ့ပိုးပေးမည်

**ဟားခါး စက်တင်ဘာ ၅**

ချင်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ အပါအဝင် ၎င်းတို့မှမွေးဖွားသည့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရန်အတွက် ငွေကြေးပံ့ပိုးမှုအစီအစဉ်(Maternal and Child Cash Transfer-MCCT)အရ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့(LIFT)၏ ငွေကြေးထောက်ပံ့မှုဖြင့် အမေရိကန်ဒေါ်လာ ၁၂ သန်းကျော် ကူညီပံ့ပိုးပေးသောစီမံချက်မှာ ၂၀၁၉ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကာ အဆိုပါစီမံချက်ပြီးစီးသွားပါကလည်း ဆက်လက်ပံ့ပိုးရန်အတွက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ချင်းပြည်နယ်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

အဆိုပါ MCCT အစီအစဉ်မှာ မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် ပြဋ္ဌာန်းထားသော အဓိကအစီအစဉ်ရှစ်ခုအနက်တစ်ခုဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇွန်လမှစ၍ ၂၀၁၉ ခုနှစ် ဇွန်လအထိ နှစ်နှစ်စီမံချက်ဖြင့် စတင်ခဲ့ကြောင်း၊ စီမံချက်ကာလအတွင်း ချင်းပြည်နယ်မှ အမျိုးသမီးပေါင်း ၁၉၀၀၀ ခန့်ကို ငွေကြေးအထောက်အပံ့ရရန် စာရင်းသွင်းထားပြီး ငွေကြေးထောက်ပံ့မှုများလုပ်ဆောင်ခဲ့ရာ ယခုအထိ ခြောက်ကြိမ်မြောက် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေးများအား ထောက်ပံ့မှုကို ရပ်တန့်မသွားစေရေးအတွက် စီမံချက်ပြီးသည့်လမှစ၍ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ချင်းပြည်နယ်အစိုးရမှ ဆက်လက်ထောက်ပံ့ပေးသွားနိုင်ရန် စီမံကိန်းရေးဆွဲ ဆောင်ရွက်နေပြီဖြစ်ကြောင်း ချင်းပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က ပြောသည်။

“ဒေသအတွင်း လိုသလောက်မပေးနိုင်သေးပေမယ့် တစ်ရက်ငါးရာကျပ် ထောက်ပံ့ပေးတဲ့အခါမှာ ကျေးလက်ဒေသမှာနေထိုင်တဲ့ မိသားစုတွေအနေနဲ့ ပုံမှန်စားနေကျနဲ့ပေါင်းပြီးတော့ နွားနို့တစ်ခွက်ပဲဖြစ်ဖြစ်၊ ကြက်ဥတစ်လုံးပဲဖြစ်ဖြစ် နေ့တိုင်းစားသောက်ပေးမယ်ဆိုရင် ဗိုက်ထဲမှာရှိတဲ့ သန္ဓေသားကလေးအတွက် ပိုပြီးကောင်းလာသလို မိခင်ရဲ့ကျန်းမာရေးလည်း ပိုပြီးကောင်းလာပါမယ်”ဟု ချင်းပြည်နယ် လူမှုရေးဝန်ကြီးက ပြောသည်။

အဆိုပါ ငွေကြေးထောက်ပံ့ပေးရေးအစီအစဉ်မှာ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ၏ ပထမဆုံးသော စီမံကိန်းတစ်ခုဖြစ်ပြီး စီမံကိန်းနယ်မြေဒေသများရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသည့် ကလေးငယ်များအနေဖြင့် အာဟာရဆိုင်ရာ ရလဒ်ကောင်းများ ပိုမိုကောင်းမွန်လာစေရေးနှင့် ကျန်းမာရေးဆိုင်ရာအပြုအမူကောင်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ရည်ရွယ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ရာ ချင်းပြည်နယ်အတွက် စီမံချက်၏ ကနဦး နှစ်နှစ်ဖြစ်သည့် ၂၀၁၇ ဇွန်လမှ ၂၀၁၉ ဇွန်လအထိ LIFT ၏ နှစ်နှစ်စာထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၂ သန်းကျော်ဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးငယ် စုစုပေါင်း ၂၀၆၀၀ ကျော်တို့ကို တစ်လလျှင် ကျပ် ၁၅၀၀၀ နှုန်းဖြင့် နှစ်လတစ်ကြိမ် ထောက်ပံ့ပေးလျက်ရှိသည်။

အဆိုပါထောက်ပံ့ကြေးငွေကို ရရှိရန်အတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုခံယူမှသာ ငွေကြေးထောက်ပံ့မှုကို ရရှိမည်ဖြစ်ပြီး လက်ရှိ ချင်းပြည်နယ်၌ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရာတွင် ကျေးရွာပေါင်း ၉၀၀ ကျော်မှ အရန်သားဖွားဆရာမပေါင်း ၁၀၀၀ ကျော်အား အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား အစာကျွေးခြင်းနှင့်ပတ်သက်သည့် ပညာပေးမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သော်လည်း အချို့နေရာဒေသများမှာ နယ်မြေဝေးကွာခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းတို့ကြောင့် အသိပညာပေးမှုများ ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

**နေစု (ချင်းရိုးမ)**

## မြင်းခြံမြို့၌ ကျောင်းသားကျောင်းသူများအား မျက်စိရောဂါ စစ်ဆေးကုသပေး

**မြင်းခြံ စက်တင်ဘာ ၅**

ပူပြင်းခြောက်သွေ့သော ဒေသတစ်ခုဖြစ်သည့် မြင်းခြံမြို့တွင် ဖြစ်ပွားလေ့ရှိသော အပူနာရောဂါများထဲမှ တစ်ခုဖြစ်သည့် မျက်စိရောဂါအတွက် ကျောင်းသား ကျောင်းသူများအား စစ်ဆေးကုသပေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက အခြေခံပညာကျောင်းများသို့ ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၄ ရက်က အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့နယ် ကျန်းမာရေးဦးစီးဌာန မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းမှ ဆရာဝန်အဖွဲ့က အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ မူလတန်း ကျောင်းသား ကျောင်းသူများအား မျက်စိနှင့်ပတ်သက်သော သိကောင်းစရာများနှင့် မျက်စိကျန်းမာရေးအတွက် ဆောင်ရန်၊ရှောင်ရန်များကို ပညာပေးဟောပြောပြီးနောက် မျက်စိရောဂါများ ဖြစ်ပွားမှုရှိ၊ မရှိ လက်တွေ့စမ်းသပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်း ကျောင်းသားကျောင်းသူ ၃၅၆ ဦးအား စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



# ကော့သောင်းမြို့၌ မုန်တိုင်းကျရောက်စဉ် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**ကော့သောင်း စက်တင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်း သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် မြေပြင်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်မှုများကို ကော့သောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ဦးစီး၍ ကော့သောင်းမြို့ ဆယ်မိုင်ကျေးရွာအုပ်စု တာညံ့ပါဒ ကျေးရွာ၌ စက်တင်ဘာ ၄ ရက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ရာတွင် ကော့သောင်းခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးစိုးလင်းနှင့် ဝန်ထမ်းများကဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ကာ ရှာဖွေ ကယ်ဆယ်ရေးယာဉ်နှင့် လူနာတင်ယာဉ်များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ကျေးရွာနေပြည်သူများနှင့်အတူ သရုပ်ပြလေ့ကျင့်ခဲ့သည်။



သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် မုန်တိုင်းဘေးဖြစ်ပေါ်လာပါက သတင်းအချက်အလက်များ ရယူပေးပို့ခြင်း၊ ပျက်စီးပြိုကျနေသည့် နေအိမ်အဆောက်အအုံအတွင်း ပိမိနေသူများအား အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရာသို့ လျင်မြန်စွာ ရွှေ့ပြောင်းခြင်း၊ သစ်ပင်ကို ချိန်းဆောဖြင့်ဖြတ်တောက်၍ သစ်ပင်ပိလူနာအား ကယ်ဆယ်ခြင်း၊ ရှေးဦးပြုစုခြင်းနှင့် ဆေးရုံသို့ပို့ဆောင်ခြင်းစသည့် မြေပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအဆင့်ဆင့်ကို သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ဖျာပုံမြို့ပြည်သူ့ဆေးရုံကြီးသို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ADSL အင်တာနက်လိုင်းနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

**ဖျာပုံ စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ပြည်သူ့ဆေးရုံကြီးတွင် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ADSL အင်တာနက်လိုင်းနှင့် ဆက်စပ်ပစ္စည်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက စက်တင်ဘာ ၁ ရက်မှ ၃ ရက်အတွင်း လာရောက်တပ်ဆင်လှူဒါန်းပေးခဲ့ပြီး စက်တင်ဘာ ၄ ရက် နံနက်ပိုင်းမှစ၍ အင်တာနက်လိုင်းကို အဆင်ပြေချောမွေ့စွာရရှိကာ ဆေးရုံအုပ်ကြီးနှင့်တကွ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် စတင်သုံးစွဲနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ADSL အင်တာနက်လိုင်းမှာ 3M အမျိုးအစားဖြစ်ပြီး ADSL Modem, Router နှင့် UPS များ အပါအဝင် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းတပ်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလှူဒါန်းထားသော ADSL အင်တာနက်လိုင်းကို ၂ နှစ် အခမဲ့ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဖျာပုံခရိုင်တာဝန်ခံအင်ဂျင်နီယာ ဦးဗညားဝင်းထံမှ သိရသည်။

ယခုကဲ့သို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ADSL အင်တာနက်လိုင်း ပေးအပ်လှူဒါန်းခြင်းကြောင့် ပြည်သူ့ဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အင်တာနက်လိုင်းကို ချိတ်ဆက်အသုံးပြုပြီး ကျန်းမာရေးနှင့်ပတ်သက်သော ဗဟုသုတများကိုလေ့လာခြင်း၊ ခေတ်မီဆေးဝါးများအကြောင်း သင်ယူလေ့လာခြင်း၊ ပြန်လည်ဆွေးနွေးခြင်းများ ပြုလုပ်နိုင်ခြင်းဖြင့် ကျန်းမာရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး ပြည်သူများအတွက် လိုအပ်သောဆေးဝါးကုသမှုများကို ပိုမိုထိရောက်စွာ လုပ်ဆောင်ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (ဖျာပုံ)**

# ညောင်လေးပင်မြို့နယ်၌ တောင်သူများအား တမန်းလှေများ အရစ်ကျရောင်းချပေး

**ညောင်လေးပင် စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေကြီးခြင်းနှင့် ချောင်းရေလျှံမှုများကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ခင်းများကို အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများထံသို့ တမန်းလှေများကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။



ညောင်လေးပင်မြို့ အမှတ်(၁၂) စက်မှုလယ်ယာစခန်း၌ စက်တင်ဘာ ၄ ရက်က တမန်းလှေများ ရောင်းချပေးခဲ့ရာတွင် လှေတစ်စီးလျှင် ငွေကျပ် ၅၂၀၀၀၀ ဖြင့် ရောင်းချပြီး ကနဦးအရစ်အနေဖြင့် ငွေကျပ် ၁၇၅၀၀၀ သာ ပေးသွင်းရကြောင်း၊ ကျန်ငွေကို နှစ်နှစ်အတွင်း သုံးရစ် ဆပ်ဖြင့် ပေးသွင်းရမည်ဖြစ်ကြောင်း၊ တမန်းလှေ ၁၁ စီးကို ကျေးရွာအုပ်စု လေးအုပ်စုမှ တောင်သူ ၁၁ ဦးထံ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ်အတွင်း ပျက်စီးခဲ့သည့်မိုးစပါး စိုက်လယ်မြေများတွင် အချိန်မီ ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် တောင်သူပိုင် စက်ကိရိယာများနှင့် စက်မှုလယ်ယာဦးစီးဌာနပိုင် စက်ကြီးများဖြင့် ထွန်ယက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ယခု တမန်းလှေများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းမှာ ထွန်စက်ကြီးများ မဝင်ရောက်နိုင်သည့်နေရာများအတွက် ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ခင်ဦးမြို့နယ်၌ HIV လူနာများအတွက် ဆင့်ပွား ART ဆေးကုဌာနဖွင့်လှစ်

**ခင်ဦး စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် HIV လူနာများအတွက် ART ဆေး ဆင့်ပွားကုဌာနဖွင့်လှစ်ခြင်းနှင့် အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်ဌေးသန်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းယုကို၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ ဒေါက်တာဝင်းထွန်းဇော်၊ ART ဆေးကုသမှုဌာနမှ ဒေါက်တာစိုးမိုးနိုင်နှင့် ဖိတ်ကြားထားသော ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြပြီး ဆင့်ပွားကုဌာနဖွင့်ခြင်းကြောင့် HIV လူနာများအနေဖြင့် ART ဆေးဝါးများကို မိမိမြို့နယ်ရှိဆေးရုံတွင် အလွယ်တကူရရှိနိုင်မည်ဖြစ်ကြောင်းနှင့် HIV ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်အခြေအနေများ၊ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ART ဆေး စတင်ကုသနိုင်သည့်ဌာန ၁၂ ခုနှင့် ART ဆေး ဆင့်ပွားကုဌာန ၁၄ ခုရှိကြောင်း၊ ယခင်က ခင်ဦးမြို့နယ်မှ HIV လူနာများမှာ ခရိုင်သို့သွားရောက်ပြီး ARTဆေးများ သွားရောက်ထုတ်ယူရကြောင်း၊ ယခု ဆင့်ပွားကုဌာနဖွင့်လှစ်ခြင်းကြောင့် ART ဆေးသောက်သုံးနေရသော HIV ပိုးရှိလူနာများ၊ ကိုယ်ဝန်ဆောင်သည်များ၊ တီဘီလူနာများအနေဖြင့် မိမိတို့မြို့တွင် အလွယ်တကူ ရရှိပြီဖြစ်ကြောင်း၊ ဆင့်ပွားကုဌာနတွင် လူနာများအတွက် သွေးစစ်ပေးပြီး ART ဆေးများ အခမဲ့ပေးမည်ဖြစ်ကြောင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

# ပြည်သူများသိထားသင့်သော လျှပ်စစ်မီတာ လေးမျိုးအကြောင်း

ထွန်းလင်း (ရွှေဒုံသား)

၂၀၁၈ ခုနှစ် မတ်လ ၁၄ ရက်နေ့က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရုံးအစည်းအဝေးခန်းမတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မြန်မာနိုင်ငံတွင်လျှပ်စစ်ဓာတ်အားအသုံးပြုနေသော ပြည်သူများသို့ မီတာများ ဖြန့်ဝေပေးရာတွင် မီတာစနစ်လေးမျိုးဖြင့် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးပြောကြားသကဲ့သို့ပင် ဧပြီလမှစ၍ လျှပ်စစ် မီတာလေးမျိုးအား မြန်မာနိုင်ငံအနှံ့အပြားရှိ မီးသုံးစွဲသူများကို ဖြန့်ဝေပေးလျက် ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ယခုလက်ရှိတွင် လျှပ်စစ်မီးသုံးစွဲသူမှာ နိုင်ငံ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းခန့်သာ သုံးစွဲနိုင်မှုရှိပြီး မီးသုံးစွဲရန်ကျန်ရှိသူ ၆၀ ရာခိုင်နှုန်းခန့် ရှိနေသေးသည်။ ယခုလက်ရှိ လျှပ်စစ်ဓာတ်အားအသုံးပြုမှုမှာ ၃၃၀၀ မီဂါဝပ်ခန့်သာ ရှိနေပြီး နောက်သုံးနှစ်အတွင်း နောက်ထပ် ၃၀၀၀ မီဂါဝပ်ခန့် ထပ်မံထုတ်ယူ၍ ပြည်သူများထံသို့ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနိုင်ရန် စီစဉ်ထားကြောင်းလည်း ထိုသတင်းစာရှင်းလင်းပွဲတွင်ပင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြည်သူများသို့ ပြောကြားသည်ကို ဝမ်းမြောက်ဝမ်းသာစွာ ကြားသိခဲ့ရပါသည်။

> **“ယခု 4 Meter System အရ အသစ်တပ်ဆင်မည့်မီတာများသည် တရားမဝင်ဓာတ်အား ခိုးယူသုံးစွဲမှုများကို မှတ်သားသိရှိကာကွယ်နိုင်သည့် စနစ်များပါရှိလာပြီး အမှားအယွင်းမရှိ သေချာစွာတပ်ဆင်ရန် လိုအပ် ပါသဖြင့် အိမ်တွင်းဝိုင်ယာသွယ်တန်းမှုစနစ်များကို EI လက်မှတ်ရရှိသူ ပြင်ပလျှပ်စစ်ကျွမ်းကျင်လုပ်သား များနှင့်သာ စနစ်တကျလုပ်ဆောင်ရန် လိုအပ်ခြင်း၊ အိမ်တွင်းဝိုင်ယာသွယ်တန်းမှုနှင့် မြေဓာတ်ချမှုစနစ်များ မှန်ကန်မှုမရှိပါက အအေးကြိုး (Neutral Wire) အား မြေဓာတ်ချ၍ မီတာယူနစ် အတက်နှေးစေရန် ပြုလုပ်နေသည်ဟု မီတာမှ မှတ်ယူ၍ အချက်ပေးပြသမည်ဖြစ်၍ နည်းစနစ်မှန်ကန်စွာ တပ်ဆင်သုံးစွဲရန် လိုအပ်မည်ဖြစ်”**

### မီတာလေးမျိုးစနစ်

များမကြာမီကာလတွင် NEP စီမံကိန်း (နိုင်ငံအဝန်း ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်းများတွင် အသုံးပြုရန်) အတွက် ကမ္ဘာ့ဘဏ်က ထောက်ပံ့ထားသည့် အမေရိကန်ဒေါ်လာ သန်း ၃၁၀ ထဲမှ ငွေများဖြင့် ပြည်သူများသို့ မီးလင်းရေးများ ဆောင်ရွက်သည့်အခါ 4 Meter စနစ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သိရသည်။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် တိုင်းပြည်ကို လျှပ်စစ်ဖူလုံစွာပေးမည်ဖြစ်ပြီး ဆင်းရဲသည့် တိုင်းပြည်မှ အလယ်အလတ်ဖွံ့ဖြိုးတိုးတက်သည့် တိုင်းပြည်အဆင့်သို့ ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းဖြင့် မြန်မာနိုင်ငံကို အမှန်တကယ် ဖွံ့ဖြိုးတိုးတက်သည့် တိုင်းပြည်ဖြစ်အောင်ဆောင်ရွက်မည်ဖြစ်သည့်အတွက် အနာဂတ်ကာလတွင် လျှပ်စစ်ကို Export Item တစ်ခုအထိ ဖြစ်အောင် ရေရှည်စဉ်းစားရန် လိုကြောင်းကိုလည်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ထိုသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့လေသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက “ ကျွန်တော်တို့အစိုးရအနေနဲ့ အရင်အတိုင်းသွားကွာဆိုပြီး ဒီလောက်ဈေးကြီးတဲ့ မီတာကြီးနဲ့ လွှတ်ပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် 4 Meter စနစ်ကိုလုပ်တဲ့ ရည်ရွယ်ချက်က ပထမဦးဆုံးမီးစသုံးတဲ့သူတွေက မီတာတွေပေါ်မှာ ဈေးနှုန်းသင့်တင့်လျောက်ပတ်ပြီးတော့ သူတို့လိုအပ်တဲ့ မီတာအမျိုးအစားကို ရွေးချယ်အသုံးပြုနိုင်မှာဖြစ်တယ်။ ဒီနေ့ခေတ်မှာ ဘယ်သူမှ ဒါပဲလုပ်ရမယ်လို့ ပြောလို့ရတဲ့ခေတ် မဟုတ်ပါဘူး။ သူတို့စိတ်ကြိုက်ပါ။ သူတို့က ဟိုမီတာကြီးသုံးချင်တယ်ဆိုရင်လည်း တပ်ဆင်ပေးပါ့မယ်။ ဒီမီတာကြီး သုံးချင်တယ်ဆိုရင်လည်း တပ်ဆင်ပေးမှာပါ။ အရင်တုန်းက ပြည်သူမှာ ဘာရွေးချယ်ခွင့်မှ မရှိဘူး။ ခင်ဗျားတို့ မီတာသွားလျှောက်တုန်းက ဘာရွေးချယ်ခွင့်မှ မရှိခဲ့ဘူး။ အခုအခါ ခင်ဗျားတို့ ရွေးချယ်ပိုင်ခွင့်ရှိတယ်။ အဲဒီမီတာလေးမျိုးထဲက ဒီမီတာလေးပဲ သုံးချင်ပါတယ်ဆိုပြီး ရွေးချယ်ပိုင်ခွင့်ရှိတယ်။ ဒါကြောင့် ဧပြီလ ၁ ရက်နေ့ကစပြီး မီတာလေးမျိုးစနစ်ကို စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ် ” ဟု ၎င်းကပြောကြားခဲ့သည်။

ထိုကဲ့သို့ ပြောကြားခဲ့သည့်အတိုင်းပင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကော်ပိုရေးရှင်းများအတွက် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရန်ပုံငွေ၊ ပြည်ပချေးငွေ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်းများတွင်လည်း ၂၀၁၈ ခုနှစ် ဧပြီလမှစ၍ မီတာလေးမျိုးစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်လျက်ရှိပြီး နောက်ထပ်လုပ်ဆောင်လာမည့် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကိုလည်း ထိုမီတာလေးမျိုးစနစ်ဖြင့်သာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းကို လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး၏ ပြောကြားချက်အရ လေ့လာမှတ်သား သိရှိခဲ့ရပါသည်။

### အလိုအလျောက် မီတာဖတ်ခြင်းစနစ်ကို အသုံးပြု

ယခင်က ကုန်ပစ္စည်းအမှတ်တံဆိပ်တစ်မျိုးတည်းကိုသာ အဓိကထားသုံးစွဲခဲ့ရာမှ နိုင်ငံတော်၏ လက်ရှိမူဝါဒဖြစ်သော Competitive Tender စနစ်ဖြင့် ပြည်သူများ ဈေးနှုန်းသက်သက်သာသာနှင့် ကိုယ်ကြိုက်နှစ်သက်သည့် မီတာအမျိုးအစားအား ရွေးချယ်တပ်ဆင်နိုင်စေရန်အတွက်လည်းကောင်း၊ လက်ရှိနိုင်ငံတကာတွင်သုံးစွဲလျက်ရှိသော နည်းပညာအရည်အသွေးကောင်းမွန်၍ အာမခံချက်များပါရှိပြီး အလိုအလျောက် မီတာဖတ်ခြင်းစနစ်ကိုအသုံးပြု၍ သတင်းအချက်အလက်နည်းပညာ (IT) နည်းလမ်းများဖြင့် မီတာခပေးဆောင်စေနိုင်သောစနစ်သို့ အဆင့်မြှင့်တင်ဝင်ရောက်နိုင်ရန်လည်းကောင်း ရည်ရွယ်ပြီး မီတာလေးမျိုးစနစ်ကို စတင်မူဝါဒချမှတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

မီတာလေးမျိုးစနစ်ဆိုသည်မှာ ကျေးလက်သုံး 1Ø 2 W 5/30 A အမျိုးအစား၊ မြို့ငယ်သုံး 1Ø 2W 5/30 A အမျိုးအစား၊ မြို့ကြီးသုံး 1 Ø 2 W 10/60 A အမျိုးအစားနှင့် 3 Ø 4 W ပါဝါမီတာ 10(30) A, 10(60) A, 10(80) A အမျိုးအစားတို့ဖြစ်ကြောင်း သိရှိရပါသည်။ မီတာလေးမျိုးစနစ်အား ပြောင်းလဲပြင်ဆင်လိုက်ရသည့် ရည်ရွယ်ချက်မှာ-

(၁) လျှပ်စစ်မီးမရရှိသေးသည့် ကျေးလက်နေပြည်သူများအတွက် ဈေးနှုန်းသက်သာစွာဖြင့် ဓာတ်အား ချိတ်ဆက်သုံးစွဲနိုင်ရန်။

(၂) 4 Meter System ဟူ၍ ခွဲခြားသတ်မှတ်လိုက်ခြင်းဖြင့် နှစ်သက်သင့်လျော်ရာကို ရွေးချယ်အသုံးပြုနိုင်ကာ Customer Choice ရရှိလာစေရန်။

(၃) တရားမဝင်ဓာတ်အားသုံးစွဲမှုများကို မှတ်သားသိရှိနိုင်ပြီး ဓာတ်အားပျောက်ဆုံးမှု ( Non Technical Lossess) များ လျှော့ချနိုင်ရန်။

(၄) တရားမဝင် ဓာတ်အားခိုးယူသုံးစွဲမှုများကို အထောက်အထားခိုင်မာစွာဖြင့် ဖော်ထုတ်အရေးယူနိုင်ရန်။

(၅) နည်းပညာအရည်အသွေးကောင်းမွန်ကာ အာမခံချက်ပါရှိပြီး သတ်မှတ်သက်တမ်းပြည့်အသုံးပြုနိုင်သော မီတာများကို အသုံးပြုနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါကြောင်း သိရှိရပါသည်။

4 Meter System အား သုံးစွဲလိုက်ခြင်းအားဖြင့် ရရှိသော အကျိုးကျေးဇူးများမှာ မီတာတန်ဖိုးထက်ဝက်ခန့်သက်သာခြင်း၊ မီတာတွင် Meter Box များ တပ်ဆင်ရန်မလိုဘဲ မီတာတစ်ခုတည်း တပ်ဆင်ထားရုံမျှဖြင့် မိုးဒဏ်၊ ရေဒဏ်၊ ဖုန်မှုန့်၊ သဲမှုန့်များ ဒဏ်ခံနိုင်ခြင်း၊ သတ်မှတ်ဝန်အား၏ ၁၁၀ ရာခိုင်နှုန်းအထိ အသုံးပြုနိုင်ပြီး မြို့ကြီးသုံးတွင်မူ ယခင် 30A ထက်ဝန်အား နှစ်ဆအထိ ပိုမိုသုံးစွဲနိုင်ခြင်း၊ လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲခြင်းမှ သိရှိကာကွယ်နိုင်ခြင်း၊ လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်မှုကို သိသာစွာ သိရှိသဖြင့် ကာကွယ်ပြင်ဆင်နိုင်ခြင်း၊ ကျေးလက်သုံးမီတာအား မျက်မြင်ဖတ်ရှုမှုစနစ်ဖြင့် အသုံးပြုရသော်လည်း မြို့ငယ်သုံး၊ မြို့ကြီးသုံးနှင့် ပါဝါမီတာတို့အား ရေဒီယိုလှိုင်းသုံးလက်ကိုင်ကိရိယာဖြင့် ရပ်ကွက်ထိပ်၊ လမ်းထိပ်များမှနေ၍ မီတာယူနစ်အချက်အလက်များကို သတ်မှတ်အဝေးမှ ဖတ်ရှုနိုင်သည့်အပြင် အလိုအလျောက် မီတာဖတ်ရှုမှုစနစ် (AMR) သို့ စနစ်မြှင့်တင်နိုင်သည့် အခြေခံ အစိတ်အပိုင်းများ ပါဝင်ကြောင်းတို့ကိုလည်း လေ့လာသိရှိရပါသည်။

ထို့အပြင် 3 Ø 4 W ပါဝါမီတာများတွင် Time Of Use (TOU) စနစ်ပါရှိသည့်အတွက် မီးသုံးစွဲမှုကို အချိန်ပိုင်းအလိုက် ယူနစ်ခွဲခြားမှတ်သားထားနိုင်ပြီး မီးသုံးစွဲမှုကို နေ့အချိန်/ညအချိန်၊ အများဆုံး/အနည်းဆုံး သုံးစွဲသော ဓာတ်အားယူနစ်များကို အချိန်အပိုင်းအခြားအလိုက် ဓာတ်အားခွဲခြားသိရှိနိုင်သည့်အတွက် အချိန်အလိုက် ပြောင်းလဲသော ဓာတ်အားခအလွှာနှုန်းထား (Time Tariff) စနစ်ကို ကျင့်သုံးမည်ဆိုပါက အရန်သင့်သုံးစွဲနိုင်သည့်စနစ်လည်းပါရှိကြောင်း လေ့လာသိရှိရပါသည်။

### လျှပ်စစ်မီတာလေးမျိုး၏ အားသာချက်

မီတာလေးမျိုးစနစ်အား သုံးစွဲရာတွင် စိန်ခေါ်မှုများအနေဖြင့် ယခင်မီတာစနစ်အဟောင်း၏ အားနည်းချက်များကို အခွင့်ကောင်းယူ၍ တရားမဝင်ဓာတ်အားသုံးစွဲမှုများတွင် ပါဝင်ပတ်သက်ခဲ့ကြသော တရားမဝင်ဓာတ်အားသုံးစွဲသူများနှင့် အကျင့်ပျက်ဝန်ထမ်းအချို့က ၎င်းတို့၏ အကျိုးစီးပွားမရှိနိုင်တော့သဖြင့် မဟုတ်မမှန်သတင်းများ ထုတ်လွှင့်ကာ ပြောင်းလဲကျင့်သုံးလိုက်သည့် စနစ်သစ်အပေါ်တွင် အတိုက်အခံပြုမှု (Resist to Change) လုပ်ဆောင်လာနိုင်ခြင်း၊ ယခု 4 Meter System အရ အသစ်တပ်ဆင်မည့်မီတာများသည် တရားမဝင်ဓာတ်အား ခိုးယူသုံးစွဲမှုများကို မှတ်သားသိရှိကာကွယ်နိုင်သည့် စနစ်များပါရှိလာပြီး အမှားအယွင်းမရှိ သေချာစွာတပ်ဆင်ရန် လိုအပ်ပါသဖြင့် အိမ်တွင်းဝိုင်ယာသွယ်တန်းမှုစနစ်များကို EI လက်မှတ်ရရှိသူ ပြင်ပလျှပ်စစ်ကျွမ်းကျင်လုပ်သားများနှင့်သာ စနစ်တကျ လုပ်ဆောင်ရန် လိုအပ်ခြင်း၊ အိမ်တွင်းဝိုင်ယာသွယ်တန်းမှုနှင့် မြေဓာတ်ချမှုစနစ်များ မှန်ကန်မှုမရှိပါက အအေးကြိုး (Neutral Wire)အား မြေဓာတ်ချ၍ မီတာယူနစ် အတက်နှေးစေရန် ပြုလုပ်နေသည်ဟု မီတာမှ မှတ်ယူ၍ အချက်ပေးပြသမည်ဖြစ်၍ နည်းစနစ်မှန်ကန်စွာ တပ်ဆင်သုံးစွဲရန် လိုအပ်မည်ဖြစ်ခြင်း၊ တရားမဝင် ဓာတ်အားသုံးစွဲမှုများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များအား အသိပညာပေး ရှင်းလင်းပြောဆိုခြင်းများကို အောက်ခြေအဆင့် ခရိုင်/မြို့နယ်များတွင် မီးသုံးစွဲသူ ပြည်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး၍ လက်တွေ့သရုပ်ပြရှင်းလင်းပြသရန် လိုအပ်ခြင်းတို့ကို တွေ့ရှိရပါသည်။

4 Meter System တွင် တရားမဝင် ဓာတ်အားသုံးစွဲမည်ဆိုပါက သတိပေးမည့် အချက်အလက်များ Error Code (Tampering Case) များလည်း ဖြစ်ပေါ်လာနိုင်ပါ သည်။ တရားမဝင်ဓာတ်အားသုံးစွဲမည်ဆိုပါက မီတာ၏ Alarm LED သည် မှိတ်တုတ် မှိတ်တုတ် အလင်းရောင်ပြမည်ဖြစ်ပြီး LCD Display ပေါ်တွင်လည်း မီးသုံးသူပြုလုပ်သည့် သက်ဆိုင်ရာ Error Code များ ပြသမည်ဖြစ်ပါ သည်။ တပ်ဆင်မှုကြောင့် Error မဖြစ်ပေါ်စေရန် မီတာမတပ်ဆင်မီ အိမ်တွင်း ဝိုင်ယာကြိုးစနစ်၏ Phase နှင့် Earth ကြိုးကိုလည်းကောင်း၊ Neutral ကြိုးနှင့် Earth ကြိုးကိုလည်းကောင်း Insulation Tester (250) V ဖြင့် စမ်းသပ်ပြီး ရလဒ်သည် 0.25 M Ω နှင့် အထက်ဖြစ်မှသာ မီတာကို တပ်ဆင်ပေးရမည်ဖြစ် ကြောင်း အထူးအရေးကြီးသည့် အချက်ကို မှတ်သားသိရှိရပါသည်။

သက်ဆိုင်ရာ Error နံပါတ်များအား အများပြည်သူသိရှိနိုင်စေရန် အောက်တွင် ရှင်းလင်းဖော်ပြထားပါသည်-

(၁) **Error 1= မီတာအား By Pass ပြုလုပ်ခြင်း**




**ဖြစ်ရသည့်အကြောင်းရင်း**

(က) အဝင် Phase ကြိုးနှင့် အထွက် Phase ကြိုး အဆက်အသွယ်ရှိနေခြင်း။

( ခ ) အဝင်Neutral ကြိုးနှင့်အထွက် Neutral ကြိုးအဆက်အသွယ်ရှိနေခြင်း။

( ဂ ) (က) နှင့် (ခ) တစ်ပြိုင်တည်း ဆောင်ရွက်ထားခြင်း။

(ဃ) ရည်ရွယ်ချက်မပါသော်လည်း အိမ်ရာအဆောက်အအုံများတွင် Neutral များ ပေါင်းပြီး အိမ်တွင်းဝိုင်ယာများ သွယ်တန်းဆောင်ရွက်ထားခြင်း။ (ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ထားပါက အရေးယူခြင်း ခံရမည်) ဖြစ်သည်။

(၂) **Error 2 = မီတာအဝင်တွင် Line နှင့် Neutral ကို ပြောင်းပြန်တပ်၍ မီတာအထွက် Neutral Wire အား သုံးစွဲခြင်းမရှိဘဲ မြေဓာတ်ချ၍ သုံးစွဲခြင်း**




**ဖြစ်ရသည့်အကြောင်းရင်း**

(က) အဝင်ကြိုးများကို မှားယွင်းတပ်ဆင်ခြင်း။

( ခ ) အိမ်တွင်း ဝိုင်ယာများတွင် Neutral နှင့် Earth ပေါင်းထားခြင်း။

(၃) **Error 3 = Missing Potential (မီတာ အဝင်ဘက်ရှိ Neutral ကြိုးကိုဖြတ်၍ မီတာအထွက်ဘက်တွင် Neutral Wire အား သုံးစွဲခြင်းမရှိဘဲ Earth Wire ပြုလုပ်သုံးစွဲခြင်း) သို့မဟုတ် Fully Earth to Neutral Wire**




**ဖြစ်ရသည့်အကြောင်းရင်း**

(က) အဝင် Neutral ကြိုး တပ်ဆင်အသုံးပြုမှုမရှိခြင်း။

( ခ ) အိမ်တွင်းဝိုင်ယာများတွင် Neutral ကြိုးသည် မြေဓာတ် ကျ/ ချ နေခြင်း။ (ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ထားပါက အရေးယူခြင်းခံရမည်ဖြစ်သည်။)

(၄) **Error 4 = Partically Earth to Neutral (မီတာအထွက်ဘက်ရှိ ဝန်အား တစ်စိတ်တစ်ပိုင်းကို Earth Wire ဖြင့် သုံးစွဲခြင်း**




**ဖြစ်ရသည့်အကြောင်းရင်း**

မီတာအထွက်ဘက်ရှိ ဝန်အား တစ်စိတ်တစ်ပိုင်းကို မြေဓာတ်ချ ၍သုံးစွဲခြင်း။

**အလားတူအကြောင်းရင်း**

(က) အိမ်တွင်းသုံးလျှပ်စစ်ပစ္စည်းများ မြေဓာတ်ကျနေခြင်း။

( ခ ) ဝိုင်ယာကြိုးများ၏ လျှပ်ကာတန်ဖိုးကျဆင်းခြင်း။

( ဂ ) အရည်အသွေးနိမ့်သော မီးခလုတ်များနှင့် လျှပ်စစ်ပစ္စည်းများ သုံးစွဲထားခြင်း။

(၅) **Error 5 = မီတာ Terminal Cover** ပွင့်နေခြင်း

(က) မီတာတပ်ဆင်ပြီးရန် သတ်မှတ်ပေးထားသော အချိန်အတွင်း မပြီးစီးဘဲ ကာဗာအဖုံးပြန်လည်မတပ်ဆင်မိခြင်း။

( ခ ) ဓာတ်အားသုံးစွဲသူမှ အကြောင်းတစ်ခုခုဖြင့် ကာဗာအဖုံးကို ဖွင့်ခြင်း။

*စာမျက်နှာ - ၂၁ သို့*

# ဗန်းမောက်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်း၍ တံတားနှစ်စင်းမျောပါ

ဗန်းမောက် စက်တင်ဘာ ၅

ဗန်းမောက်မြို့နယ်တွင် ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းသဖြင့် တံတားနှစ်စင်းမျောပါပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

တောင်ကျရေ စီးဆင်းမှုကြောင့် ဗန်းမောက်မြို့နယ် နောင်ပတ်ကျေးရွာအုပ်စု နောင်ပတ်ကျေးရွာအနီး နမ်းခမ်းချောင်းကူး သစ်သားတံတားမှာ ရေစီးနှင့်အတူ မျောပါသွားခဲ့ပြီး နောင်ပတ်အလကကျောင်းရှိ အုတ်တံတိုင်း ၁၁ ခန်းမှာ မြေပြိုပျက်စီးခြင်း၊ ဟဲချိန်ကျေးရွာအုပ်စု ဟဲချိန်သရက်ကုန်းကလပ်ချောင်းကူးသစ်သားတံတားမှာလည်း ရေစီးနှင့် မျောပါသွားခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း ဒေသခံများထံမှ သိရသည်။



"ဗန်းမောက်မြို့နယ် နမ်းမားချောင်းရေကြီးမှု အခြေအနေကတော့ ဒီနှစ်အတွက်တော့ အမြင့်ဆုံးစံချိန်ပါပဲ။ ရေစီးကြမ်းပြီး ကမ်းပါးရေတိုက်စားတာကြောင့် ရေနောက်တွေနဲ့ ရေစီးကြမ်းမှုက အလွန်ကြောက်စရာကောင်းလောက်အောင် မြင်တွေ့ရပြီး ရေကျဆင်းသွားတာလည်း မြန်လို့တော်သေးတယ်"ဟု မံအင်းကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

**ငွေအိုး (ကသာ)**

## ဆေးယဉ်ပါးတီဘီလူနာစောင့်ရှောက်ခြင်းလုပ်ငန်း ဆွေးနွေး

သုံးခွ စက်တင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမဆောင်၌ ယမန်နေ့က မြန်မာနိုင်ငံဆရာဝန်အသင်းတီဘီစီမံချက်ဆေးယဉ်ပါးတီဘီလူနာ စောင့်ရှောက်ခြင်းလုပ်ငန်း ဆွေးနွေးညှိနှိုင်း ဆန်းစစ်ခြင်း ခြောက်လပတ်အစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဦးဇော်ဝင်းသန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဒေါက်တာအေးအေးခိုင်က ဆေးယဉ်ပါးတီဘီလူနာစောင့်ရှောက်ခြင်းလုပ်ငန်းအကြောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ငမြှောင်တောင်ပိုးကြိုတင်ကာကွယ်နှိမ်နင်းရေး အသိပညာပေး

မိုင်းယု စက်တင်ဘာ ၅

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယုမြို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာအဖွဲ့များမှ ကျေးလက်နေတောင်သူများအား ငမြှောင်တောင်ပိုးကြိုတင်ကာကွယ်နှိမ်နင်းရေးအကြောင်းအသိပညာပေး ဆွေးနွေးခြင်းကို ယမန်နေ့က မိုင်းယုမြို့ ဝမ်တာကြန့်ကျေးရွာ တောင်သူများ၏ လယ်မြေများ၌ ကွင်းဆင်းပြသခဲ့သည်။

အဆိုပါ အသိပညာပေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစိုးမင်းဦးကျော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများအဖွဲ့က ငမြှောင်တောင်ပိုး ကာကွယ် နှိမ်နင်းရေးနည်းများ၊ စပါးသီးနှံတွင် ကျရောက်တတ်သောရောဂါနှင့် ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းစနစ်များ၊ ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာ စနစ်တကျကိုင်တွယ်သုံးစွဲနည်းများ အကြောင်းကို အသိပညာပေး ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ကိုကိုနိုင် (ပြန်/ဆက်)**

# မန္တလေးမြို့၌ ကုန်သွယ်မှုအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

မန္တလေး စက်တင်ဘာ ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် စီးပွားကုန်သွယ်မှုနှင့် ဆက်စပ်သည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ ကုန်သွယ်မှုများ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်အသစ်များ၊ ကုန်သွယ်စီးပွားရေးလုပ်ငန်းရှင်အသစ်များကို ပြုစုပျိုးထောင် မွေးထုတ်ရန်၊ ကုန်သွယ်မှုကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ကုန်သွယ်မှု အခြေခံသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိရာ စက်တင်ဘာ ၃ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၅လမ်း ၆၃×၆၄လမ်းကြားရှိ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (မန္တလေး)တွင် ဖွင့်လှစ်ခဲ့သည့် ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၇) သင်တန်းဆင်းပွဲ အခမ်းအနားကို အဆိုပါရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။




ရှေးဦးစွာ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှု ပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်က သင်တန်းဆင်း ဂုဏ်ပြုအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် စာတမ်းအကောင်းဆုံး ဖြေဆိုနိုင်မှု ထူးချွန်ဆုရအဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို ဇွန်၁ ရက်မှ စတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ နံနက် ၉နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ရက်သတ္တ ၁၄ ပတ်ကြာ ဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများ၊ ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ၊ ကုန်ပစ္စည်းအရည်အသွေးဆိုင်ရာ လုပ်ငန်းများ၊ ဉာဏပစ္စည်း မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ၊ လုပ်ငန်းနယ်ပယ်အသီးသီး၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ကုန်ပစ္စည်းအရည်အသွေးပိုင်းဆိုင်ရာ စစ်ဆေးခြင်းလုပ်ငန်းများကို သင်ကြားပို့ချပေးခဲ့ကာ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ပူတာအို၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို အသိပညာပေးဟောပြော

ပူတာအို စက်တင်ဘာ ၅

ကချင်ပြည်နယ် ပူတာအိုမြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ၊ အစိုးရစက်မှုလက်မှု သိပ္ပံ(ပူတာအို)နှင့်အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို)တို့ ပူးပေါင်းမှုဖြင့် စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အကြိုအသိပညာပေးဟောပြောပွဲကို ယမန်နေ့က ပူတာအိုမြို့ဒုတ္တန်ရပ်ကွက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန့်စင်က မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းထားမှုများ ၊ လုပ်ငန်းတာဝန်များ ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသိပညာပေး အမှာစကားပြောကြားပြီး ပူတာအိုမြို့ မြို့မရဲစခန်းမှူး ရဲအုပ် မျိုးမင်းက လူကုန်ကူးမှုအကြောင်းအရာများ၊ လူကုန်ကူးမှုကျူးလွန်လာပါက စစ်ဆေးဆောင်ရွက်မှု၊ ပြစ်မှုပြစ်ဒဏ်များနှင့် လူကုန်ကူးမှုများကို ကာကွယ်ရမည့်နည်းလမ်းများအား အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကျော်မြင့်အောင်က ဆယ်ကျော်သက်အရွယ် ပျိုရွယ်စဉ် မိမိကိုယ်ကို ထိန်းသိမ်းရန်လိုအပ်မှုများ၊ လူကုန်ကူးမှုများတွင် ကျန်းမာရေးရှုထောင့်အနေဖြင့် အသိပညာပေးဟောပြောပြီး ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်သန့်က လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြိုစာစီစာကုံး ၊ ပန်းချီပြိုင်ပွဲ ကျင်းပမည့်အခြေအနေများ ပြောကြားကာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ကျင့်သုံးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ချောင်းဆုံ စက်တင်ဘာ ၅

မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဘုန်းနိုင်၏ ညွှန်ကြားမှုဖြင့် ယမန်နေ့က ရဲအုပ် ရဲလွင်နှင့်အဖွဲ့သည် ကွမ်လှာ၊ ကမာကေး ၊ တော်ပကောက် ၊ သာယာကုန်း၊ ဆယ်ဗလာကျေးရွာများသို့ သွားရောက်ပြီး အိမ်ထောင်စုဝင် ပြည်သူ များနှင့်တွေ့ဆုံကာ မှုခင်းကျဆင်းရေးနှင့် ပြည်သူများက ရဲတပ်ဖွဲ့များအပေါ် ယုံကြည်မှုပိုမိုရှိလာစေရေး၊ ပြည်သူတို့၏ လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ၊ တရားဥပဒေစိုးမိုးရေးနှင့် ရဲလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့အပြင် ပြည်သူဘက်မှလည်း ဥပဒေနှင့် မလွတ်ကင်းသော ဒုစရိုက်မှုများ အမှုမှန်ပေါ်ပေါက်နိုင်ရေးအတွက် ရဲတပ်ဖွဲ့များကို အချိန်မီသတင်းပို့ကူညီဆောင်ရွက်ပေးပါရန် စသည့်အချက်များဖြင့် ကွင်းဆင်းဆွေးနွေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

*စာမျက်နှာ - ၂၀ မှ*

(၆) **Error 6 = မီတာအဝင်အထွက်ကြိုးများ ပြောင်းပြန်ဆက်သွယ်ခြင်း**




**ဖြစ်ရသည့် အကြောင်းရင်း**

ကာဗာအဖုံးတွင် ရိုက်နှိပ်ထားသည့် ဝိုင်ယာကြိုးအဝင်အထွက် Diagram ပုံကို သေချာစွာမကြည့်ဘဲ မီတာတပ်ဆင်ပေးသူသည် အဝင် အထွက်ကြိုးများကို ပြောင်းပြန် တပ်ဆင်ခြင်း။

(မှားယွင်း ဆက်သွယ်ပေးခြင်းဖြစ်သဖြင့် အရေးယူခြင်းခံရပါမည်။)

(၇) **Error7 = Over Load (မီတာသည် သတ်မှတ်ထားသည့် ဝန်အားထက် ပိုမိုသုံးစွဲခြင်း)**

**$(^{1}over = 1.1\times{}^{1}max)$**

**ဖြစ်ရသည့်အကြောင်းရင်း**

အိမ်တွင်းရှိ လျှပ်စစ်ပစ္စည်းများကို တစ်ပြိုင်နက်တည်း စုပြုံသုံးစွဲရာတွင် သတ်မှတ်ဝန်အားထက် ကျော်လွန်သုံးစွဲမိခြင်း။

မီတာ(၄)မျိုး System တွင် မီတာ Error နှင့် ဆိုင်သော ကိစ္စရပ်တစ်ခုခုဖြစ်ပေါ်လာပါက ဖြစ်ပေါ်လာသော ကိစ္စရပ်သည် လူတစ်ဦးတစ်ယောက်၏ ရည်ရွယ်ချက်ပယောဂကြောင့် ဖြစ်ပေါ်လာသည်ဆိုပါက လျှပ်စစ်ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်းကိုလည်း လေ့လာသိရှိခဲ့ရပါသည်။

ထို့အပြင် အိမ်တွင် Wiring များ ပေါက်ပြဲ၍ အခြားအရာဝတ္ထုများသို့ စီးဆင်းနေခြင်း၊ ပြုတ်ကျ၍ အခြားအရာဝတ္ထုများသို့ ထိနေခြင်း အစရှိသည့်အသက်အန္တရာယ်ဖြစ်စေနိုင်သော အဖြစ်အပျက်များ ဖြစ်ပေါ်ပါကလည်း မီတာမှ သတိပေးမည့် အချက်အလက်များ ပြမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် တစ်စုံတစ်ခုအထိ အကာအကွယ်ပေးသည့် အချက်အလက်များ ပြမည်ဖြစ်ပါကြောင်း လည်း သိရှိရပါသည်။

ယခင်အသုံးပြုခဲ့သည့် Digital Meter ၊ယခုအသုံးပြုမည့် 4 Meter System အတွက် အိမ်သုံးမီတာသတ်မှတ်ကြေး နှိုင်းယှဉ်ချက်ဇယားအား ဖော်ပြပေးလိုက်ပါသည်။

| စဉ် | | အကြောင်းအရာ | ယခင် Digital Meter ပေးသွင်းရမည့် နှုန်းထား(ကျပ်) | ယခုကောက်ခံရမည့်နှုန်းထား(ကျပ်) ကျေးလက်ဒေသ သုံး(၅/၃၀) (Manual) | မြို့ငယ်သုံး (၅/၃၀) (HHU) | မြို့ကြီးသုံး (၁၀/၆၀) (HHU) |
|---|---|---|---|---|---|---|
| ၁ | | အိမ်သုံးမီတာသတ်မှတ်ကြေး | ၆၅၀၀၀ | ၃၅၀၀၀ | ၆၅၀၀၀ | ၈၀၀၀၀ |
| ၂ | | မီတာပုံးခွံ | ၁၅၀၀၀ | - | - | - |
| | | အခြားကုန်ကျစရိတ် | | | | |
| | က | အာမခံစပေါ်ငွေ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| | ခ | ကြိုးသွယ်ခ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| | ဂ | မီးဆက်ခ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| | ဃ | ကြီးကြပ်ခ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| | င | မီတာလျှောက်လွှာမှတ်ပုံတင်ကြေး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| | | **စုစုပေါင်း** | **၉၀၀၀၀** | **၄၅၀၀၀** | **၇၅၀၀၀** | **၉၀၀၀၀** |

ပါဝါမီတာများတွင်လည်း 4 Meter စနစ်အရ ယခုတပ်ဆင်အသုံးပြုမည့် ပါဝါမီတာများသည် တရားမဝင် ဓာတ်အားသုံးစွဲမှုများကို မှတ်သားသိရှိနိုင်ခြင်း၊ Meter Box တပ်ဆင်ရန် မလိုအပ်သဖြင့် ဈေးနှုန်းသက်သာခြင်း (၃၄၀၀၀ ကျပ် သက်သာပါသည်။) Ampere Range ပိုကျယ်သဖြင့် မီတာ ယူနစ်ဖတ်ချက် ပိုမိုတိကျခြင်းစသည့် အားသာချက်များ ရရှိနိုင်ကြောင်းကိုလည်း မှတ်သားသိရှိခဲ့ရပါသည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျေးလက်မီတာ၊ မြို့ငယ်သုံးမီတာ၊ မြို့ကြီး သုံးမီတာနှင့် ပါဝါမီတာဟူ၍ လေးမျိုး စနစ်အား ၂၀၁၈ ခုနှစ် ဧပြီလမှစ၍ အလုံအလောက်ဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် ပြည်သူများ ယခင်ထက် ဈေးနှုန်းသက်သာသော မီတာများအား နှစ်သက်ရာရွေးချယ်ကာ စတင်အသုံးပြုနိုင်သဖြင့် ထိုမီတာ လေးမျိုးနှင့် ပတ်သက်သောအကြောင်းအရာအချို့အား ပြည်သူအများ သိရှိနိုင်စေရန်အတွက် လက်လှမ်းမီသလောက် ရေးသားတင်ပြလိုက်ရပါသည်။ ။

## ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲ

ဒွါဒသမအကြိမ်မြောက် ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲကို သထုံမြို့၌ ၁၃၈၀ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၃)ရက်မှ (၅)ရက်အထိ (၂၀၁၉၊ ဇန်နဝါရီလ (၂၃)ရက်မှ (၂၅)ရက်အထိ) (၃)ရက်တိုင်တိုင် ကျင်းပ၍ ပြာသိုလပြည့်ကျော် (၈)ရက်၊ ဇန်နဝါရီလ (၂၈)ရက်နေ့တွင် စာအောင်ဘွဲ့နှင်းသဘင်ကို သထုံမြို့ကျက်သရေဆောင် သုဝဏ္ဏဘူမိသာသနာ့ ဗိမာန်တော်၌ ဆင်ယင်ကျင်းပမည်ဖြစ်ပါသည်။ အောက်ပါသတ်မှတ်ချက်များနှင့်အညီ စာမေးပွဲဝင်ခွင့်လျှောက်လွှာများကို တန်ဆောင်မုန်းလပြည့်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း တင်သွင်းနိုင်ပါသည်။ ယခုနှစ် စာမေးပွဲဝင်ခွင့် လျှောက်လွှာများကို သတ်မှတ်လျှောက်လွှာပုံစံဖြင့် တင်သွင်းရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သတ်မှတ်လျှောက်လွှာပုံစံ မရရှိသေးသူများ အတွင်းအရေးမှူးထံ ဆက်သွယ်၍ တောင်းယူနိုင်ပါသည်။

ပထမဆင့် – ရဟန်း၊ သာမဏေ၊ သီလရှင် မည်သည့်ပုဂ္ဂိုလ်မဆို အသက်ကန့်သတ်ချက်မရှိ ဖြေဆိုခွင့်ရှိပါသည်။

ဒုတိယဆင့် – ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲ ပထမဆင့်အောင်မြင်ပြီးပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိပါသည်။

တတိယဆင့် – ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲ ဒုတိယဆင့်အောင်မြင်ပြီးပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိပါသည်။

■ **ဆက်သွယ်ရန်လိပ်စာ**

အတွင်းရေးမှူး

ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲကျင်းပရေးအဖွဲ့

အမှတ်(၃၄၃)၊ ဘုံကျောင်းလမ်း၊ အောက်ကျင်းရပ်ကွက်၊ သထုံမြို့။

■ **ဆက်သွယ်ရန်ဖုန်း**

၀၅၇–၄၀၁၉၄၊ ၀၅၇–၄၀၁၈၁၊ ၀၉–၉၇၀၄၂၁၂၅၅၊

၀၉–၇၉၂၉၄၅၂၂၄၊ ၀၉–၂၅၈၅၉၆၆၇၃၊ ၀၉–၉၇၃၈၂၉၅၅၂



သတ်မှတ်လျှောက်လွှာပုံစံ (A4)

## တေဇ(၂၆) သူငယ်ချင်းများသို့

တေဇ (၂၆) ကျောင်းဆင်းအရာရှိ မိသားစုများ၏ (၁၉)နှစ်မြောက် နှစ်ပတ်လည်နေ့ ဆွမ်းကပ်လှူဒါန်းပွဲ၊ မြတ်ဆရာပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် မိတ်ဆုံညစာစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းသူငယ်ချင်းများ တက်ရောက်နိုင်ပါရန်–

**ဆွမ်းဆက်ကပ်လှူဒါန်းပွဲ** – ၈–၉–၂၀၁၈ရက် (စနေနေ့) နံနက် ၁၀း၀၀ နာရီ တိပိဋကလင်္ကာရစာချဗိမာန်တော်၊ ပရိယတ္တိလင်္ကာရ ဆင်တဲတိုက်၊ ၆၂ လမ်း၊ ၂၇ လမ်းနှင့် ၂၈လမ်းကြား၊ မန္တလေးမြို့

**မိတ်ဆုံညစာစားပွဲ** – ၈–၉–၂၀၁၈ ရက်(စနေနေ့) ညနေ ၁၈း၀၀ နာရီ Oriental House Restaurant ၆၄ လမ်း၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား၊ မန္တလေးမြို့

**ဆက်သွယ်ရန်** – လင်းအောင်စိုး ဖုန်း–၀၉–၇၉၀၄၄၄၄၂၆၊ ထင်လင်းအောင် ဖုန်း–၀၉–၂၅၄၂၆၃၇၆၁၊ ရန်မျိုးအောင် ဖုန်း–၀၉–၅၆၆၀၂၂၂၊ လှဌေးဦး ဖုန်း–၀၉–၄၂၁၇၂၄၁၈၈

## မိဘအမည်မှန်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ အထက–ကံကြီး တက္ကသိုလ်ဝင်တန်း(A)မှ မစုစုဝင်း၏ မိဘအမည်မှန်မှာ ဦးဟာရီလာလ်–ဒေါ်မာယာ ဖြစ်ပါကြောင်း။

**ဦးဟာရီလာလ်–ဒေါ်မာယာ**

## မိဘအမည်မှန်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ အထက ကံကြီး တက္ကသိုလ်ဝင်တန်း(B)မှ မဝင်းပပကျော်၏ မိဘအမည်မှန်မှာ ဦးခင်မောင်ဌေး–ဒေါ်သီတာမြင့် ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဌေး–ဒေါ်သီတာမြင့်**

## မိဘအမည်မှန်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ အထက–ကံကြီး၊ တက္ကသိုလ်ဝင်တန်း(A)မှ မခိုင်ဇင်သက်၏ မိဘအမည်မှန်မှာ ဦးဇော်လွင်–ဒေါ်မွှေးရီ ဖြစ်ပါကြောင်း။

**ဦးဇော်လွင်–ဒေါ်မွှေးရီ**

## မိဘအမည်မှန်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ အထက–ကံကြီး၊ တက္ကသိုလ်ဝင်တန်း(F)မှ မောင်နာရမ်း၏ မိဘအမည်မှန်မှာ ဦးဒန်းဗဟာဒူး–ဒေါ်ဟေမာကလာ ဖြစ်ပါကြောင်း။

**ဦးဒန်းဗဟာဒူး–ဒေါ်ဟေမာကလာ**

## မိဘအမည်မှန်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ် အထက–ကံကြီး၊ တက္ကသိုလ်ဝင်တန်း(C)မှ မဆုကေခိုင်၏ မိဘအမည်မှန်မှာ ဦးခုတ်ခမ်းဂင်–ဒေါ်ဝင်းရီ ဖြစ်ပါကြောင်း။

**ဦးခုတ်ခမ်းဂင်–ဒေါ်ဝင်းရီ**

## မိဘအမည်မှန်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ အထက–ကံကြီး တက္ကသိုလ်ဝင်တန်း(A)မှ မောင်အောင်မျိုးနိုင်၏ မိဘအမည်မှန်မှာ ဦးစိုးစိုး–ဒေါ်တင်နု ဖြစ်ပါကြောင်း။

**ဦးစိုးစိုး–ဒေါ်တင်နု**

## မိဘအမည်မှန်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ အထက–ကံကြီး၊ တက္ကသိုလ်ဝင်တန်း(B)မှ မခင်မိုးအေးနှင့် မနန်းပွင့်ဖြူတို့၏ မိဘအမည်မှန်မှာ ဦးဝင်းစိုး–ဒေါ်ဖြူဖြူဝင်း ဖြစ်ပါကြောင်း။

**ဦးဝင်းစိုး–ဒေါ်ဖြူဖြူဝင်း**

## မိဘအမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ အထက–ကံကြီး၊ တက္ကသိုလ်ဝင်တန်း(B)မှ မစုပိုပိုအောင်၏မိဘအမည်မှန်မှာ ဦးသန်းဝင်း–ဒေါ်တင်စိန် ဖြစ်ပါကြောင်း။

**ဦးသန်းဝင်း–ဒေါ်တင်စိန်**

## မိဘအမည်မှန်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ အထက–ကံကြီး၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဝေဖြိုး၏ မိဘအမည်မှန်မှာ ဦးခင်မောင်လေး–ဒေါ်တင်ဌေးစီ ဖြစ်ပါကြောင်း။

**ဦးခင်မောင်လေး–ဒေါ်တင်ဌေးစီ**

## မိဘအမည်မှန်

နမ္မတီးမြို့၊ မူလွန်ရွှေဝါကျောင်း ဆဋ္ဌမတန်းမှ မောင်အိုက်ခမ်း၏ မိဘအမည်မှန်မှာ ဦးနေဝင်း ၁/မကတ(နိုင်)၁၁၁၂၃၆ နှင့် ဒေါ်နန်းထွေးယွန့် ၁/မကတ(နိုင်)၁၀၄၂၈၃ တို့ဖြစ်ပါသည်။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ် အထက(ခွဲ) ကြည်ရွာ တက္ကသိုလ်ဝင်တန်းမှ မောင်သက်ဖြိုးအောင်နှင့် နဝမတန်းမှ မဝါဝါရွှေတို့၏ ဖခင်အမည်မှန်မှာ ဦးဘိုးအင် ၅/ဒပယ(နိုင်)၀၂၈၁၂၆ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

နမ္မတီးမြို့၊ မူလွန်ရွှေဝါကျောင်း ဆဋ္ဌမတန်းမှ မရှမ်နွန်၏ မိဘအမည်မှန်မှာ ဦးစိုင်းယီထွန်းအောင် ၁၃/မဆ တ(နိုင်)၀၁၀၁၉၅ နှင့် ဒေါ်မြစိန် ၁/မကတ(နိုင်)၀၀၄၅၉၄ တို့ဖြစ်ပါသည်။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ ဈေးတန်း (၅)ရပ်ကွက်နေ မညိမ်းချမ်းသူ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော် ၅/တမန(နိုင်)၀၅၁၂၈၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နမ္မတီးမြို့၊ မူလွန်ရွှေဝါကျောင်း ဆဋ္ဌမတန်းမှ မနန်းမေသကြိန်၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွန်း ၁/မကတ(နိုင်)၀၇၈၉၂၀ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ် အထက တက္ကသိုလ်ဝင်တန်း(A) မှ မခင်ဖြူဝင်း၏ဖခင် ဦးဝင်းနိုင်နှင့် ဦးဖိုးချို ၅/ဗမန(နိုင်)၀၃၃၆၅၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

